
ဘာသာပြန် – ထွန်းလင်းအောင်
ငါ့မှာအပတ်တိုင်းအလုပ်အသစ်ရှိတယ်
စာစဉ် – ၁၇

**ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်ဘာသာပြန် - ထွန်းလင်းအောင်**

**အခန်း (၂၄၁)**

"အာ.....နင် အဲ့လိုကြီးတော့ မပြောနဲ့လေ ..."

ရှောင်ထျန် ပြောလိုက်ပြီး

"ငါတော့ အဆင်ပြေတယ် ထင်တာပဲ..ဘာပဲပြောပြော နှစ်ပွဲနိုင်တယ်လေ.."

"အဆင်ပြေတယ်...."လင်းရီ ဆွံ့အသွားပြီး "မင်းကြီးတော်ကြီးကို အဆင်ပြေတာလား.."

"အေးပါ ..အေးပါ..ဟုတ်ပါပြီ..ငါ့အမှားပါ နော်..."ရှောင်ထျန် အပြုံးလေးဖြင့် ပြော လိုက်၏။

လင်းရီ သူမကို နောက်တစ်ခါ တွဲခေါ်မဆော့ တော့မှာကို လည်း ပူပန်နေရသည်။

"မင်းဘာမင်း ဆက်ဆော့နေလိုက်တော့..ငါ အတန်းသွားတော့မယ်...

"အွန်း...ငါနင့်ကို နောက်ကျ နေ့လည်စာ ယူခဲ့ပေးမယ်နော်"

လင်းရီ ရုံးခန်းထဲမှ ထွက်လာခဲ့ပြီးနောက် အားကစားရုံသို့ လာခဲ့လိုက်သည်။ သို့သော်လည်း ဤတစ်ကြိမ်တွင်တော့ ဒုတိယထပ်သို့ ဦးတည်လိုက်သည်။

"ဆရာလင်းက ဟိုရဲ့ လက်ချာတန်းအပြင် တခြားအတန်းတွေကော သင်သေးတယ်ပေါ့...."

ဘောင်းဘီ အကြပ် ဝတ်ဆင်ထားသည့် ကောင်မလေး တစ်ယောက်မှ မေးလိုက်၏။

"အင်း...ဘက်စကက်ဘောနဲ့ တိုက်ကွမ်ဒို လည်း သင်သေးတယ်လေ.."

"ဝိုး....ဆရာလင်းကတော့ အံ့မခန်းပဲ နော်...ဘက်စကက်ဘောနဲ့ တိုက်ကွမ်ဒို နှစ်မျိုးစလုံး တတ်တယ်ဆိုတော့...."

"ဆရာလင်း...ကွန်မတို့ ခုနေ ဘက်စကက် ဘောနဲ့ တိုက်ကွမ်ဒို အတန်းဆီ ပြောင်းမယ် ဆိုရင်ကော မှီသေးလားဟင်..."

"အာ....နှစ်ဝက်တောင် ကျော်နေပြီဆိုတော့ လဲလို့မရတော့ဘူးထင်တယ်..."

"အဲ့တာဆို အေရိုးဗစ် လာသင်ပါလား..."

"မရဘူးလေ..ကျောင်းအချိန်ဇယား အရဆို ရင် အေရိုးဗစ်က တခြား ဆရာတွေ သင် မှာ...ငါလည်း ယူလို့မရဘူး.."

လင်းရီ သူ၏ နာရီကို ကြည့်လိုက်ပြီး "အတန်းတောင် စတော့မယ်...မင်းတို့လည်း လျှောက် သဝေထိုး မနေကြနဲ့ဦး ..အတန်း သွားကြတော့ ...."

"ဟုတ်.....ဆရာလင်းလည်း အလုပ်တွေ တ အား လုပ်မနေနဲ့ဦး..တော်ကြာ ကျန်းမာရေး ထိခိုက်နေဦးမယ်...."

"အေးအေး...."

ထိုကျောင်းသူလေးများကို အဝေးသို့ စေလွှတ်ပြီးနောက် လင်းရီ တိုက်ကွမ်ဒို အခန်းသို့ ရောက်လာခဲ့သည်။

အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ဘေး စင်၌ ဆုတံဆိပ်များ တန်းစီ ခင်းကျင်း ထားသည်ကို တွေ့လိုက်ရ၏။

တစ်ခုဆိုလျှင် ပြည်နယ်အဆင့် တိုက်ကွမ်ဒို ချန်ပီယံ ဆုဖလားပင်။

ယင်း ဆုတံဆိပ်များက လင်းရီကို အတော် လေး အံ့အားသင့်သွားစေသည်။ ယခုလို သာမန်ကျောင်းလေး တစ်ကျောင်းမှာ တိုက် ကွမ်ဒို၌ ထိုမျှ ထူးချွန်နေလိမ့်မည်လို့ ထင်မ ထားခဲ့ချေ။

"အိုးမိုင်ဂေါ့ဒ်...ဟိုမှာ ..ဟိုမှာ တီချယ် လင်း..."

လင်းရှီ တံခါးဝ၌ ရပ်နေသည်ကို မြင် တော့ ဆံပင်အရှည်နှင့် ကောင်မလေးမှာ စိတ်လှုပ်ရှားစွာဖြင့် ထအော်လိုက်၏။

ထိုမိန်းကလေး၏ အမည်ကတော့ ကျိန်းရာဝမ်ပင်။ သူမ၏ ကောင်လေး ၊ ထျန်းပေါ်ချိန်မှာ တိုက်ကွမ်ဒိုအသင်း၏ အဓိက အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နည်းပြဆရာနှင့်လည်း ပတ်သက်မှုကောင်းများ ရှိသောကြောင့် သူမလည်း တိုက်ကွမ်ဒို အသင်းထဲသို့ ဝင်ရောက်ထားခြင်းပင်။

ယခု နှစ်ဝက် စာမေးပွဲ ပြီးဆုံးလျှင်တော့ သူမ အသင်းဝင်ထား သောကြောင့် အလကားအမှတ်အများကြီး ရရှိပေလိမ့်မည်။

"ရှောင်ဝန် ..နင် အသံလေး ဘာလေး တိုးပါဦးဟဲ့...နင့်ကောင်လေးက ရှေ့မှာ ရှိနေတာလည်း မေ့မနေနဲ့ဦးလေ..."ရာဝန်၏ အခန်းဖော် သူငယ်ချင်းမှ ပြောလိုက်လေသည်။

"အင်းပါ..ငါလည်း နည်းနည်း စိတ်လှုပ်ရှားသွားလို့ မထိန်းနိုင် ဖြစ်သွားတာ..."ကျိန်းရာဝန်၏ နှုတ်ခမ်းလေးများမှာ နှင်းဆီသဖွယ် ပွင့်ဟနေပြီး အံ့ဩလွန်းသောကြောင့် ပါးစပ်ပင် မစေ့နိုင်တော့ချေ။

"ငါ တီချယ်လင်းရဲ့ လက်ချာတန်းကို သွားတုန်းက ရှေ့တန်းမှာ ထိုင်ခုံ မရလို့ အမြဲစိတ်ညစ်နေတာ.ဒီနေ့တော့ တိုက်ကွမ်ဒိုအသင်းကို လာလိမ့်မယ်လို့တောင် ထင်မထားဘူး..အရမ်းပျော်တာပဲ..."

နောက်ဘက်တွင် တီးတိုးတီးတိုး အသံများကို ကြားမိတော့ ရှေ့တန်းရှိ ဆံပင်အတိုနှင့်ကောင်လေးမှာ ကျိန်းရာဝန်ကို အကြည့်စူးစူး တစ်ချက် လှမ်းပေးလိုက်၏။

သူမ ကောင်လေး မျက်နှာ မလှသည်ကို မြင်တော့ ကျိန်းရာဝန်လည်း စိတ်လှုပ်ရှားမှုများကို ဖိနှိပ်လိုက်ပြီး ဘာမျှ ဖြစ်မနေသည့်အသွင် ဆောင်လိုက်လေသည်။

"အစ်ကိုပေါ်...ကြည့်ရသလောက်တော့ ဆရာချိန်ရဲ့ အတန်းကို အဲ့ကောင် ယူသွားတာသေချာနေပြီ...."

"ကျောင်းက ဘာတွေ လုပ်နေတာလဲကွာ...ဒီလို ကောင်မျိုးကိုမှ တိုက်ကွမ်ဒိုနည်းပြ လာလုပ်ခိုင်းရတယ်လို့..."

"သားကြီး ငါ့အထင်တော့ မင်းကောင်မလေးကို အရင်ထိန်းတာ ကောင်းမယ် ထင်တယ်နော...မဟုတ်ရင် သူများနောက် ကောက်ကောက်ပါအောင် လိုက်သွားနေဦးမယ်..."

တိုက်ကွမ်ဒို အသင်းသား တစ်ဦးမှ ပြောလိုက်၏။

"လစ်စမ်းပါစေ..အဲ့ကောင် ရုပ်ကိုလည်း ကြည့်လိုက်ဦး..အပြင်ပိုင်းသာ သန်မာ မလိုလို့နဲ့ တကယ့် အတွင်းပိုင်းကျတော့ သေချာပေါက် အားနည်းမှာပဲ..ငါနဲ့ ဘယ်လိုလုပ် လာယှဉ်လို့ရမှာ.."ချိန်ထျန်းပေါ်အထင်မြင်သေးစွာဖြင့် ပြောလိုက်ပြီး "ငါသူ့ကို တစ်ချက်ထဲနဲ့ အပျောက်ကန်ပြမယ် ဆိုရင် ယုံမှာလား..."

"ယုံပါတယ်ကွာ...မင်းက အသင်းထဲမှာ ခါးပတ်အနီရောင် ရထားတဲ့ အဓိက အဖွဲ့ဝင်လေ..ဆရာချိန်က လွဲရင် ဘယ်သူကများ မင်းခြေကန်ချက်တွေကို တောင့်ခံနိုင်တဲ့လူရှိလို့လဲ..."

လင်းရီကတော့ ထိုကောင်တွေ ဆွေးနွေးနေကြသည်ကို ကြားနေရသော်လည်း မသိကျေးကျွန်ပြုကာ ဆရာချိန်အလာကို စောင့်နေလိုက်၏။ ထိုအခါမှသာ သူ အတန်းကို လက်လွှဲယူနိုင်ပေမည်။

တစ်ချိန်တည်းတွင် ချိန်ကျန်းရဲ့ နှင့် အသားညိုညို ကောင်လေးတစ်ဦး အားကစားခန်းမသို့ လာရင်း ရောက်ခါနီးနေပြီဖြစ်သည်။

ထိုကောင်လေး၏ နာမည်ကတော့ ဝမ်ဟောင်ယွီဖြစ်ပြီး ကျောင်း တိုက်ကွမ်ဒိုအသင်း၏ ထိပ်တန်းဖိုက်တာ တစ်ဦးလည်းဖြစ်၏။ ချိန်ထျန်းပေါ်ထက် ခြေစွမ်းထက်သူဖြစ်ပြီး ခါးပတ်နက်ကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။

"ဆရာချိန်..ဘာတွေ ဖြစ်နေတာလဲ..ဘာလို့ ဆရာအသစ်တစ်ယောက်က ဒီရောက်နေ တာ...."

ဝမ်ဟောင်ယွီ လင်းရီ အတန်းယူမည့် သတင်းကို ကြားမိတော့ မေးလိုက်၏။

"သူက ကျောင်းအုပ်ကြီးနဲ့ အဆက်အသွယ် ရှိတယ်လေ..အဲ့တော့ ငါနဲ့ ဆရာစွန်းရဲ့ အတန်းတွေကို ယူသွားတာ..ပိုက်ဆံ ပို ရအောင်လို့ပေါ့..."

"နောက်နေတာလား...တိုက်ကွမ်ဒိုက ဒီ လောက်ထိ နည်းစနစ်ကျကျ လေ့ကျင့်ရတဲ့

ကစားနည်းကို သူက ယူချင်နေတယ် တဲ့...လောဘကြီးပြီး ပိုက်ဆံ လိုချင်တယ်ဆို ရင်တောင်မှ ဘယ်သူမှ သူ့လိုတော့ လုပ်မှာ မဟုတ်လောက်ဘူး..."

"သူ့အထင် အားကစားက ဘာမှ အရေးမပါ ဘူး..အသာလေးဖောရှောရိုက်လိုက်ရင် အဆင်ပြေတယ်လို့ တွေးနေလား မသိ ဘူး..အဲ့တာကြောင့်လည်း ဒီလို လုပ်ရဲတဲ့ သတ္တိတွေ ရှိနေတာပေါ့..."

"သောက်ရေးမပါတာတွေ..."ဝမ်ဟောင်ယွီ ကျိန်ဆဲလိုက်ပြီး "သူက ကျွန်တော်တို့ရဲ့ တိုက်ကွမ်ဒိုကလပ်ကို အထင်သေးနေတယ် ဆိုတာ အသေအချာပဲ..."

"စိတ်လျှော့ပါဦးဟ..."ချိန်းကျန်းရဲ့ ပြော လိုက်ပြီး "ငါမင်းကို ဒီနေ့ ခေါ်ခဲ့တယ်ဆို တာကလည်း ဒီအကြောင်း ပြောဖို့ပဲ...,"

"အဆရာချိန်မှာ အဲ့ကောင်ကို မောင်းထုတ်ဖို့ အကြံ ရှိလို့လား..."

ချိန်ကျန်းရဲ့ ခေါင်းညိမ့်လိုက်ပြီး "ငါ နည်း လမ်းတစ်ခု စဉ်းစားထားတယ်...အတန်းစပြီ ဆိုတာနဲ့ မင်းက အားလုံးရှေ့မှာ ခွန်အားပြ ပြီးတော့ သူ့ကို တပ်ဆုတ်သွားအောင် လုပ် လိုက်... "

"အေးဆေးပါ..ကျွန်တော့်တာဝန်ထား လိုက်..."

နှစ်ယောက်သား စကားတပြောပြောဖြင့် တိုက်ကွမ်ဒိုကလပ်၏ ဝင်ပေါက်သို့ ရောက်လာခဲ့လေသည်။

ဝမ်ဟောင်ယွီ သူ့အသင်းသားများထံသို့ မသွားမီ လင်းရီကို အထင်သေးမှုများ ပြည့်နှက်နေသည့် အကြည့်တစ်ချက် ပေးလိုက်၏။

ချိန်ကျန်းရဲ့ကတော့ ပုံမှန် လမ်းလျှောက်လာပြီး လင်းရီကို ယဉ်ကျေးစွာ နှုတ်ဆက်လိုက်လေသည်။

"ဆရာလင်း..."

"ဆရာချိန်..."

လင်းရီကို နှုတ်ဆက်ပြီးနောက် ချိန်ကျန်းရဲ့ သူ့တပည့်များဘက်သို့ လှည့်ကာ "မင်းတို့ အားလုံးလည်း သတင်းတွေ ကြားထားလိမ့်မယ်လို့ ငါထင်တယ်..ဒီနေ့ကစပြီးတော့ ငါက တိုက်ကွမ်ဒိုကလပ်ရဲ့ နည်းပြမဟုတ်တော့ဘူး...ဆရာလင်းကပဲ တာဝန်ယူသွားလိမ့်မယ်..ကဲ..အားလုံးပဲ ဆရာလင်းကို လက်ခုပ်တီးပြီး ကြိုဆိုကြရအောင်..."

တိုက်ကွမ်ဒို ကလပ်၌ မိန်းကလေး ဦးရေ သိပ်မများသော်လည်း အားတက်သရော လက်ခုပ်တီးနေကြသောကြောင့် လက်ခုပ်သံမှာ ညံသွားလေသည်။

ယောက်ျားလေးများကတော့ တီးတယ်ဆိုရုံလောက်သာ။

"ဆရာလင်း..ကျွန်တော် ဒီစာသင်နှစ် စက တည်းက တိုက်ကွမ်ဒိုကလပ်အတွက် သင်ကြားရေး အစီအစဉ်တွေ ရေးဆွဲပြီး သား..ဆရာလင်း အဲ့ဒီ အတိုင်း လုပ်ချင် လည်း ရတယ်နော်..."

ချိန်ကျန်းရဲ့ သင်ရိုး စာအုပ်ကို လင်းရီ ထံ ကမ်းပေးလိုက်ပြီး လင်းရီလည်း လက်ခံ လိုက်၏။

"ကောင်းပြီလေ ဆရာချိန်ရဲ့ သင်ရိုးအတိုင်း သွားတာပေါ့..မဟုတ်ရင် ကမောက်ကမ တွေ ဖြစ်ကုန်လိမ့်မယ်..."

လင်းရီ သင်ရိုးစာအုပ်ကို လှန်လော ကြည့် လိုက်ပြီး "ဆာရာချိန်ရဲ့ သင်ရိုးအရဆိုရင် ငါ

တို့ ဒီနေ့ တစ်ယောက်ချင်း လက်ရည်ယှဉ်ကြမယ်..အဲ့မတိုင်ခင်တော့ သွေးပူလေ့ကျင့်ခန်း အရင်လုပ်ကြတာပေါ့.."

သင်ရိုးရှိနေသောကြောင့် လင်းရီလည်း အများကြီး သက်သာသွားခဲ့၏။ မဟုတ်ပါက သူ မည်သို့ သင်ရမလဲဆိုတာကို ခေါင်းခဲနေရပေလိမ့်မည်။

မိနစ်အနည်းငယ်ကြာပြီးနောက် သွေးပူလေ့ကျင့်ခန်းမှာ ပြီးဆုံးသွားခဲ့၏။

"နောက်.... ကျောင်းသားနှစ်ယောက်ဖြစ်တဲ့ ဝမ်ဟောင်ယွီနဲ့ ချိန်ထျန်းပေါ် ရှေ့ထွက်လာပြီး သရုပ်ပြပေးရမယ်..."

လင်းရှိမှ ချိန်ထျန်းပေါ်နှင့် ဝမ်ဟောင်ယွီတို့ကို ခေါ်သံ ကြားလိုက်ရသောအခါ ကြမ်းပြင်ပေါ်၌ ထိုင်နေကြသူများအားလုံး လက်ခုပ်သံ အကျယ်ကြီး တီးလိုက်ကြ၏။

"နှစ်ယောက်စလုံးက ဆရာကြီးတွေကြီးပဲ..သူတို့ သရုပ်ပြပေးမယ်ဆိုတော့ ကြည့်ရတာ ရှယ်မိုက်ပြီပေါ့.."

"ငါတော့ ဝမ်ဟောင်ကို ပိုပြီး သဘောကျတယ်..သူ့ ကြွက်သားကြီးတွေကို ကြည့်စမ်းပါဦး ..မှိုခိုချင်စရာကြီးဟယ်..."

"ဘာမှိုခိုချင်စရာကြီးတုန်း..နင်ကောင်လေး ရှာမယ်ဆိုရင်လည်း ဆရာလင်း နီးနီးလောက် ခန့်ညားတဲ့ သူမျိုးသာ ရှာစမ်းပါ...."

ဝမ်ပေါင်ယွီ မတ်တပ်ရပ်ပြီးနောက် မျက်မှောင်ကုပ်၍ "ဆရာလင်းကို ကျောင်းအုပ်ကြီး ကိုယ်တိုင်ကတောင် ခေါ် သင်ခိုင်းရတယ်ဆိုတော့ တော်တော်လေး စကေးကောင်းမှာပဲပေါ့..ခါးပတ်နက် ဘယ်အဆင့် ရောက်ပြီလဲဆိုတာ သိပါရစေ..."

"ငါလား..တိုက်ကွမ်ဒို တစ်ခါမှ မသင်ဖူးဘူး...ဒီတော့ ခါးပတ်လည်း မရှိဘူး..."

လင်းရီ ပြောလိုက်၏။

**အခန်း (၂၄၂)**

"ဘာပြောလိုက်တယ်...ဆရာလင်းက တိုက်ကွမ်ဒို တစ်ခါမှ မသင်ဖူးဘူး..."

လူတိုင်း တည်ညိမ်စွာ ထိုင်မနေနိုင်တော့ချေ။

သူတို့ တွေးထားသည်မှာတော့ ဆရာလင်းမှာ တိုက်ကွမ်ဒိုအကြောင်း တီးမိခေါက်မိတော့ ရှိလိမ့်မည်ပါလို့ ထင်ထားခဲ့ကြ၏။ သို့သော်လည်း တစ်ခါမှ မသင်ယူဖူးသူ ဖြစ်နေလိမ့်မည်လို့တော့ ထင်မထားကြချေ။

ဒီကျောင်းက ဘာတွေ ဖြစ်နေတာလဲဟ..ဘာမှ မတတ်တဲ့ကောင်တွေကို နည်းပြခန့်နေတယ်တဲ့လား...

"မင်းတို့ ငါ့ရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီး တော့ စိုးရိမ်နေကြမယ်ဆိုတာ နားလည် တယ်...."လင်းရီ အပြုံးလေးဖြင့် ပြောလိုက် ပြီး

"အဲ့တာကြောင့် ဒီမလာခင် တိုက်ကွမ်ဒို အကြောင်းန ည်းနည်းပါးပါးတော့ လေ့လာ ထားတယ်..အဲ့တာကြောင့် မင်းတို့ကို နည်း ပြပေးဖို့ကတော့ လုံးဝ ပြဿနာ မရှိဘူး..."

"ဆရာလင်း..ခင်များ လာနောက်နေတာ လား..."ဝမ်ဟောင်ယွီ ပြောလိုက်ပြီး "မလာ ခင်လေး နည်းနည်းပါးပါး ကြည့်ပြီးတော့ ကျုပ်တို့ကို လာသင်ပေးမယ်ပေါ့..."

"ဘာလို့လဲ..မရဘူးလား..."လင်းရီ ပြော လိုက်ပြီး "ဒါက ပရော်ဖက်ရှင်နယ် တိုက်ကွ မ်ဒို ကလပ်လည်း မဟုတ်...ဒီတိုင်း စိတ်ကြိုက်ဘာသာတွေထဲက ကျောင်းတွင်း ကလပ်သေးလေး တစ်ခုပဲကို..ဒီလောက် သင်ပေးရင်တောင် တော်ရောပေါ့..မဟုတ် ဘူးလား...."

လင်းရီ၏ စကားလုံးများက ကြမ်ပြင်တွက် ထိုင်နေကြသည့် လူများကို ကျွတ်စီညံသွား စေသည်။

သာမန် ကျောင်းသားများကတော့ အဆင်ပြေ၏။ မည်သို့မျှ မခံစားရချေ။ သို့သော်လည်း ချိန်ထျန်းပေါ်တို့ကဲ့သို့ တိုက် ကွမ်ဒိုအပေါ် အရူးအမူး စွဲလမ်းသူများ

ကတော့ လင်းရီ၏ စကားလုံးကို လုံးဝ လက်မခံနိုင်ကြချေ။

"ဆရာလင်း..ခင်များက ကျုပ်တို့ရဲ့ တိုက်ကွမ်ဒို ကလပ်ကို အထင်သေးနေတယ်ပေါ့..."" ချိန်ထျန်ပေါ် အံကြိတ်၍ မေးလိုက်၏။

"အဲ့လိုပဲလေ.."လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် ဒီထက်မြင့်သွားရင်တော့ ငါလည်း မသင်နိုင်ဘူးလို့ ပပြောထားပြီးသား မဟုတ်လား..မင်းတို့လို ဘွဲ့မရသေးတဲ့ ကျောင်းသားတွေကို သင်ဖို့ရာကတော့ ငှက်ပျောသီး အခွံနွှာစားရသလောက်ပဲ..."

"အိုက်စ်...တီချယ်လင်းက အရမ်း လှမ်းမိုးနိုင်တာပဲနော်..."

ကျိန်းရာဝန် မျက်လုံးတလက်ဖြင့်ဖြင့် ပြောလိုက်လေသည်။

"ကောင်မ နှာပဲ ထမနေနဲ့ဦး..ဟိုက နင့်ဘဲနဲ့ဆော်တော့မှာ..."

သူ့ကောင်မလေး လင်းရီ အပေါ် ထိုမျှ ဖြစ်ပျက်နေသည်ကို မြင်တော့ ချိန်ထျန်ပေါ် မျက်နှာ အရုပ်ဆိုးသွားခဲ့ပြီး "ဆရာလင်း..ခင်များက ကျုပ်တို့ကို သင်ပြပေးဖို့ရာ ပြဿနာမရှိဘူးလို့ ပြောထားတယ်နော်..အဲ့တာဆို ကျုပ်နဲ့ လူတိုင်းရှေ့မှာ လက်ရည်ချင်း ယှဉ်ရဲလား..."

"မဖြစ်နိုင်တာ...ချိန်ထျန်းပေါက ဆရာလင်းကို စိန်ခေါ်နေပြီတဲ့လား...ဒါကြီးက..အနိုင်ကျင့်နေတာ မဟုတ်လားကွ.."

"သူက ခါးပတ် အနီရောင် ရထားပြီးသားလေ...ဆရာလင်းက တိုက်ကွမ်ဒို တစ်ခါမှတောင် မသင်ဖူးဘူး..အဲ့တာကိုတောင်မှ စိန်ခေါ်နေတယ်ဆိုတော့ လူကြီးက ကလေးကို အနိုင်ကျင့်နေသလိုပဲပေါ့ကွ..."

"ဟျောင့်တွေ..ဒါကြီးက မဖြစ်သင့်ဘူး ထင်တာပဲ..."

"မပူနဲ့..ဆရာလင်းကလည်း အဲ့လောက် မအပါဘူး..သူ ချိန်ထျန်းပေါက်ကို မနိုင်ဘူးဆို

တာ သိလောက်တယ်..သေချာပေါက် ဆင်ခြေတစ်ခုရှာပြီး ငြင်းလွှတ်မှာပဲ..."

"အင်း...ငါလည်း အဲ့တိုင်းပဲ ထင်တယ်..ရှုံး မယ်မှန်း သိလျက်နဲ့ လက်ခံလိုက်မယ်ဆိုရင် တော့ ရှုံးရင်ရှုံး ..မရှုံးရင် စိတ်ကျန်းမာရေး ပြဿနာတော့ ရှိနေလောက်ပြီ...."

နှစ်ဖက်လုံးမှ သ-တ်ကြ ပုတ်ကြတော့မည့် အခြေနေကိုလည်းမြင်တော့ ပွဲကြည့်နေ သည့် ချိန်ကျန်းရဲမှ ပြုံးလိုက်သည်။

ဆရာလင်းက သတ္တိတော့ကောင်းတယ်..ဒါ ပေမယ့် ဦးနှောက်ကျ မရှိဘူး..

ငါးစာ လာဟပ်ဖို့ လှည့်ကွက်တောင် သိပ်မ သုံးလိုက်ရဘူး...

ဟင်း....အဲ့လောက်ပိန်းနေပြန်တော့လည်း ပျင်းဖို့ကောင်းသွားပြီ...

"ဆရာလင်း...ခင်များလည်း ချိန်ထျန်းပေါ်ရဲ့ ခါးပတ်ကို မြင်ပြီးရောပေါ့...ပြီးတော့ သူက အတော်လေး စရိုက်ဆန်တယ်..ကိုယ့်ကိုယ်ကို သူ့အဆင့်ရောက်အောင် နိမ့်ချ မနေပါနဲ့ဗျာ...."

ဇာတ်အိမ်မှာ သူမျှော်လင့်ထားသည့်အတိုင်း အသွင်ပေါ်လာပြီး ဖြစ်သော်လည်း သူ့ဘက်မှ တစ်ခုခု ဝင်ပြောပေးသင့်၏။ ထိုအခါမှသာ သူ၏ ဆရာဟူသော ပုံရိပ်နှင့် ညီညွတ်ပေလိမ့်မည်။

လင်းရီကို ဖျောင်းဖျပြီးနောက် ချိန်ကျန်းရဲ့ ချိန်ထျန်းပေါ်ကို ခက်ထန်စွာ ကြည့်လိုက်ပြီး "ချိန်ထျန်းပေါ် ..မင်းဘာတွေ ဖြစ်နေတာလဲ ကွ..အကြီးကို အကြီးလို ရိုသေရကောင်းမှန်း မသိဘူးလား..မင်းလည်း ဆရာဘင်းရဲ့ အခြေနေကို သိသားနဲ့..အဲ့တာတောင်မှ ဆရာလင်းနဲ့ ယှဉ်ဖိုက်ချင်နေသေးတယ် ပေါ့..မင်းပိုက်ဆံတွေ သောက်ရေး ပေါနေတာလား..တစ်ခုခုဖြစ်သွားခဲ့ရင် ဘယ်သူက ဆေးဖိုးဝါးခ ပေးမှာလဲတဲ့..."

"ကျွန်တော် မှားမှန်း သိပါတယ်..ဆရာလင်းက အုပ်ကြီးနဲ့ မကင်းဘူးဆိုတာ မေ့သွားတယ်.."ချိန်ထျန်းပေါ် နာခေါင်း ရှုံ့လိုက်ပြီး "တကယ်လို့ တစ်ခုခုသာ ဖြစ်သွားလို့

ကတော့ ကျုပ် လျော်လို့ နိုင်မှာတောင် မဟုတ်ဘူး..."

ငှင်းကိုကြားတော့လင့်ရှီမှာ ကျောင်းအုပ်ကြီးကြောင့် နည်းပြ ဖြစ်လာခြင်းကို အမှတ်ရသွားကြ၏။

အင်း..အဲ့လိုသာဆိုလို့ကတော့ လျော်ကြေးပေးရုံလောက်နဲ့ ပြီးသွားမှာ မဟုတ်လောက်ဘူး..

အခန့်မသင့်ရင် ချိန်ထျန်းပေါ် ကျောင်းပါ ထုတ်ခံ ရလောက်တယ်...

"မင်းငါနဲ့ လက်ရည်စမ်းချက်တာ သေချာလား..."လင်းရှီ ပေါ့ပါးစွာ မေးမြန်းလိုက်၏။

"မသေချာဘူး.."ချိန်ထျန်းပေါ် ပခုံးတစ်ချက်တွန့်လိုက်ပြီး "ကျုပ်က ဘာမှ မရှိတဲ့ သောက်ငမွဲလေ..ခင်များကို အဆက်အသွယ်တွေ ဘာတွေလည်း ရှိတာမဟုတ်ဘူး...ဒီတော့ လျော်ကြေးလည်း မတတ်နိုင်ဘူး..."

ထိုအချိန်တွင် ချိန်ကျန်းရဲ့ ရှေ့တက်လာခဲ့ပြီး သူတော်ကောင်းယောင်ဆောင်၍ "ဆရာလင်း ချိန်ထျန်းပေါ်က ခါးပါတ်နီနဲ့နော်..ဒါပေမယ့် ဆရာလင်းကျတော့ ခုမှ တိုက်ကွမ်ဒိုမှာ စလုံးရေ စနေတဲ့လူ...တိုက်ကွမ်ဒိုရဲ့ စည်းမျဉ်းတွေအရ စိန်ခေါ်လာရင် တစ်ဖက်လူက ငြင်းပိုင်ခွင့် အပြည့်ရှိတယ်...ပြီးတော့

ဆရာတစ်ယောက်လည်းဖြစ်တော့ ငြင်းသာက ပုံမှန်ပဲလေ..ဘာမှ ရှက်စရာ မရှိဘူး..."

"ငြင်းမယ်လို့ ဘယ်သူပြောလဲ.."လင်းရီ ပြောလိုက်ပြီး "ကျုပ်က နည်းနည်းပါးပါးပဲ လေ့လာထားတယ်ဆိုပေမယ့် ဒီလို ဖောင်းကြွနေတဲ့ ကောင်တွေကို ကိုင်တွယ်ဖို့တော့ လုံလောက်တာထက်တောင် ပိုနေသေးတယ်..."

"ဆရာလင်း..ဘာလို့လဲဗျ..ကျွန်တော့် အကြံကို လက်မခံချင်တာ...သိက္ခာမာနထက် သွားမကျိုးဖို့က ပိုအရေးကြီးတယ်နော..."

"အဲ့တာကြောင့် စိတ်လိုက်မာန်ပါတွေ မလုပ်စမ်းပါနဲ့ဗျာ..ပြီးတော့ ချိန်ထုန်းပေါ်ဆို

တာကလည်း ခင်များရဲ့ တပည့်...ကိုယ့် တပည့်ဆီမှာ အဲ့လိုရှုံးသွားရင် ဘယ်လောက်ရှက်ဖို့ ကောင်းလိုက်မလဲ..ဒီ တော့ အကြောင်းပြချက် တစ်ခုရှာပြီးသာ ငြင်းလိုက်စမ်းပါဗျာ...."

"ဟိုကောင်..မင်းလည်း မျက်နှာကို မချနဲ့...မ ရာလင်းရဲ့ မျက်နှာသာ တစ်ခုခု ဖြစ်သွားရင် မင်းတော့ စကတ်တွေ အအုပ်ခံပြီး ဂန့်နေဦး မယ်..."

"အင်း ကျွန်တော် မေ့နေတာ..ဆရာလင်းက ကျောင်းသူအုပ်စုကြီးရဲ့ အိုင်ဒေါတီချယ်ကြီး လေ.သူ့မျက်နှာသာ ထိခိုက်သွားလို့ကတော့ ကျုပ် ကျောင်းထဲကနေ အသက်ရှင်လျက် ထွက်သွားလို့တောင် ရပါ့မလားပဲ.."

"ဟင်း ..ခေါင်းကိုက်ဖို့ ကောင်းလိုက်တာ..."

"ကျုပ်တို့လို ဘော်ဒီတောင့်တောင့်နဲ့ ယောက်ျားဆန်တဲ့ သူတွေ ကိုကျ ကြိုက်တဲ့ သူ မရှိဘူးတဲ့လား..."

"အဲ့တာကြောင့် ညင်သာပါလို့ ပြောနေရတာ ပေါ့ကွ..."

"အိုကေ..နားလည်ပြီ..."

"ခင်များ ဘေးအသာဖယ်နေ...."လင်းရီ ပြောလိုက်ပြီး ချိန်ထျန်းပေါ်ကို ကြည့်၍ "အဆင်သင့်ဖြစ်ပြီဆိုရင် စလို့ရပြီ..."

ၝင်းကိုကြားတော့ ချိန်ထျန်းပေါ် လင်းရီကို ကြဲ့လိုက်ပြီး "ဆရာလင်းပဲပြောတာ နော်..ကျုပ် အရင်စတော့မယ်...."

"အိုကေ...စ..."

ရုတ်ချည်းဆိုသလို ချိန်ထျန်းပေါ်၏ အမူအရာမှာလေးနက်သွားပြီး ချိန်ထျန်ပေါ် သူ၏ ခြေထောက်ထံသို့ အားစုဆောင်း လိုက်ပြီး လင်းရှီထံသို့ တဟုန်ထိုး ပြေးသွား လိုက်၏။

မည်သို့ပင်ဆိုစေ ခါးပတ်အနီ ပိုင်ရှင်ဖြစ် သောကြောင့် သူ၏ လှုပ်ရှားမှုများမှာ သာမန်လူတို့၏ မျက်လုံးထဲတွင်တော့ အတော်လေး ကြည့်လို့ကောင်းနေချေ သည်။

ချိန်ကျန်းရဲ့ကတော့ တိတ်တဆိတ် ခေါင်းညိ မ့်၍ အသိအမှတ်ပြုလိုက်သည်။

'ခွန်အားကော အလျက်ကော ပြီးတော့ တိုက်တဲ့ ရှုထောင့်အနေအထားကကော လုံးဝ ပြောစရာမရှိဘူး..ကြည့်ရတာ ဒီရက်တွေမှာ တစ်ချိန်လုံး လေ့ကျင့်နေတယ်တူတယ်..ဆရာလင်းတော့ ဒီအကွက်ကိုမြင်ပြီး အတော်လေးရှိန်နေလောက်ပြီ...'

ကလပ်ထဲရှိ မိန်းကလေးများကတော့ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားမိကြပြီး အလွန်အမင်း စိုးရိမ်နေကြ၏။

ချိန်ထျန်းပေါ်မှာ သူမတို့ ကလပ်တွက် ဒုတိယ ခွန်အားအကြီးဆုံး အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထို့ပြင် ယခုတစ်ခေါက် သူ၏ ခွန်အား အပြည့်ကိုလည်း အသုံးပြုထားဟန်ပင်။

သူမတို့ လင်းရီ ထိုအကွက်ကို ကာနိုင်ပါ့မလားဟု တွေးရင်း စိုးရိမ်နေကြ၏။

အခြားသူများနှင့် မတူညီစွာ လင်းရီ မျက်လုံးထဲတွင်တော့ ချိန်ထျန်းပေါ်၏ အကွက်မှာ အပြစ်အနာအဆာများနှင့် ပြည့်နှက်လို့နေ၏။ ဘယ်နေရာကြည့် ကြည့် ဟာကွက်ကြီးများသာ။

ထိုအချိန်တွင် ချိန်ထျန်းပေါ် လင်းရီနှင့် သုံးမီတာ အကွာအဝေးသို့ ရောက်နေပြီး လေပေါ်သို့ ခုန်တက်၍ အားဖြင့် တဇောင်းခုတ်ချလိုက်လိုက်သည်။

လင်းရီ ခေါင်းအသာ ရမ်းမိလိုက်သည်။

သူဒီနေ့တော့ ရေတွင်းထဲက ဖားသူငယ်မှန်း သိအောင် ပညာပြပေးရတော့မည်။

လင်းရီ နောက်သို့ ပေါ့ပါးစွာ တစ်လှမ်းဆုတ်လိုက်ပြီး ကိုယ်ကို လှပစွာ တစ်ခြမ်းစောင်း၍ ချိန်ထျန်းပေါ်၏ နံရိုးများကို အပိုင်ကန်ထည့်လိုက်သည်။

အား....

ချိန်ထျန်းပေါ် ကျယ်လောင်စွာအော်၍ ကြမ်းပြင်ပေါ်သို့ ချက်ချင်း ပြုတ်ကျသွားပြီး လုံးဝ ပြန်မထနိုင်တော့ချေ။

## အခန်း (၂၄၃)

"သူ..သူ တကယ်ကြီး ရှူးသွားတယ်..."

လူတိုင်း ကြက်သေသေသွားကြ၏။

မည်သူကမျှ ချိန်ထျန်းပေါ် တစ်ချက်တည်းနဲ့ မှောက်သွားလိမ့်မည်လို့ မျှော်လင့်မထားကြ။

"ငါ့မျက်လုံးတွေကပဲ လှည့်စားနေတာလား..ချိန်ထျန်းပေါ်က တကယ်ကြီး ရှူးသွားတယ်တဲ့လား..."

"သူက ငါတို့ကျောင်းက ဒုတိယအကြမ်းဆုံးဖိုက်တာကြီးလေကွာ..အဲ့တာကို
တစ်ချက်တည်းနဲ့ မှောက်သွားတယ်တဲ့လား...ဘာတွေ ဖြစ်နေတာလဲဟ..ကောင်မ

ချောချောလေး တစ်ယောက်လောက် လာရှင်းပြကြဦး..."

"တီချယ်လင်းကတော့ လုံးဝ အမေးဇင်းပဲ...နည်းနည်း ပါးပါးပဲ လေ့လာထားပေလို့ပေါ့...သေချာများ သင်ထားလို့ကတော့ ချိန်ထျန်းပေါ် တစ်ခါတည်း အသက်ပျောက်သွားမလား မသိဘူး..."

ချိန်ကျန်းရဲ့ နှင့် ဝမ်ဟောင်ယွီတို့အနည်းငယ် အမူအရာ ပြောင်းသွားခဲ့သည်။

ဒီလိုဖြစ်လာလိမ့်မည်လို့ ထင်တောင် ထင်မထားကြချေ။

တစ်ခါမှ မသင်ဖူးတဲ့လူက ဘယ်လိုလုပ်ပြီးဒီလောက် စွမ်းနေတာလဲတဲ့...

ပြီးတော့ တိုက်ကွမ်ဒို ဆိုတာကလည်း စနစ်တကျ ကန်တတ်မှ အဲ့လို ချက်ကောင်းကို ထိမှာ..အားကြီးရုံနဲ့တင် မပြီးသေးဘူး..ဆရာလင်းက တစ်ခုခုတော့ တစ်ခုခုပဲ.

ချိန်ကျန်းရဲ့၏ အမိန့်ပေးမှုအောက်တွင် လူတိုင်း ချိန်ထျန်းပေါ်ကို ကြမ်းပြင်ပေါ်မှ ဆွဲထူလိုက်ကြ၏။

"ဆရာလင်း..ခင်များ ဒါ..နည်းနည်းလေးတော့ မလွန်လွန်းဘူးလား..."

ဟောင်ယွီ ပြောလိုက်သည်။

"လွန်တယ်..."လင်းရီ မေးလိုက်ပြီး "ဒါတောင် ငါလျှော့ထားတာ..."

"အဲ့လုဆိုရင်လည်း ကျုပ် ဝမ်ဟောင်ယွီက ဆရာလင်းနဲ့ ပညာချင်း ဖလှယ်ချင်ပါတယ်..."

ဟောင်ယွီ သူ၏ ခွန်အားနှင့် ပတ်သက်၍ ယုံကြည်ချက် အပြည့်ရှိသည်။

ချိန်ထျန်းပေါ် တိုက်စဉ် အခါတုန်းက ခွန်အားကို ထိန်ချန်ထားပြီး အားအင်အပြည့်နှင့် မတိုက်ခိုက်သောကြောင့် ယခုလို တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားသည်ဟု ယုံကြည်ထား၏။

ခါးပတ်နက်ပိုင်ရှင် ဖြစ်သည့် ဝမ်ဟောင်ယွီကတော့ ချိန်ထျန်းပေါ်ထက် သန်မာသည်မှာ သဘာဝပင်။ဆရာချိန်တောင်မှ သူ့ကို

အနိုင်ရရန် အချိန်အကြာကြီး တိုက်ခိုက်ရ၏။

ထို့ကြောင့် ယခု အခွင့်အရေးကို အသုံးချ၍ သူ၏ ဒေါသများကို သွန်ချပစ်လိုက်တော့မည်။

"ငါနဲ့ လက်ရည်စမ်းချင်တယ်ဆိုတာ သေချာလို့လား..."

"ဘာလို့လဲ...ဆရာလင်းက မဝံ့ရဲဘူးလို့တော့ မပြောနဲ့..."ဝမ်ဟောင်ယွီ ထေ့ငေါ့ပြောဆိုလိုက်ပြီး "ဆရာလင်းလည်းသိမှာပါ..ဒီကောင်က သူ့အားအကုန်မသုံးလို့ ဟာကွက်ပေါ်သွားပြီး အခွင့်ရေးယူခံလိုက်ရတာ

လေ.....ခု ကျွန်တော် ရိပ်မိသွားတော့ ကြောက်သွားပြီလား..."

"ရတယ်လေ..ဒီ နေ့ အစီစဉ်ကလည်း တစ်ယောက်ချင်း ယှဉ်ဖိုက်ပြီး သရုပ်ပြပေးရမှာ ဆိုတော့ မင်းကို အခွင့်ရေး ပေးလိုက်မယ်...."

ထိုအချိန်တွင် ချိန်ကျန်းရဲ့ ရောက်လာခဲ့ပြန်ပြီး အသံနိမ့်၍ "ဆရာလင်း..ကျွန်တော့အထင်တော့ အချိန်မှီတုန်း နောက်ဆုတ်လိုက်တာ ကောင်းမယ်ထင်တယ်နော..."

"ဘာဆိုင်လို့ နောက်ဆုတ်ရမှာ..."

"ဆရာလင်းက တိုက်ကွမ်ဒိုတောင် မသင်ဖူးပဲနဲ့ ချိန်ထျန်းပေါ်ကို အလဲသိပ်နိုင်တယ် ဆို

တာကတောင် အတော်လေး ကံကောင်းနေပြီလို့ ပြောလို့ရတယ်..."

"ဒီဝမ်ဟောင်ယွီကတော့ လုံးဝကို မတူတဲ့ လယ်ဗယ်မှာနော်...ကျုပ်သူ့အကြောင်း ကောင်းကောင်းသိတယ်...,အဲ့တာကြောင့် ဆရာလင်းကို စေတနာနဲ့ သတိပေးနေရတာ"

ထို့နောက် ချိန်ကျန်းရဲ့ နံရံပေါ်ရှိ ဆုဖလားကို ညွှန်ပြလိုက်ပြီး "အဲ့ဒီ ပြည်နယ်အဆင့် တိုက်ကွမ်ဒို ချန်ပီယံဆုကလည်း ဝမ်ဟောင်ယွီ နိုင်ခဲ့တာလေ..ဒါကြောင့်မို့ လက်လျှော့လိုက်လို့ ..အချိန်မှီသေးတယ်...ဆရာလင်း တစ်ခုခု ဖြစ်သွားရင် လွယ်မှာမဟုတ်ဘူး.."

"မလိုပါဘူး..ကျေးဇူးပဲ..ဒီတိုင်း လက်ရည်စမ်းရုံ သပ်သပ်လေးပါ..."

လင်ရီ ပြောလိုက်ပြီး "ပြီးတော့ ကျုပ်က သူ့ဆရာလေ..တပည့်က ဆရာ့ အစွမ်းအစကို မယုံလို့ စိန်ခေါ်တာကို ကျုပ်က လက်မခံရင် နောက်ကျ ဒီအတန်းကို ဘယ်လို ဦးစီးရမှာလဲ..."

"ဆရာလင်းကတော့ တကယ့်ကို အာဂပါပဲဗျာ..အဲ့လိုဆိုလည်း မတားတော့ပါဘူးဗျ...."

ဝမ်ဟောင်ယွီ အားမာန်အပြည်ဖြင့် အော်ဟစ်ပြီး လင်းရီထံသို့ ပြေးဝင်လာခဲ့၏။

လင်းရီနှင့် အလှမ်းသိပ်မဝေးသည့် နေရာသို့ ရောက်သောအခါ လေပေါ်သို့ ရုပ်ချည်းခုန်

တက်လိုက်ပြီး နှစ်ချက်ဆင့်ကန်ချက် ပြုလုပ်ရန် ဟန်ပြင်လိုက်၏။

ထိုကန်ချက်များအားလုံးမှာလည်း လင်းရီ၏ မျက်နှာကိုသာ ဦးတည်ထားလေသည်။

လင်းရီ၏ အမူအရာကတော့ ပြောင်းလဲခြင်းအလျဉ်းမရှိ။ ဝမ်ဟောင်ယွီ၏ ခြေချင်းဝတ်ကို ဆွဲ၍ ကိုယ်ကို ဘေးဘက်သို့ အသာလေးလှည့်ကာ အမှိုက်တစကဲ့သို့ ကောက်ပစ်လိုက်သည်။

ဘန်း..

ဝမ်ဟောင်ယွီ ကြမ်းပြင်ပေါ်သို့ ဘုန်းကနဲ လဲကျသွားပြီး မြေပြင်မှာ တုန်ဟီးသွားတော့၏။

"မ...မဖြစ်နိုင်တာ..တစ်ချက်တည်းတဲ့လား..."

"ငါ့ဖင်ကြီးကိုပဲ တစ်ချက်နေလိုက်လေ...."

ဝမ်ဟောင်ယွိ ကျိန်ဆဲလိုက်ပြီး အားယူ၍ ကုန်းရုန်းထလိုက်၏။

"ထပ်လာမယ်...."

ထို့နောက် လင်းရီထံသို့ တစ်ဖန်ပြေးဝင်စွာ ပြန်သည်။

ချိန်ကျန်းရဲ့ကတော့ ဘေးမှ နေရင်း လင်းရီ တို့ ပွဲစဉ်ကို အကဲဖြတ်ကြည့်နေ၏။

ဝမ်ဟောင်ယွိ၏ အားသာချက်မှာ ခြေကန် ချက် မဟုတ်ပဲ လက်သီးအဖြောင့် ထိုးခြင်း အကွက်ပင်။

ရိုးရှင်းသည့် လှုပ်ရှားမှုလေးသာ ဖြစ်သော်လည်း အကြီးမားဆုံး လူသ-တ်ကွက်ကြီးဖြစ်၏။

ထိုကဲ့သို့သော တိုက်ခိုက်မှုမျိုးက အသက်ရှူချိန်တောင် ရလိုက်မည် မဟုတ်ချေ။ လင်းရီကို မဆိုထားဘိ။ သူပင် ထိုလက်သီးချက်ကို ကာကွယ်ရန် အင်အားအများကြီးအသုံးပြုရရ၏။

ချိန်ကျန်းရဲ့ မှန်းဆထားသကဲ့သို့ ဝမ်ဟောင်ယွီ သူ၏ အားအသာဆုံးဖြစ်သည့် လက်သီးအဖြောင့်ထိုးချက်ကို ထုတ်သုံးလိုက်သည်။

သို့သော်လည်း လူတိုင်း အံ့အားသင့်သွားစေသည်ကတော့ လင်းရီ ကိုယ်ကို

ညာဘက်သို့ အနည်းငယ်တိမ်း၍ အသာလေး ရှောင်ပြသွားခြင်းကိုပင်။

ဒီလောက်မြန်တာကို ဘယ်လို ရှောင်လိုက်တာလဲဟ...

ထို့နောက် လင်းရီ ကိုယ်ကို အနည်းငယ်စောင်းလိုက်ပြီး ဝမ်ဟောင်ယွီ၏ နံရိုးများရှိသည့် နေရာကို ဖုန်းကနဲ မြည်အောင် ကန်ထည့်လိုက်၏။

ဝိုး....ဘန်း...

အား.....

လည်ချောင်းကွဲမတတ် အော်ဟစ်သံကြီးထွက်ပေါ်လာခဲ့သည်။

ဝမ်ပောင်ယွီ၏ အခြေနေကတော့ ချိန်ထျ န်းပေါ်ထက်ပင် ဆိုးနေတော့၏။

သူ၏ မျက်နှာမှာလည်း သေမတတ် ဖြူ လျော်နေပြီး အသက်မီးအိမ် ငြိမ်းသက် တော့မည့် အသွင် ဖြစ်နေလေသည်။

ထို့ပြင် မျက်လုံးများကလည်း မယုံကြည်နိုင် မှုတို့ဖြင့်ပြူးကျယ်နေသေး၏။

ကျောင်းအတွက် ပြည်နယ်အဆင့် ချန်ပီယံ ဖလားကို အရယူပေးနိုင်ခဲ့သော ဝမ်ဟာင်ယွီ မှာ ယခု ကြမ်းပြင်ပေါ်၌ လဲလျောင်းနေရ ရှာသည်။ ပိုပြီး မယုံကြည်နိုင်ဖွယ်ကောင်း သည်က တိုက်ကွမ်ဒို တစ်ခါမျှ မသင်ဖူး

သည့် လူထံမှ တစ်ချက်တည်းနှင့် အမှောက် သိပ်ခံလိုက်ရခြင်းပင်။

"ဆ...ဆရာလင်း...ခင်များ တိုက်ကွမ်ဒို မသင်ဖူးတာ ဟုတ်ကော ဟုတ်ရဲ့လား..."ကျန်းရဲ့အသံတုန်ခါစွာဖြင့် မေးလိုက်၏။

"ဒါပေါ့..ကျုပ်က ဘာကိစ္စ လိမ်ရမှာ..."

၎င်းကိုကြားတော့ လူတိုင်း ထိခိုက်မှု တစ်သိန်းလောက် ရရှိသကဲ့သို့ ခံစားလိုက်ရ၏။

တိုက်ကွမ်ဒိုကို နည်းနည်းပါးပါးပဲ သိတဲ့လူက ဒီလောက်ပြောင်မြောက်တဲ့ နည်းစနစ်ကို တတ်ကျွမ်းနေတယ်တဲ့...

ဘယ်လိုတောင် ပြိုင်စံရှား ဂျီးနီးယပ်စ် လဲ...

လင်းရီ ခေါင်းငုံ့ပြီး ဝမ်ဟောင်ယွီကို အမူရာ မဲ့စွာ ကြည့်လိုက်လေသည်။

"ဆရာချိန်..ဒီနှစ်ယောက်ရဲ့ စကေးတွေက သိပ်မကောင်းဘူး..ခင်များလာခဲ့ပါ လား..ကျောင်းသားတွေ သေချာလေး ကြည့် လို့ရတာပေါ့..."

လင်းရီ၏ ဉာဏ်ရည်နှင့် ဆိုပါက သူ ချိန် ကျန်းရဲ့ ၏ စနက်ကို မရိပ်မိဘဲ မနေပေ။ သို့သော်လည်း အာရုံစိုက်ရမှာ ပျင်းလွန်း နေ၏။

"မ..မလုပ်ပါနဲ့ဗျာ...လက်ရည်စမ်းဖို့ မလို တော့ပါဘူး...တကယ့်ကို မလိုတော့တာ ပါ...."

ကျန်းရဲ့ စိးရိမ်သောက ရောက်နေပြီး နောက်ကျောတွင် ချွေးအေးများရွှဲနေတော့၏။ သူ၏ စကေးများမှာလည်း ဝမ်ပောင်ယွီနှင့် မတိမ်းမယိမ်းပင်။ ထို့ကြောင့် သူလည်း တစ်ချက်တည်းနှင့် မောက်မည့် အခွင့်ရေးများသည်ဟု ပြော၍ရ၏။

ထို့ကြောင့် သူ ပညာသားပါပါဖြင့် ငြင်းလိုက်လေသည်။ မဟုတ်ပါက ကျောင်းသားများရှေ့တွင် သူ၏ ပုံရိပ်မှာ အဖတ်ဆည်၍ ရတော့မည် မဟုတ်ချေ။

"အဲ့တာဆို ကျုပ်ကခု တိုက်ကွမ်ဒို တင်ပေးဖို့ အဆင့်မှီသွားပြီလား..."

"ဒါ...ဒါပေါ့..မီတာပေါ့ဗျ...ဆရာလင်းထက် ပိုပြီးသင့်တော်မယ့်သူကို မရှိတော့တာ...."

"ပြီးတာပဲလေ."

နှစ်ယောက်သား စကားပြောနေကြတုန်း ကျောင်းသားများကြားထဲတွက်လည်း တီးတိုးဆွေးနွေးမှုများနှင့် ပွက်လောရိုက်နေတော့၏။

"ဆရာလင်းကတော့ လုံးဝကို စံပြပဲ..ဆရာချိန်ကတောင် ကြောက်ရွံ့ရတယ်..."

"ငါခုလေးတင် သူတို့ နှစ်ယောက် လက်ရည်ဖလှယ်တာကို မှတ်တမ်းတင်ထားတယ်..ခနနေကျရင်း ကျောင်းဖိုရမ်မှာ တင်လိုက်တော့မယ် ဟီးဟီး..."

"နင်မြင်လိုက်လား..စောနတုန်းက တီချယ်လင်းရဲ့ ရှပ်အင်္ကျီလှပ်သွားတုန်းက လေ..ပေါင်မုန့်ကြီးတွေမှ အများကြီးပဲ နော်...နောက်မှ စလိုးမိုးရှင်းနဲ့ သေချာလေး ပြန်ကြည့်ဦးမယ်.."

"တီချယ်လင်းက ခုကစပြီးငါ့အိုင်ဒေါပဲ..သေတဲ့ထိ သူ့ကိုပဲ သစ္စာရှိသွားတော့မှာ..."ကျိန်းရာဝန်မှ ပြောလိုက်သည်။

"ရာရာ..သူက နင့်ကောင်လေးကို ဆော်ထားတာမဟုတ်ဘူးလား..အမှန်ဆို နင်နဲ့ ရန်သူဖြစ်ရမှာလေ...,"

"အတန်းပြီးတာနဲ့ အဲ့ကောင်ကို ပြတ်ပြီလို့ ပြောလိုက်တော့မယ်..အလကား ကိုယ့်

ကိုယ်ကို အထင်တွေ ဇွတ်ကြီးနေပြီးတော့ ဘာမှ မှီခိုလို့ရမယ့် ကောင် မဟုတ်ဘူး..ဆရာလင်းလို ပုံစံမျိုးကမှ အကောင်းဆုံးပဲ..."

"အင်း...ဒါပေမယ့် နင်ဘယ်တောမှ မရနိုင်တဲ့ လူစားမျိုးပေါ့..."

"ဘာဖြစ်လဲ..အေးစက်ပြီး အထီးကျန်တဲ့ ညတွေမှာ စိတ်ကူးယဥ်ဖို့ရရင် လုံလောက်ပြီမဟုတ်လား..."

"ဟင်း...နင်ကတော့ ဆေးမမှီတော့ဘူး..."

ချိန်ထျန်းပေါ်:"....."

သူရှုံးသွားလို့ နာကျင်နေပါတယ်ဆိုနေမှ စော်ကပစ်သွားတော့ စောက်သည်းက ကွဲရပြန်ဦးမယ်....

မိုးနတ်မင်းကြီး ခင်မျက မတရားတာပဲဗျ....

"ကဲ...အားလုံးတိတ်ကြတော့...."လင်းရီ ပြောလိုက်သောအခါ အကုန်လုံး အပ်ကျသံကြားရလောက်သည်အထိ တိတ်ဆိတငြိမ်သက်သွားကြတော့၏။

"ခု အတန်းကို ဆက်သင်မယ်....ဘယ်သူထွက်လာပြီး လက်ရည်စမ်းချင်သေးလဲ..ရှိရင် ထွက်ခဲ့ကြ..."

"ဒီမှာပါရှင့် ..တီချယ်..သမီးရှိတယ်လေ..."

ကျိန်းရာဝန် မတ်တပ်ရပ်လိုက်ပြီး "တီချယ် လင်းနဲ့ လက်ရည်စမ်းချင်လို့ပါ..."

"မင်းလား....လာနောက်နေတာလား..."

"တီချယ်လင်း..သမီး အတည်ပြောနေတာ နော်..."ကျိန်းရာဝန် ပြောလိုက်ပြီး "ဒါပေမယ့် လက်ရည်စမ်းတဲ့အချိန်ကျရင် သမီးကို ကိုင်ပေါက်လွှင့်ပစ်တဲ့ အကွက်လေး လုပ်ပေးလို့ရမလား..."

"ကိုင်ပေါက်ပြီး လွှင့်ပစ်ရမယ်..."

"အွန်း..အွန်း..အရင်ဆုံးပွေ့လိုက်...နောက်ပြီးတော့မှ တီချယ်လင်း ကြိုက်သလို လုပ်..အရမ်းကြီးတော့ မလုပ်နဲ့နော်...နာမှာကြောက်လို့..."

# အခန်း (၂၄၄)

"ထားလိုက်တော့...ငါ့အားကို သချော မထိန်းနိုင်ဘူးဆိုတော့ မနာဘူးလို့ အာမ မခံနိုင်ဘူး....."

"အာ....နာလည်း ရပါတယ်လေ...ကြိတ်မှိတ်ပြီး ခံရမှာပေါ့.....သမီးကတော့ လက်ခံဖို့ အသင့်ပါပဲ..."ကျိန်းရာဝန် ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် အံတင်းတင်းကြိတ်၍ ပြောလိုက်သည်။

"အိုကေ.. အားလုံးပဲ....."ချိန်ကျန်းရဲ့ ခဏရပ်၍ "ခုကစပြီးတော့ ဆရာလင်းက တိုက်

ကွမ်ဒိုကလပ်ရဲ့နည်းပြပဲ.....မင်းတို့ မလေးမစား မလုပ်ကြနဲ့...လုပ်ရင်လည်း ခုနတုန်းကဟိုနှစ်ယောက်ဘယ်လိုဖြစ်သွားလဲဆိုတာတွေ့တယ်မလား..သူတို့နေရာမှာ မင်းတို့ဖြစ်ချင်တယ်ဆိုရင် လုပ်ကြပေါ့..."

သတိပေးစကား တစ်ချို့ ပြောပြီးနောက် ချိန်ကျန်းရဲ့ စိတ်ပျက်အားလျော့စွာဖြင့် ထိုနေရာမှ ထွက်လာခဲ့လေသည်။

သူထိုနေရာ၌ ဆက်နေရန် မျက်နှာ မရှိတော့။

လင်းရီကတော ချိန်ကျန်းရဲ့ ပေးသည့် သင်ရိုးအတိုင်း အတန်းကို ဆက်သင်

လိုက်၏။ ၎င်းကသူ့ကို အများကြီး သက်သာသွားစေခဲ့သည်။

သို့သော်လည်း ကိုင်တွယ်ရခက်သည်မှာ တော့ မိန်းကလေး အချို့မှာ နာကျင်သည် ကို မကြောက်ရွံ့ပဲ သူနှင့် လုံးထွေးသတ်ပုတ် ချင်နေသည်ဟု ဆိုနေကြ၏။

ယင်းက လင်းရီကို ခေါင်းအကြီးကြီး ကိုက် သွားစေခဲ့ပြီး ဘတ်စကက်ဘော သင်ရသည် ထက်တောင် ပိုပြီး စိတ်ပင်ပမ်းနေတော့၏။

မကြာမီ ခေါင်းလောင်းတီးသံ ပျံ့လွင့်လာပြီး အတန်းမှာလည်း ပြီးဆုံးသွားခဲ့သည်။

လင်းရီ အားကစားရုံထဲမှ ထွက်ခါနီးတွင် သူ့ ထံသို့ ဖုန်းတစ်ခု ဝင်လာခဲ့၏။

ကျီချင်းရန်မှ ခေါ်ဆိုလာခဲ့ခြင်းပင်။

"တီချယ်လင်း..ခုချိန်လောက်ဆို ရှင့်အတန်း သင်တာ ပြီးလောက်ရောပေါ့.."ကျီချင်းရန် ချစ်စဖွယ်အသံလေးဖြင့် ပြောလိုက်၏။

"အယ်...ခုအချိန်ပြီးမယ်ဆိုတာ မင်းက ဘယ်လိုလုပ် သိတာ..."

"ဒါပေါ့...တက္ကသိုလ်ရဲ့ ဒုတိယချိန်က အမြဲတမ်း ဒီအချိန်ဆို ပြီးပြီလေ..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "နင့်အတွက် ဟင်းချက်စရာတွေ ဝယ်ထားပေးတယ်...လာပြီး ချက်ပြုတ်လို့ရပြီနော်..."

"ကောင်းလိုက်တာ ဥက္ကဌကျီ...ကုမ္ပဏီ အကြီးစားကြီး တစ်ခုလုံးက မင်းစီမံခန့်ခွဲမှာ ကို စောင့်နေရတာ..အဲ့တာတောင်မှ နေ့တိုင်း ရုံးခန်းထဲမှာ အစား သောင်းကြမ်းဖို့ အချိန်ရှိ သေးတယ်ပေါ့..မင်းရာ ထူးပြုတ်မှာ မ ကြောက်ဘူးလား..."

"မကြောက်ပါဘူး.."ကျီချင်းရန် အချက် လက်ကျကျဖြင့် "တကယ်လို့ အခြေနေမ ကောင်းရင်လည်း တီချယ်လင်းက ပရော ဂျက်လေးငါးခုလောက် ပေးလိုက်ရင် အို ကေပြီလေ..အဲ့တာဆို လူတိုင်း ဘာမှ ပြော ရဲတော့မှာ မဟုတ်ဘူး..."

"ဟမ့်..ဘယ်သူက မင်းလို အားကိုးမရတဲ့ သူ့လက်ထဲ ပရောဂျက် ထည့်ရဲမှာလဲတဲ့..."

"ဟွန်း..နင် ပေးမှာလား မပေးဘူးလား..မပေးရင် ကိုက်မှာနော်..."

"ကိုက်ချင်ရင် ကိုက်လို့ရတယ်..ဒါပေမယ့် နာအောင်တော့ မကိုက်နဲ့..."

"ဟမ်..ဘာသဘောတုန်း ..နာအောင် မကိုက်နဲ့ ဆိုတာက...."

"ခွဲပြီးဖတ်ကြည့်လေ....."

"ခွဲပြီး ဖတ်ရမယ်..."ကျီချင်းရန် သူမကိုယ်သူမ တီးတိုးရေရွတ်လိုက်ပြီး

"ကိုက်....ခွဲပြီးဖတ်ကြည့်တော့ ..လင်းရီ..နင်ငါ့ကို စရဲတယ်ပေါ့....နင်က.....တီ တီ တီ...."

[TL : ကိုက်တာက 咬 ခဲလိုက်ရင် 口 (ပါးစပ်) + 交 (ထပ်တာ) ပါးစပ်ခြင်းထပ်တာဆိုတော့ နမ်းတယ်ဆိုတဲ့ သဘောမျိုးပါ နမ်းရင်းကိုက်တယ်ဆိုတော့ ဟဲဟဲ..]

ကျီချင်းရန် စကားမဆုံးမီ လင်းရီ ဖုန်း အရင်ချလိုက်၏။

ထို့နောက် သူ ကားပါကင်ထိုးသည့်နေရာသို့ သွားလိုက်သည်။

ရောက်ခါရှိသေး ရှောင်ထျန်မှ ဖုန်းဝင်လာပြန်သည်။

"ကန်သင်းက အစားအသောက်တွေက အရမ်းကောင်းတာနော်...နင်ဘာစားချင်လည်း..ဝယ်ခဲ့ပေးမယ်လေ..."

"ရပြီ...ငါလုပ်စရာရှိသေးလို့ ကျောင်းမှာ မစားနိုင်တော့ဘူး...ဝယ်ခဲ့နေနဲ့တော့..."လင်းရီပြောလိုက်သည်။

"ပြီးတာပဲလေ..နောက်နေ့ကျရင် ဝယ်ကျွေးမယ်..နင်စိတ်ဆိုးလို့ မရဘူးနော်..ငါနဲ့ ဂိမ်းတွေ အများကြီး အတူဆော့ပေးရဦးမှာ..."ဂိမ်းသရဲလေး ရှောင်ထျတ်မှာ လင်းရီသူမနှင့် အတူမဆော့ပေးမည်ကို အတော်လေး စိုးရိမ်နေရှာ၏။

"ဟူး...ငါပြောတာ နားထောင်စမ်းပါကွာ..မင်း ရဲ့ IQ နဲ့ဆို ဂိမ်းကို တာ့တာ ပြသင့်နေပြီ...ချိုချဉ်ဂိမ်းလေးပဲ ဆော့နေစမ်းပါ...,"

"ဘာဆော့ရမယ်...."

"ကိုယ့်ဟာကို ဆော့နေလိုက်လို့..."

ရှောင်ထျန်း"....."

.......

နှစ်ဆယ်မိနစ်ခန့် ကြာသော်

လင်းရီ ချောင်ရန် အုပ်စုသို့ ရောက်လာခဲ့ပြီး ရုံးခန်းစတံခါးဖွင့်လိုက်သောအခါ ချင်းရန်မှ သူ့ကို အပြုံးလေးဖြင့် စောင့်ကြိုနေကြောင်း မြင်လိုက်ရလေသည်။

"မစ္စတာလင်း..ရှင်က အရမ်းအချိန်မှန်တာပဲနော်...၁၂ နာရီ အတိပဲ....."

"မင်း ဆာပြီးသေနေမှာဆိုးလို့ မြန်မြန်လာခဲ့တာပေ့ါ..."

"ဟွန်း..ကျွန်မက အဲ့လောက် အသုံးမကျတဲ့ သူလည်း မဟုတ်ပါဘူး.."

ထိုသို့ ပြောပြီးစနောက် ကျီချင်းရန် သူမ စားပွဲနားမှ ထလာပြီး လျို့ဝှက်ဆန်းကြယ်သော အပြုံးလေးဖြင့် "လာ..လာ..မြန်မြန်လာ...ငါနင့်ကို ပြစရာ ရှိတယ်..."

"ဘာလဲပြမှာမို့လို အဲ့လောက် ဆန်းကြယ်တဲ့ ပုံစံကြီးတွေ လုပ်ပြနေတာ..."

"စပရိုက် လုပ်ပေးမလို့လေ...."ကျီချင်းရန် လင်းရီကို သူမ၏ အဝတ်စားလဲခန်းသို့ ဆွဲခေါ်သွားပြီး

"မြန်မြန်...မျက်လုံးမှိတ်လိုက်..."

"ဘာတွေလုပ်နေတာ..ငါက ဘာလို့ မျက်စိမှိတ်ရမှာလဲဟ..."

"လုပ်စမ်းပါ..မှိတ်ဆို မှိတ်လိုက်ပေါ့..."

လင်းရီ မျက်လုံးမှိတ်လိုက်ပြီး ကျီချင်းရန် ချလပ် ဟူသော မြည်သံနှင့် အတူ ဗီရို တံခါးပိုဖွင့်လိုက်လေသည်။

"ရပြီ...ဖွင့်ကြည့်လိုက်တော့..."

လင်းရီ မျက်လုံးဖွင့်လိုက်သည့်အချိန်တွင် တန်းမြင်လိုက်သည်ကတော့ အရောင်အသွေးစုံလင်စည့် အင်္ကျီအဝတ်အစားများ ၊ အသုံးအဆောင်များနှင့် ဒီဇိုင်းအမျိုးမျိုးဖြင့် ဒေါက်မြင့်ဖိနပ်များကို မြင်လိုက်ရလေသည်။

"စပရိုက်ဂစ်က ဒါကြီးလား..မင်းခုနတုန်းက မှ လဲထားတဲ့ စတော်ကင်ကြီးလား..."

"အာ...မဟုတ်ဘူးလေ..ငါ မနက်တုန်းက လဲထားပြီး လျှော်ဖို့ မေ့နေတာ.."ကျီချင်းရန် အနည်းငယ် ရှက်ရိပ်သမ်းသွားပြီး "ဆက်ကြည့်ပါဦးဟဲ့..တခြား ဘာမှကော မမြင်တော့ဘူးလား..."

"အဲ့တာဆို အောက်ဆုံးထပ်က sneaker တွေလား...."

"အွန်း..."ကျီချင်းရန် ပြုံးလိုက်ပြီး "Air Jordan 1 ကနေ 14 ထိ လေ...နင် ဘတ်စကက်ဘော ကစားရင် ဝတ်ဖို့ ဝယ်ထားပေးတာ..."

ထိုသို့ ပြောရင်း ဗီရိုထဲမှ လက်ဘာရွှန် ဂျိမ်းစ် ဂျာစီ နှစ်စုံကို ထုတ်၍ "ဒါတွေက နင်နဲ့ဆို အရမ်းကြည့်ကောင်းမှာပဲ သိလား..."

လင်းရီ ရင်ဘတ်ထဲ၌ ခံစားသွားခဲ့ရ၏။ သူ ဘတ်စကက်ဘော နည်းပြ လုပ်နေသည်ကို သိတော့ သူမ ထို ပစ္စည်းများကို ဝယ်ပေးလိမ့်မည်လို့ မျှော်လင့် မထားခဲ့ချေ။

"ဒီလောက်အများကြီး ဝယ်လိုက်တယ်ဆိုတော့ ပိုက်ဆံတွေ အတော်လေး ကုန်သွားမှာပေါ့..."

"ဘာမှ မဖြစ်ဘူး..ငါ့ပိုက်ဆံနဲ့မှ မဟုတ်တာ..."

"မင်းကို လိုက်ပိုးပန်းနေတဲ့သူတွေရဲ့ ပိုက်ဆံနဲ့ ငါ့ကို ဂျာစီတွေ sneaker တွေ ဝယ်ပေးတယ်ပေါ့....မဆိုးဘူး..မဆိုးဘူး..ဘယ်လိုအသုံးချရမလဲဆိုတာ ကောင်းကောင်းသိတာပဲ.."

"ဖူး...ငါ အဲ့လောက်ကြီးလည်း အရေမထူပါဘူးဟယ်..."ကျီချင်းရန် ပြောလိုက်ပြီး "နင့်ရဲ့ ဆိပ်ကမ်းက ပိုက်ဆံတွေနဲ့ ဝယ်ထားတယ်လေ..ဆိုတော့ နင့်ပိုက်ဆံတွေပဲပေါ့..."

လင်းရှီ ရယ်ရအခက် ငိုရအခက် ဖြစ်သွားခဲ့ပြီး "ငါတော့ အထင်ကြီးမိတာတောင် မှားသွားပြီ..."

"ခစ်ခစ်..."

ကျီချင်းရန် ဂုဏ်ယူစွာပြုံးလိုက်ပြီး နှင်းဆီကဲ့သို့ နီဆွေးသော နှုတ်ခမ်းသားလေးများမှာ အပေါ်သို့ တွန့်ကွေးသွားကာ "လင်းရီ..ငါနင့်ကို ဂျာစီတွေ sneaker တွေ ဝယ်ပေးထားတယ်ဆိုတော့ အပြန်လှန်အနေနဲ့ အရသာရှိတာလေးတွေ ချက်မကျွေးသင့်ဘူးလား...ဒါတွေ ရဖို့ တစ်မနက်ခင်းလုံးပြေးလွှားထားရတာနော်..ခု ဆာနေတာ အူလိပ်တော့မယ်..."

"အိုကေ..ဒီမှာ စောင့်နေလိုက်..."

"အွန်း..."

လင်းရီ မီးဖိုချောင်ထဲသို့ ရောက်လာသောအခါ ဟင်းအမယ်များမှာ ကြိုတင်

လှီးဖြတ်ပြီးထားပြီး သူက အသင့် ချက်ပြုတ်လိုက်ရုံသာ။

ဖြတ်တောက်ထားသည့် ဟင်းအမယ်များ၏ ပုံစံ အနေအထားကိုကြည့်၍ ဆုံးဖြတ်ရမည် ဆိုပါက ကျီချင်းရန်၏ ဓားကိုင်သည့် စကေး များမှာ အတော်လေး တိုးတက်လာပုံပင်။ အနည်းဆုံးတော့ အမယ်များကို သေသပ်စွာ ဖြတ်ပိုင်းထားလေသည်။

လင်းရှီ စတင် ချက်ပြုတ်တော့မည့် အချိန် တွင် ကျီချင်းရန် မီးဖိုချောင်ထဲသို့ ရောက်လာခဲ့ပြီး "ဒန် ဒန် ဒန် .....ငါဘာဝတ် ထားလဲဆိုတာ ကြည့်လိုက်ဦး..."

လင်းရီ လှည့်ကြည့်လိုက်သောအခါ ကျီချင်း ရန်မှာ အဝတ်စားအသစ် လဲထားကြောင်း တွေ့လိုက်ရ၏။

သူမ၏ အလုပ်ဝတ်ယူနီဖောင်းမှ ဂျင်းပန် အတိုလေး ပြောင်းလဲဝတ်ဆင်ထား၏။ သို့သော်လည်း Kobe ဂျာစီနှင့် တွဲလျက်ဝတ်ဆင်သောကြောင့် ဂျင်းပန်အတိုလေးကို လုံးဝ ဖုံးကွယ်ထားသလို ဖြစ်သွားပြီး အမှတ်တမဲ့ ကြည့်လိုက်မည်ဆိုပါက အောက်ပိုင်းတွင် ဘာမျှ မဝတ်ထားသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်သွားစေသည်။

ထို့ပြင် အနက်နှင့် အနီ စပ်ကျား AJs 14 မှာ သူမဝတ်ဆင်ထားသည့် အဝတ်စားများနှင့် လုံးဝ လိုက်ဖက်နေတော့၏။

"မဆိုးပါဘူး.."

လင်းရီ သာမန်ကာလျှံကာ ပြောလိုက်လေသည်။

"မဆိုးတော့ဘူးပဲ ပြောတော့မှာလား..ပိုပြီး သေသေချာချာလေး ပြောလေဟာ..."

"လှလိုက်တဲ့ ခြေတံလေးတွေ...ရှည်တယ်..ဖြူတယ်..ဖြောင့်စင်း နေတာပဲ.."

ကျီချင်းရန် မျက်လုံးလိမ့်လိုက်ပြီး လင်းရီကို ကြည့်၍ "ငါသာ အနက်ရောင် စတော်ကင်

ဝတ်လိုက်မယ်ဆိုရင် ပိုပြီး ကြည့်လို့ကောင်း မယ်လို့ ထင်လား."

"ဘော့စ်ကျီက ကျွန်တော့်အကြိုက်တွေ အရမ်းသိတာပဲ..."

"ဟဲ့ ပေါက်တတ်ကရတွေ...မြန်မြန် ချက် စမ်းပါ..ငါ အတော်လေး ဗိုက်ဆာနေပြီ..."

ထိုသို့ပြောလိုက်ရင်း သူမ ရေခဲသေတ္တာထဲ တွင် အအေးခံထားသည့် သရက်သီး ဖျော်ရည်ကို ထုတ်ယူရန်လည်း မမေ့ချေ။

နာရီဝက်ခန့် ကြာပြီးနောက် လင်းရီ ဟင်းလေးပွဲနှင့် စွပ်ပြုတ်တစ်ခွက်ကို ကော်ဖီ စားပွဲပေါ်၌ ခင်းကျင်းထားလေ သည်။

ကျီချင်းရန်ကတော့ စားချင်စဖွယ်ဖြစ်နေသည့် ဟင်းလေးမျိုးကိုကြည့်၍ ဘယ်ဟင်းခွက်က စနှိုက်ရမလဲဆိုတာ ဆုံးဖြတ်ရခက်နေတော့၏။

"မြန်မြန်စားလေ..မင်းပဲ ခုနက ဆာ ေ-သပါပြီ လုပ်နေတာ မဟုတ်လား..."

"ဆာတာတော့ ဆာတာပေါ့ဟဲ့.....ဒါပေမယ့် ဟင်းတိုင်းက စားကောင်းမဲ့ပုံပေါက်နေတော့ ဘယ်ဟာ အရင်စားရမလဲ မသိဘူး ဖြစ်နေတာ.."

ထို့နောက် ကျီချင်းရန် လင်းရီ အနားသို့ တိုး၍ တီးတိုးလေသံဖြင့် "ငါနင့်ကို လျို့ ဝှက်ချက် တစ်ခု ပြောပြမယ်နော်..."

"ဘာလျို့ဝှက်ချက်လဲ..."

"ငါဒီကနေ့ တိတ်တိတ်လေး ပေါင်ချိန်တိုင်း လိုက်တာ ငါးပေါင်တောင် တက်လာတယ် သိလား..."

ကျီချင်းရန် တူကို ပါးစပ်ထဲတွင် ထည့်၍ လေလျှော့ခံထားရသည့် ပူဖောင်းပုံစံဖြင့် "ငါက ဝိတ်ကျချင် နေပါတယ်ဆိုမှ.....ဒါပေ မယ့် နင်ချက်တဲ့ ဟင်းတွေလည်း မြင်ရော ကျချင်တဲ့ စိတ်တွေတောင် ဘယ်ပျောက် ကုန်ပြီလဲ မသိဘူး..."

"ငါ့မှာ အစာစားချင်စိတ်ပျောက်အောင် လုပ်နိုင်တဲ့နည်း ရှိတယ် ...နားထောင်ချင် လား..."

## အခန်း (၂၄၅)

"ဘယ်လို မျိုးလဲ..."

"ငါမင်းကို ပုံပြင် တစ်ပုဒ် ပြောပြ မယ်..သေချာလေး နားထောင်..."

ကျီချင်းရန် လေးနက်သည့် အမူအရာဖြင့် ခေါင်းညိမ့်ပြလိုက်၏။

"တစ်နေ့ ..ဆင်ကြီးတစ်ကောင်က မြက်ဖုတ်ပေါ်မှာ မစင်စွန့်နေတယ်...မစင်စွန့်

ပြီးတဲ့အချိန်မှာပဲ သူမှာ သုတ်စရာ မရှိတာကို သတိရသွားတယ်...အဲ့အချိန်မှာပဲ ယုန်ဖြူသေးသေးလေးတစ်ကောင်က

တိုက်တိုက် ဆိုင်ဆိုင် မဆင်စွန့်နေတဲ့ ဆင်နား ရောက်လာပါလေရော...ဆင်ဘာပြောလဲ သိလား....ယုန်ဖြူလေး..မင်းအမွေးကျွတ်တတ်လားတဲ့...ယုန်ကလည်း ဘာလားပေါ့..ဘလိုင်းကြီးဆိုေတာ့ ကြောင်အပြီး ဆွံ့အနေချိန်မှာ ဆင်ကြီးက ယုန်ဖြူလေးနဲ့ သူ့ဖင်ကို သုတ်လိုက်ပါလေရော..."

"အီး....ရွံ့ဖို့ ကောင်းလိုက်တာ..နင်တခြားဟာ ပြောလို့မရဘူးလား..."

"နေဦး..ငါပုံပြင်က မဆုံးသေးဘူး..."လင်းရီဆက်လက်၍ "နောက်တစ်နေ့ကျတော့ အဲ့

ဆင်ကြီး အစာစားနေပြန်ရော...စားပြီး သောက်ပြီးမှပဲ သူ့ ပါးစပ်သုတ်ဖို့ တစ်သျှူး မရှိဘူးဆိုတာ သတိရသွားတယ်...အဲ့အချိန် မှာပဲ ယုန်မည်းမည်းလေး တစ်ကောင်က အဲ့ ဆင်ကြီးနားရောက်လာတယ်...ဆင်ကြီး လည်း မေးတာပေါ့..ယုန်မည်းလေး မင်း အမွေးကျွတ်တတ်လား....ယုန်မည်းလေး လည်း ဘာမှ ပြန်မပြောတော့ ဆင်ကြီးက ယုန်မည်းကိုယူပြီး သူ့အမွေးတွေနဲ့ ပါးစပ် သုတ်ပစ်လိုက်ပါလေရော..."

"သုတ်ပြီးတော့မှပဲ အဲ့ယုန်မည်းလေးက ဘာပြန်ပြောလဲသိလား....ဦးဆင် ကြီး..ကျွန်တော်က မနေ့တုန်းက ယုန်ဖြူ လေးလေတဲ့...."

"အာ...."

"လင်းရီ..နင်က အရမ်းရွံ့ဖို့ ကောင်းတာပဲ..ငါ မှာဖြင့် စားရမှာလား မစားရတော့ဘူးလား တောင် မသိတော့ဘူး.."

ကျီချင်းရန် ရှူးသွပ်တော့မတတ် ခံစားနေ ရ၏။ သူမ ခြေထောက် လုံလောက်အောင် မရှည်သည်ကိုပင် စိတ်တိုနေမိတော့၏။ မဟုတ်ပါက လင်းရီကို အဝေးမှ လှမ်းကန် နိုင်ပေမည်။

"အဲ့ဗျာ...ဒီကလည်း ဝိတ်ကျအောင် ကူညီ ပေးရသေး..."လင်းရီ အပြုံးလေးဖြင့် ပြော လိုက်ပြီး "ခုကော စားချင်စိတ် ရှိသေး လား..."

"ဖျားချင်သလိုလိုတောင် ဖြစ်လာပြီ..."ကျီချင်းရန် ခေါင်းခါယမ်း၍ "မစားဘူးဟာ..မစားဘူး..."

"ကြည့်...အကျိုးရှိတယ်မလား...."

"ငါမစားရရင် နင်လည်း စားလို့မရဘူး..ငါတော့ ခနလောက်နေမှပဲ စားတော့မယ်...."

"ငါ့ ဝှက်ဖဲတွေ သုံးထားတာတောင်မှ မင်းက စားဝင်သေးတယ်ပေါ့..မင်းက ဆင်ကြီးလား..."

"လင်းရီ..ငါနင့်ကို သ-တ်မယ်..."

ကျီချင်းရန် ဒေါသတကြီးနှင့် ပြေးဝင်လာပြီး လင်းရီကို ဆိုဖာပေါ်သို့ တွန်းချလိုက်၏။

လင်းရဲ့ အနေအထားပြောင်း၍ အောက်မှ အပေါ်သို့ တက်လိုက်ပြီး "မင်းက ငါနဲ့ ဒီဂိမ်း လာကစားချင်တယ်ပေါ့လေ....မင်း ခြေထောက်တွေကို ကလိယား ထိုးပစ်လိုက်မယ်...."

"ငါဒီနေ့ sneaker ဝတ်ထားတာ..နင် ချွန်လို့ မရတော့ဘူး ဟားဟား...."

အဲ့တာဆိုလည်း တခြားနေရာ ထိုးမယ်ကွာ...

"ငါက ကလိယားထိုးခံရမှာ မကြောက်တော့ဘူး..ဒီတော့ နင်လုပ်လည်း အလကားပဲ..."

ချလပ်...

"စီနီယာ...."

ရုံခန်းတံခါးမှာ ပွင့်လာခဲ့ပြီး ထိုတခဏ၌ အချိန်မှာ ရုတ်တရက် တန့်သွားသကဲ့သို့ ခံစားလိုက်ရသည်။

"အာ...ညီမ အချိန်မှားပြီး ရောက်လာခဲ့တာလား......"ဟော်ယွမ်ယွမ် မဝံ့မရဲလေး မေးမြန်းလိုက်၏။

"အထင်မလွဲနဲ့နော်..နင်ထင်နေသလိုမျိုး မဟုတ်ဘူး..."ကျိချင်းရန် မက်မွန်သီးကဲ့ ရဲမှည့် နေပြီး ကမန်းကတမ်း ရှင်းပြလိုက်သည်။

တစ်နာရီတောင် မထိုးသေးတာကို ယွမ်ယွမ်က ဘာလို့ ဒီရောက်လာတာလဲဟ...

ပြီးတော့ ရောက်မယ့်ရောက်တော့လည်း တကယ့် အထင်လွဲစရာ ကောင်းတဲ့အချိန်ကျမှ ရောက်လာခဲ့ရတယ်လို့...

မျက်နှာ ဘယ်လိုပြရမလဲတောင် မသိတော့ဘူး...

"မပူနဲ့ အစ်မကျီ ဖြည်းဖြည်းလေး ရှင်းပြလို့ရတယ်...ညီမ နားထောင်နေတယ်...."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ညီမ သိချင်တာက ဒီလို အနေအထားကြီးနဲ့ ချစ်တာကလွဲရင် တခြား ဘာများ လုပ်လို့ရသေးလို့လဲ..."

"မင်းဘာရပ်လုပ်နေတာလဲ..."လင်းရီ အော်လိုက်ပြီး "မင်းလည်း အရွယ်ရောက်ပြီးသားမဟုတ်လား...အဲ့တာဆို ဘာလို့ ဒီတိုင်း ရပ်

ကြည့်နေတာလဲ..တစ်နေရာရာ သွားပြီး ရှောင်နေလေ..နှစ်နာရီကျော်မှ ပြန်လာခဲ့..."

"နှစ်နာရီ...."

ဟော်ယွမ်ယွမ် လင်းရီကို ငေးကြည့်လိုက်ပြီး "သူဌေး ရှင်က တကယ့်ကို ဂုဏ်ယူဖို့ကောင်းတဲ့ ယောကျ်ားသားတစ်ယောက်ပဲ..ကျွန်မခု ရှောင်ပေးမယ်... "

"ဟဲ့..ဘာသွားမလို့တုန်း..ဒီမှာပဲနေ..."ကျိချင်းရန် လှမ်းအော်လိုက်၏။

"အာ...သူ့ကို ဒီမှာနေခိုင်းရင် မကောင်းဘူးထင်တယ်နော..."လင်းရီ အခက်တွေ့နေဟန်ဖြင့် ပြောလိုက်လေသည်။

"ဘာလို့လဲ..."

"နှစ်ယောက်လုံး နိုင်ရအောင်လဲ ငါက သန့်စင်ယန်ခန္ဓာပိုင်ရှင်မှ မဟုတ်တာ..."

"ဟမ်...."

ကျီချင်းရန် တခဏမျှ ကြောင်အ သွားပြီး နောက်မှ လင်းရီ၏ စကားအဓိပ္ပာယ်ကို နားလည်သွားလေသည်။

"လင်းရီ နင် ပေါက်တတ်ကရတွေ ဆက်ပြောနေရင် ငါသေအောင် လည်ပင်း ညစ်သ-တ်လိုက်တော့မှာနော်..."ကျီချင်းရန် စိတ်ဆိုးစွာ ပြောလိုက်ပြီး ဖယ်တော့လေ....ဘာလို့ ခုထိ အပေါ်မှာ နေနေတာ..."

"အာ...အိုကေလေ......"

"အမ်...ညီမတို့ဖြင့် ခင်လာတာ နှစ်ပေါင်း မနည်းတော့ဘူး..အစ်မကျီ ခုလို ဂျာစီဝတ်တာကို မြင်ဖူးတာ ပထမဆုံးပဲ...ဘော့စ်...ရှင်ကတော့ အရမ်း မိန်းမကျမ်း ကျေတာပဲနော်..."

"ဘာဆန်းလို့လဲ..ဒီတိုင်း ခြေထောက်လေး ဖယ်ထားတာလေးကိုများ မပြောပလောက်ပါဘူး.."

"အိုး...ခြေထောက်လေးပဲ ဖော်ထားတာလား..."

ဟော်ယွမ်ယွမ်မှ နားလည်ပါသော အကြည့်ဖြင့် ခေါင်းတဆတ်ဆတ်ညိမ့်လိုက်လေသည်။

"ဟုတ်တယ်လေ...ဘာမှ မပြောပလောက်ဘူး.."

ဟော်ယွမ်ယွမ်မှ စကားကို ရှေ့မလွတ်နောက်မလွတ် ပြောလိုက်ပြီး "အစ်မကျိုက ထွက်မသွားခိုင်းမှတော့ ဒီမှာပဲ နေလိုက်တော့မယ်...အတော်ပဲ နေ့လည်စာ မစားရသေးတာနဲ့.."

ထိုသို့ပြောပြီးနောက် ဟော်ယွမ်ယွမ် တူကိုကိုင်ကာ စတင် စားသောက်တော့သည်။

ကျိုချင်းရန်ကတော့ ပျော်ရွှင် မနေချေ။

ငါတောင်မှ စားရဖို့ လင်းရီကို မနည်းတောင်းပန်ထားရတာ...အဲ့တာကို နင်က အခန့်သားနဲ့ ထိုင်စားနေတယ်ပေါ့လေ...

၎င်းကို စဉ်းစားပြီးနောက် ကျီချင်းရန် ဖုန်းထုတ်၍ လင်းရီထံ ဝီချက်မှတစ်ဆင့် စာတိုပေးပို့လိုက်၏။။။

ကျီချင်းရန် : ယွမ်ယွမ်ကိုလည်း ပုံပြောပြလိုက်လေ...

လင်းရီ : အင်း..ဘာပုံပြင်လဲ...

ကျီချင်းရန် : ယုန်ဖြူလေးနဲ့ ဦးဆင်ကြီးပုံပြင်လေ...

လင်းရီ : ငါက ဘာလို့ သူ့ကို အဲ့ပုံပြင် ပြောရမှာလဲ...

ကျီချင်းရန် : သူက နင်ငါ့အတွက် ချက်ပေးထားတာတွေ အကုန် စားပစ်လိုက်ရင် ငါက

ဘာသွားစားရတော့ မှာလဲ...ငါ တစ်ယောက်တည်းတော့ မခံစားနိုင်ဘူး..

"ဘာဖြစ်လို့လဲ..အရင်တစ်ခေါက်တုန်းက လည်း သူစားတာ မင်းဘာမှ မပြောပါဘူး ဟ...ခုမှ ဘာထဖောက်နေတာ..."လင်းရှီ ဇဝေဇဝါဖြစ်စွာ မေးလိုက်လေသည်။

"တစ်ခါဆိုရပြီလေ..ငါတောင် ဘယ်နှစ်ခါ စားဖူးနေလို့လဲ...."

လင်းရှီ :....

ဘယ်လို စိတ်ဓာတ်မျိုးလဲဟ..ကောင်းလိုက် တာ..

ကျီချင်းရန် : "ပြော..ပြော..ပြောလိုက်လို့.."

ကျီချင်းရန်၏ တိုက်တွန်းမှု အောက်တွင် လင်းရှိ အကြိမ်အနည်းငယ်ခန့် ချောင်းဆိုးလိုက်ပြီး "ယွမ်ယွမ်...မင်းစားနေတုန်း ပုံပြင်နည်းနည်းလောက် နားထောင်ရင် ဘယ်လိုလဲ..."

"ရတာလေ..စားရင်း နားထောင်ရတာပေါ့..."ဟော်ယွမ်ယွမ် ပလုပ်ပလောင်းဖြင့် ပြောလိုက်၏။

"ပုံပြင်က ဒီလို...တစ်နေ့ ဆင်ကြီးတစ်ကောင်က မြက်ဖုတ်ပေါ်မှာ ........"

"ဟားဟား....."

လင်းရီ ပုံပြင် စကာရှိသေး ဟော်ယွမ်ယွမ်မှ တဟားဟား ရယ်မောနေတော့၏။

ယင်းက လင်းရီကို ကြက်သေသေသွားစေသည်။

'ငါက စတောင် မစရသေးဘူးလေ.....မင်းက ဘာလို့ ရယ်နေတာလဲဟ...'

"ဘော့စ်..ရှင်ပြောမှာက ဆင်ကြီးက ယုန်ဖြူလေးကို ဖင်သုတ်လိုက်တဲ့ အကြောင်းမလား..."

"အယ်..မင်းဘယ်လိုလုပ်သိတာ..."

"ဒီတိုင်း အရင်က ကြားဖူးလို့လေ..."ဟော်ယွမ်ယွမ် ပန်းကဲထဲသို့ ခေါင်းစိုက်ရင်း ပြောလိုက်၏။

"နောက်ထပ်ရှိသေးတယ်.."လင်းရီ ပြော လိုက်ပြီး "ပုံပြင်က အများကြီး ပြောစရာ ကျန်နေသေးတယ်..."

"သိပြီးသား..နောက်တစ်နေ့ကျတော့ အဲ့ဆင် ကြီးက ယုန်မည်းလေးနဲ့ ပါးစပ်သုတ် ပစ်လိုက်တာမလား..."

"အမ်...အဲ့တာလည်း သိသေးတယ်ပေါ့..."

"အွန်း..."ဟော်ယွမ်ယွမ် တူဖြင့် နံရိုးတစ်တုံး ကို ညှပ်လိုက်ရင်း

"ပုံပြင်ရဲ့ တတိယပိုင်းတောင် ရှိသေး တယ်..အဲ့နေ့ရဲ့ နောက်တစ်နေ့ကျတော့ ဖြူကောင်ကြီးရောက်လာတော့ ဆင်က သွားကြားထိုးသံ လုပ်ပစ်လိုက်တယ်

လေ...ပြီးတော့ အဲ့ဖြူကောင်က ဘာပြော လဲဆိုတော့ ...သူက မနေ့တုန်းက ယုန်ဖြူ လေးပါတဲ့..."

"အွက်...."

ယုန်ဖြူလေး ဘာကြောင့် ဖြူကောင် ဖြစ်လာလဲဆိုတာ မရှင်းပြရသေးခင် ကျီ ချင်းရန် မနေနိုင်တော့ပဲ သန့်စင်ခန်းထဲသို့ ပြေးဝင်၍ ပျို့အန်တော့၏။

သူမ ထွက်လာသည့် အချိန်တွင်တော့ မျက်နှာမှာလည်း ဖြူဖပ် ဖြူလျော် ဖြစ်နေ ပြီး ဟင်းလေးပွဲကို ကြည့်ကာ စားချင်စိတ် များ ပျောက်ဆုံးနေလေသည်။

"အစ်မကြီး...ဘာလို့ ပြုံ့အန်နေတာ."ဟော် ယွမ်ယွမ် ကြက်သေသေသွားပြီး "မဟုတ်မှ လွဲရော..အစ်မကြီး ကိုယ်ဝန်ရှိနေတာ လား...အစ်မတို့နှစ်ယောက်ပဲ ပြောနော့ ရိုးရိုးသားသားပါဆို..အချင်းချင်း ပွတ်သပ်ရုံ နဲ့ပဲ ကိုယ်ဝန်ရှိသွားရောတဲ့လား..."

"ဘာတွေ လျှောက်ပြောနာ..အဲ့ပုံပြင်က အရမ်းရွံ့စရာကောင်းတယ် မဟုတ်ဘူး လား..."

"ရွံ့ဖို့ကောင်းတယ်...? ပုံပြင်က ဒီတိုင်း ကလေးပုံပြင်လေးပဲမဟုတ်လား..အဲ့ လောက် ကြီးလည်း အတည်မယူပါနဲ့ အစ်မ ကြီးရယ်..."

ထိုသို့ ပြောပြီးနောက် ဟော်ယွမ်မွမ် နံရိုးနောက်တစ်တုံး ကောက်ဝါးလိုက်၏။

အရမ်း အရသာ ရှိတာပဲ...

ကျိချင်းရန် :"...."

ငါ ေ-သချင်တယ်...

လင်းရီလည်း ဟော်ယွမ်ယွမ် နည်းတူပင်။ သူလည်း မည်သို့မျှ ခံစားမနေရပဲ နေ့လည်စာကို မြိန်ရေယှက်ရည်သုံးဆောင်လိုက်၏။

အခြားတစ်ဖက်ရှိ ကျိချင်းရန်ကတော့ စားချင်စိတ်များပျောက်ဆုံးနေပြီး တစ်ကိုက်လေးတောင်မြည်းမကြည့်ချေ။

စားသောက်ပြီးနောက် ဟော်ယွမ်ယွမ်မှ အလိုက်တသိဖြင့် စားပွဲသိမ်းလိုက်ပြီး ရုံးခန်းထဲသို့ ပြန်လာခဲ့လိုက်လေသည်။

"မင်းပဲ ရင်းနှီးမြှုပ်နှံမှုအကြောင်း ဆွေးနွေးမယ်လို့ ပြောထားတယ်မလား..ခုစကြရအောင်လေ..."

လင်းရီ ပြောလိုက်၏။

ထို ချင်းရန်မှာ အရေးကြီးကိစ္စ ပြောစရာရှိသည်ဟု ဆိုထားသော်လည်း ဘာမျှ မဆိုသေးပဲ အချင်းချင်း ထိုင်ကြည့်နေကြ၏။

"လင်းယွမ် ကုမ္ပဏီအတွက် လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကတော့ ပြီးစီးသွားပြီ..အနာဂတ်ကျရင် ကျွန်မတို့ တရားဝင်

အော်ပရေးရှင်း လုပ်ငန်းတွေ လုပ်လို့ရပြီ.."ဟော်ယွမ်ယွမ်မှ သူမလက်ထဲရှိ စာရွက်စာတမ်းများကို လှန်လှောရင်း ပြောလိုက်သည်။

"နောက်ပြီး ဖောင်ဒေးရှင်းအတွက် အင်တာဗျူးက မနက်ဖြန်ဆို စပြီနော်..နောက်ကွယ်က သူဌေးကြီးဖြစ်တဲ့ ဘော့စ်လင်းလည်း လာကြည့်ချင် လာကြည့်ပါလား..."

"ငါက ဖြစ်စဉ်တွေ စိတ်မဝင်စားဘူး.ရလဒ်ကိုပဲ လိုချင်တယ်...မင်းနဲ့ ချီရှန်းကျောက်ပဲ ကြည့်ကြပ် လုပ်ထားလိုက်ကွာ..."

လင်းရီ ပြောလိုက်သည်။

"ငါမင်းကို နောက်ကျမှပဲ ပိုက်ဆံ တစ်ဘီလီယံ လွှဲပေးလိုက်မယ်...မိဘမဲ့ဂေဟာကတော့ ဦးစားပေးပဲ..နောက်ကျမှ တချို့နွမ်းပါးချို့တဲ့ တဲ့ နေရာတွေဆီ ဦးတည်ကြတာပေါ့..."

"ငါ့မှာ ပြောစရာတစ်ခု ရှိတယ်.."ကျီချင်းရန်ကြားဖြတ်ပြောလိုက်ပြီး "ငါ့အထင်တော့ ခုလောလောဆယ် လင်းယွမ် ကုမ္ပဏီရဲ့စီးပွားရေးကိုပဲ အာရုံစိုက်သင့်တယ်လို့ ထင်တယ်...တကယ်လို့ ပိုက်ဆံတွေ အားလုံးကိုသာ ဖောင်ဒေးရှင်းဘက် ပုံအောလိုက်မယ်ဆိုရင် ကုမ္ပဏီရဲ့တခြား စီးပွားရေး လုပ်ငန်းတွေကို ထိခိုက်သွားလိမ့်မယ်...ပရဟိတ

လုပ်မယ်ဆို ကိုယ်တတ်နိုင်သလောက် လုပ်တာက အကောင်းဆုံးပဲ... "

## အခန်း (၂၄၆)

"မင်းဆိုလိုချင်နေတာကို နားလည်တယ်..."လင်းရီ ပြောလိုက်ပြီး "ငါကလည်း ကယ်တင်ရှင်ကြီးမှ မဟုတ်တာ..ဒီတော့ ငါ တတ်နိုင်သလောက်ပဲ ကူညီပေးမှာ...မပူနဲ့..လှည်းကို မြင်းရှေ့မထားဘူး.."

ကျီးချင်းရန် ခေါင်းညိမ့်လိုက်၏။ လင်းရီ နားလည်လျှင်တော့ အကောင်းဆုံးပင်။

ပရဟိတ လုပ်သည်မှာ ကောင်းမွန်သည့် အလုပ်ဖြစ်သော်လည်း သေချာမထိန်းချုပ်နိုင်သောကြောင့် ကြီးမားသည့် ပြဿနာများ ဖြစ်ပွားခဲ့သည်မှာ ရှေးကတည်းကပင် သာဓကများစွာ ရှိခဲ့လေသည်။

ယင်းကလည်း လူတစ်ဦးတစ်ယောက်၏ စိတ်အလိုကြောင့်သာ။ ထိုကဲ့သို့သော ပြဿနာ များကို လင်းရီ ကြုံတွေ့လာပါက မဖြေရှင်းနိုင်မှာ ဆိုးသောကြောင့် ချင်းရန် သတိပေးနေရခြင်းဖြစ်၏။

"ကျွန်မ အကြံပြုစရာ တစ်ခု ရှိတယ်..."ဟော်ယွမ် ပြောလိုက်ပြီး "ဖောင်ဒေးရှင်းကို ကုမ္ပဏီရဲ့ စီးပွားရေး အခွင့်အလမ်း ဖြစ်အောင် အသုံးချလို့လည်း

ရတယ် မဟုတ်ဘူးလား..ကျွန်မတို့ ဆင်းရဲမှုပပျောက်စေရေး စီမံကိန်းတွေ ချပြလိုက်မယ်ဆိုရင် ကုမ္ပဏီရဲ့ ပုံရိပ်လည်း အများအမြင်မှာ ကြည့်လို့ကောင်းသွားမယ်လေ..."

"မဆိုးပါဘူး..."ကျီချင်းရန် ပြောလိုက်ပြီး "ဒါပေမယ့် ပလန်ရဲ့နောက်ပိုင်းအခြေနေလောက်ရောက်မှ လုပ်ရင် ပိုကောင်းလိမ့်မယ်..."

"ဘာလို့လဲ...."

"အခုလောလောဆယ် လင်းယွမ်အုပ်စုကအပုံသင်စလေးပဲ ရှိသေးတာ...တကယ်လို့အရမ်းအစောကြီး ချပြလိုက်မယ်ဆိုရင်ကောင်းတာတွေ ဖြစ်လာမှာ မဟုတ်

ဘူး…ထိပ်ပိုင်းမှာ ဦးဆောင်နေတဲ့ ကုမ္ပဏီကြီးတွေက အမြဲတမ်း စက်ဝိုင်းရဲ့ မျှခြေကို ထိန်းသိမ်းထားကြ

တာ…တစ်ယောက်ယောက်က မြင့်တက်လာပြီဆိုတာနဲ့ သူတို့ အရင်ဆုံးလုပ်ကြမှာက အားလုံးစုပေါင်းပြီး ဖိနှိပ်ကြဖို့ပဲ…တက်သစ်စ ကုမ္ပဏီ အများစုကလည်း အဲ့တာကြောင့်ပဲ ကျရှုံးသွားပြီး ဒေဝါလီ ခံလိုက်ရတာများတယ်…သူတို့ မဖိနှိပ်နိုင်တော့ဘူးဆိုမှ ငြိမ်းချမ်းရေး ကမ်းလှမ်းဖို့ လုပ်လာလိမ့်မယ်..အဲ့တာကြောင့် ကိုယ်တွေဘက်က ကောင်းကောင်းကြီး ခြေကုပ်မယူနိုင်သေးခင် သိပ်မချပြပေးတာကောင်းမယ်…."

"ခုလောလောဆယ် လင်းယွမ် ကုမ္ပဏီရဲ့ အနေအထားနဲ့ဆိုရင် ကုမ္ပဏီတွေ အများကြီးကို ယှဉ်နိုင်ဖို့ဆိုတာက မလွယ်သေးဘူး ..ဒါကြောင့် လောလောဆယ် သိုသိုသိပ်သိပ် နေပြီး တစ်လှမ်းချင်း လှမ်းတာက အကောင်းဆုံး ရွေးချယ်မှုပဲ..."

ကျိချင်းရန်မှာ ကိုယ်တိုင်လည်း ကုမ္ပဏီတစ်ခု တည်ထောင်ထားသူ ဖြစ်သည့် အလျောက် လင်းရီနှင့် ဟော်ယွမ်ယွမ်တို့ ထက် ကုမ္ပဏီ လုပ်ငန်းများအကြောင်း ကောင်းစွာ နားလည်ပေသည်။

ထို ကုမ္ပဏီများက လင်းယွမ်အုပ်စုအပေါ် မကောင်းသည့် အကြံအစည်များ ရှိမရှိ မ

သေချာသော်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသည်က မမှားချေ။

လင်းရီလည်း အစတုန်းကတော့ သိပ်မနားလည်ချေ။ ယခုမှသာ နက်နက်ရှိုင်းရှိုင်းကြီး သဘောပေါက်သွားတော့၏။

လုံရှင်း စင်တာက အကောင်းဆုံး သာကေပင်။

သူတို့ ဖိုတိုလီတိုဂရပ်ဖီစက် ဝယ်သည့်လမ်းများကို ပိတ်ပင်လိုက်ပြီး စင်တာ၏ တိုးတက်မှု ဖြစ်စဉ်ကို နှောင့်နှေးသွားစေသည်။ ယင်းက ထိုငွေရှင် ကြေးရှင်တို့၏ အာဏာစက်ပင်။

"ဘော့စ်..ရှင်ကော ဘယ်လိုထင်လဲ..."

"မင်းရဲ့ စီနီယာအစ်မက ပြောသွားပြီးမှ တော့ ဘယ်သူက နားမထောင်ပဲ နေရဲမှာ..."

"ရှိ ရှိ ...ဘော့စ်က မယက ကြီးဖြစ်နေလိမ့် မယ်လို့ ထင်မထားဘူး ဟီးဟီး..."

"ဟဲ့ ..ဘာတွေလျှောက်ပြောနာ..."ကျီချင်း ရန် အရှက်သည်းစွာ ဆိုလိုက်၏။ သို့သော်လည်း သူမ စိတ်ထဲတွင်တော့ ကြိတ်ဝမ်းသာနေလေသည်။

"ဒါက အသင့်လျော်ဆုံး ရွေးချယ်စရာပဲ လေ...ငြင်းစရာ အကြောင်းမှ မရှိတာကို လက်ခံရမှာပေါ့..."

"ဟုတ်ပါပြီ ဟုတ်ပါပြီ..နားလည်ပါပြီ..."

ဟော်ယွမ်ယွမ် အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒါရိုက်တာလင်း..လတ်တလော Cisco မှာ ငွေကြေးရင်းနှီး မြှုပ်နှံထားတာတွေလည်း အားလုံး အိုကေပဲ..သူတို့ဘက်က ကျွန်မတို့ ယွမ် ၁၀၀ မီယမ်ယမ် ရင်းနှီးတာကို သံသယမဝင်ဘူး..."

"ဒါကတော့ မျှော်လင့်ထားပြီးသားလေ..တခြားကိစ္စတွေကော.. Cisco က ဘယ်ခြေလှမ်းတွေ ရွှေ့နေပြီလဲဆိုတာကော သိလား..."

"အွန်း..နောက်ထပ် အကြီးကြီး တစ်ခု ရှိသေးတယ်..သူတို့ဘက်က စက်ရုံကို ချဲ့ထွင်နေပြီ..."ဟော်ယွမ်ယွမ် ဆံပင်ကို နောက်သို့ သပ်လိုက်ပြီး "ကျွန်မ သတင်းပေးတွေ ဆီ

ကနေ ကြားရတာတော့ Cisco က မြို့ဆင်ခြေဖုံး ရပ်ကွပ်တွေမှာ ဆောက်ထားတဲ့ စက်ရုံတွေဆီ စက်ပစ္စည်းအသစ် ငါးစုံ တင်သွင်းလာတယ်လို့ သတင်းရထားတယ်...အဲ့ဒီ ပစ္စည်းတွေနဲ့ဆို သူတို့ရဲ့ ထုတ်လုပ်တဲ့ နှုန်းက 30% လောက် ပိုမြန်သွားတော့မှာ...ကျွန်မတို့ အော်ဒါအတွက် အမြန်ဒုန်းဆိုင်း ပြီးလုပ်နေတဲ့ပုံပဲ.."

"သူတို့ ချစ်ပ်တွေ သဘော်နဲ့ ဘယ်အချိန်လောက်ပို့နိုင်မယ်လို့ ထင်လဲ.....အကြမ်းဖျင်း မှန်းပြောကြည့်ပါလား..."

"အဲ့အပိုင်းကိုကျတော့ အစ်ကိုချီ Cisco ကလူတွေနဲ့ ဆွေးနွေးပြီးသွားပြီ..လေးလ လောက်တော့ ကြာမယ် ပြောတာပဲ..."

"ဟမ်...သူတို့က ပစ္စည်းအသစ်တွေ ဝယ်ပြီး ထားတာတောင်မှ အချိန်က ကြာနေတုန်းပဲ လားဟ..."

"အဲ့တာတောင် အတော်လေး မဆိုးဘူးလို့ ပြောရမယ်.."ဟော်ယွမ်ယွမ် ဆိုလိုက်ပြီး "သုံးလေးလအတွင်း အော်ဒါပြီးမယ်လို့ ပြောထားပေမယ့် လေးလတည ်းနဲ့ အော်ဒါ တွေ ပို့နိုင်ရင်တောင်မှ အတော်လေး မြန်နေ ပြီလို့ ပြောလို့ရတယ်..."

"အဲ့လို ဖြစ်တဲ့ထိတော့ စောင့်လို့ မရဘူးလေကွာ..."

ကျီချင်းရန် Cisco နှင့် စပ်လျဉ်း၍ လင်းရီ၏ အကြံစည်ကို နားလည်သော်လည်း သူ၏ ရည်ရွယ်ချက်ကိုတော့ ယခုတိုင် သဘောမပေါက်သေးချေ။

"ဟုတ်သား..ဒါနဲ့ Cisco ဘက်က တာဝန်ရှိသူက ဘယ်သူလဲတဲ့..."လင်းရီ မေးလိုက်၏။

"Cisco ရဲ့ ဥက္ကဌ ချောင်ကျားတုန်းရဲ့သား ချောင်ရှန့်ယွီလေ...."

"သူ့သားကို အဲ့လွှတ်ထားတာလားဟ..."

"ကျွန်မတို့လည်း ချောင်ရှန့်ယွီ အကြောင်းတော့ သိပ်မသိဘူး...သူ့ကို

အလယ်တန်းလောက်တုန်းက နိုင်ငံခြားမှာ ကျောင်းတက်ဖို့ ဆိုပြီး အင်္ဂလန်ကို ပို့ထား တယ်ဆိုတာပဲ သိတယ်...မနှစ်တုန်းကမှ ချိုင်းနားကို ပြန်လာခဲ့တာ..."ဟော်ယွမ်ယွမ် ပြောပြလိုက်သည်။

လင်းရှီ ထိုင်ခုံနောက်သို့ မှီလိုက်ပြီး လက်ပိုက်ထားသည့်အနေအထားဖြင့် လက်ချောင်းများကို လက်မောင်းများပေါ်တွင် ငါ တတောက်တောက်လုပ်လိုက်သည်။

"ချောင်ကျားတုန်းမှာ သားတစ်ယောက် တည်း ရှိတာလား..."လင်းရှီ မေးလိုက်၏။

"အွန်း..သားကတော့ တစ်ယောက်တည်း ရှိ တာ...ဒါပေမယ့် သူ့မှာ ချောင်ကျင်းချိုးလို့

ခေါ်တဲ့ သမီးတစ်ယောက်လည်း ရှိသေးတယ်...ချောင်ရှန့်ယွီထက် သုံးနှစ်ငယ်ပြီးတော့ အင်္ဂလန်မှာပဲ ကျောင်းတက်နေတာလေ..."

လင်းရီ ခေါင်းမော့ပြီး ဟော်ယွမ်ယွမ်ကို ကြည့်၍ "ငါ့အထင်တော့ CFO လုပ်နေတာကြီးက မင်းရဲ့အရည်အချင်းကို ဖြုန်းတီးနေသလိုပဲ..စုံထောက်လုပ်သင့်တယ်...အဲ့လောက် အများကြီး သိနေတယ်ဆိုတော့...."

"အသေးမွှားလေးပါ..."ဟော်ယွမ်ယွမ် ဂုဏ်ဆာသွားခဲ့ပြီး "ရှင်သာ သိချင်ရင် သူမ ဘယ်အချိန် ရာသီလာလဲဆိုတာတောင် စုံစမ်းပေးလို့ရတယ်..."

ကျီချင်းရန်ကတော့ ကူကယ်ရာမဲ့စွာဖြင့် ခေါင်းခါရမ်းမိလိုက်သည်။

ဘယ်လို သူဌေးနဲ့ ဘယ်လို ဝန်ထမ်းပါ လိမ့်..လိုက်လည်း လိုက်ဖက်လွန်းတယ်...

"အဲ့တာက အလကားပဲ..တစ်ကယ်လို့ မင်း စုံစမ်းပေးချင်တယ်ဆိုရင်တော့ မင်းရဲ့ စီနီယာအစ်မကို စုံစမ်းပေးသင့်တယ်..."

"ဘာမှ စုံစမ်းနေစရာတောင်မလိုဘူး..ရှင် တစ်ခုခု လုပ်ချင်တယ်ဆိုရင်လည်း လကုန် ခါနီး သုံးလေးရက်လောက် နေရင် လုပ် လိုက်တော့.."

ကျီချင်းရန် : "....."

ဘာတွေ ပြောနေကြတာလဲဟ...

"နင်တို့နှစ်ယောက် ဒါက အစည်းအဝေးလုပ်နေတာနော်...ပုံမှန်ကိစ္စလေးတွေပဲ ပြောလို့မရဘူးလား..."ကျီချင်းရန် တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"အစ်မကျီကလည်း ဘာတွေရှက်နာ..အားလုံးက အရွယ်ရောက်ပြီးသားသူတွေပဲကို..ဘာမှ ရှက်စရာမလိုဘူး..."

"မပူပါနဲ့..ညီမက ဒီတိုင်း စာရေးမ သေးသေးလေးပါနော်.....ဘာကို ပစ်မှတ်ထားရမလဲဆိုတာ သိပါတယ်နော်..စိုးရိမ်မနေနဲ့..အစ်မလူကြီးကို မခိုးသွားဘူး..."ဟော်ယွမ်ယွမ် စနောက်သလို ပြောဆိုလိုက်ပြီးလင်းရီကို ကြည့်၍ "ဘော့စ်...စာချုပ်ကလည်း သေချာသလောက်ရှိနေပြီဆိုတော့

အော်ဒါတွေက မကြာခင်ရောက်လာတော့မယ်...ကျွန်မတို့ တကယ်ပဲ ကျန်တဲ့ ပိုက်ဆံတွေ ချေရတော့မှာလား..."ဟော်ယွမ်ယွမ် မေးလိုက်ပြီး

"အဲ့လာက်ချစ်ပ်တွေ အများကြီးဝယ်ရင် အလကားဖြစ်သွားမှာနော်..."

"ငါတို့ အတည်ကြီးဝယ်မယ်လို့ ဘယ်သူပြောလဲ.....စာချုပ်ချိုးဖောက်ရင် ဘာဖြစ်မယ် ဆိုတဲ့ စာပိုဒ် ပါနေတာပဲ မဟုတ်လား...ဘာကြောက်စရာရှိလို့လဲ..."

"သိတယ်လေ...ဒါပေမယ့်.."ဟော်ယွမ်ယွမ် စိုးရိမ်စိတ် ကြီးစွာဖြင့် "ကျွန်မ သိပ်မကြာခင်တုန်းကမှ အစ်ကိုချီကို မေးထားပြီးသွား

ပြီ.. Cisco ရဲ့ ချစ်ပ်ဗားရှင်း ၁.၀ က ချိုင်းနား ရဲ့ ချစ်ပ်နယ်ပယ်မှာ အဆင့်မြင့်ဆုံး ဖြစ်နေပြီတဲ့...ပြီးတော့ ကျွမ်းကျင်သူတွေကလည်း နောက်သုံးနှစ်နေရင် ချိုင်းနားရဲ့ ချစ်ပ်နယ်ပယ်ကို Cisco က လက်ဝါးကြီးအုပ်နိုင်တော့မယ်လို့ ခန့်မှန်းထားကြတယ်...နည်းပညာ ပိုင်းအရဆိုရင် သုံးနှစ်လောက်အထိက ချစ်ပ်နယ်ပယ်မှာ ထိပ်သီးပိုင်းအဖြစ် ရပ်တည်ဖို့ဆိုတာ လုံးဝ ပြဿနာ မရှိဘူး...အဲ့တာကြောင့်မို့ ကျွန်မတို့ရဲ့ စာချုပ်ချုပ်ဖို့ဖောက်ရင်ဆိုတဲ့ စာပိုဒ် ထည့်ထားလည်း အလကားပဲ.."

"အွန်း..ငါလည်း အဲ့တာကို ဒွိဟ ဖြစ်နေတာ."ကျီချင်းရန် ပြောလိုက်ပြီး

"တကယ်လို့ သူတို့မှာသာ အရန်အစီအစဉ် မရှိဘူးဆိုရင် Cisco က ဆယ်ဆ လျော်ပေးဖို့ သဘောတူမှာ မဟုတ်ဘူး... Cisco က အဲ့လောက် မအပါဘူး..ဒါကြီးက တအား စွန့်စားရာ ရောက်လွန်းတယ်...."

ကျီချင်းရန် တခဏ ရပ်တန့်လိုက်ပြီး "ပြီးတော့ ငါနည်းနည်း ရှုပ်ထွေးနေတာက သူတို့က သုတေသန ပညာရှင်တွေလေ..နင်နဲ့ ဘာမှ မဆိုင်ဘူးမဟုတ်လား..နယ်ပယ်ကလည်း သပ်သပ်စီကိုပဲ..."

"မပူနဲ့..မင်းတို့ အချိန်တန်ရင် သိမှာပေါ်-..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

ကျီချင်းရန်နှင့် ဟော်ယွမ်ယွမ်တို့ကတော့ လင်းရီ ဘာဖြစ်ချင်နေလဲဆိုတာ လိုက်မမှီ တော့ချေ။

သို့သော်လည်း စိုးရိမ်ခြင်းတော့ လုံးဝမရှိ။ လင်းရီ၏ အရည်အချင်းနှင့်ဆိုပါက အကျ ဘက်၌ ရှိနေရန်မှာ လုံးဝ မဖြစ်နိုင်ချေ။

"ဘော့စ်...ခု လင်းယွမ်ကုမ္ပဏီကလည်း တည်ထောင်ပြီးသွားပြီဆိုတော့ ထွေထူး ပြောချင်တာလေးများ မရှိဘူးလား..."ဟော် ယွမ်ယွမ် မေးလိုက်၏။

"ခုလက်ရှိ အနေထားအရတော့ အရင်ဆုံး အိုင်တီနယ်ပယ်ကို အာရုံစိုက်ထားဦး..ပြီး တော့ လူတွေရဲ့ စားဝတ်နေရေးနဲ့ ပတ်သက်

တဲ့ ပရောဂျက်ပိုင်းတွေကိုလည်း နည်းနည်းပါးပါး အာရုံစိုက်ပေးသင့်တယ်.. "

လင်းရီ ပြောလိုက်သည်။

"ရင်းနှီး မြုပ်နှံတာနဲ့ ပတ်သက်လို့ကတော့ ရဲရဲသာလုပ်...မင်းနဲ့ ချိုကြီးတို့က အရည်အချင်းရှိပေမယ့် သတ္တိတော့ နည်းကြတယ်...ပိုက်ဆံ ဆုံးရှုံးသွားမှာကို မကြောက်နဲ့..၁၀၀ ရင်နှီး မြုပ်နှံလို့ တစ်ခုပဲ အောင်မြင်တယ်ဆိုရင်တောင်မှ အရှုံးကို ပြန်ပြီး အဖတ်ဆယ်လို့ ရသေးတယ်..ဒီတော့ ရဲရဲသာလုပ်..."

ဟော်ယွမ်ယွမ်မှာ အနုစိတ်ဖြစ်သူတစ်ဦး ဖြစ်သည့်အလျောက် လင်းရီ ပြောသမျှကို

မှတ်စုစာအုပ်ထဲ၌ ရေးမှတ်ထားပြီး တစ်ခုချင်း အကောင်အထည်ဖော်ရန် ပြင်ဆင်ထားလိုက်၏။

"အဲ့တာတွေပြီးရင် သတင်းအချက်အလက်တွေကလည်း အရေးကြီးဆုံးပဲ..ဆိုရှယ်မီဒီယာတွေပေါ်မှာ ဘာတွေ ထရန်းဖြစ်နေလဲဆိုတာ သေချာအာရုံစိုက်ထားဦး..လိုရင်လိုသလို လက်ဦးမှုရယူပြီး အသုံးချကြရမယ်...အဲ့ဒီနှစ်ခုက လင်းယွမ်အုပ်စုအတွက် အရေးကြီးဆုံးပဲ..လုံးဝ လုံးဝ အမှားလုပ်မိလို့ မရဘူးဘူးနော်.. "

"နားလည်ပါပြီ..."

"အိုကေ ဒီလောက်ပဲ..."

"အိုကေ..."

နောက်ထပ် နာရီဝက်ခန့် ဆွေးနွေးပြီးနောက် အစည်းဝေးမှာ ပြီးဆုံးသွားခဲ့၏။ ဟော်ယွမ်ယွမ်လည်း ရုံးခန်းထဲမှ ထွက်လာခဲ့ပြီး လင်းရီတို့ နှစ်ယောက်ကို ဒုက္ခပေးမနေတော့ချေ။

ဟော်ယွမ်ယွမ် ပြန်သွားပြီးနောက် လင်းရီလည်း ထွက်ခွာရန် ပြင်ဆင်နေချိန် ကျိချင်းရန်မှ သူ့အား ထူးဆန်းသည့် အကြည့်ဖြင့် ကြည့်နေကြောင်း သိလိုက်ရ၏။

"ဘာလို့ အဲ့လိုကြီး လာကြည့်နေတာလဲ ဟ..လကုန်တော့မယ်ဆိုတော့ မင်းလည်း အဲ့ဒီအတွေးတွေ ရှိနေတယ်လို့တော့ မပြောနဲ့နော်...."

# အခန်း (၂၄၇)

"ဘာတွေ ပေါက်တတ်ကရ လျှောက်ပြော နေတာ..."

ကျီချင်းရန် အပြစ်တင် ပြောဆိုလိုက်ပြီး "ငါ ပွဲတက်ဂါဝန် သွားရွေးမလို့...အဲ့တာ ငါနဲ့ အတူ လိုက်ယူပေးဦးလို့ ...."

" ပွဲတက် ဂါဝန်သွားရွေးမယ်...ဘယ်မှာ သွားဝတ်မှာ..ပွဲမှာလား..."

"မနက်ဖြန်ကျရင် ပရဟိတ ညစာစားပွဲရှိ တယ်လေ..ကျိုးဟိုင်က ခေါင်းကြီးပိုင်းတွေ အကုန် လာကြမှာ..ငါလည်း ညွှေ့သည်

စာရင်းထဲမှာပါတယ်..အဲ့တာကြောင့် တစ်ချက်လောက်သွားပြီး ကြည့်ကြည့်မလို့.."

ကျီချင်းရန် ဆံပင်ကို နောက်သို့ သပ်လိုက်ပြီး "နင့်ရဲ့ ဖောင်ဒေးရှင်း ပြီးသွားတာနဲ့လည်း အတော်ပဲလေ..အတူသွားကြတာပေါ့..ငါတစ်ယောက်တည်းကျတော့လည်း ပျင်းတယ်..."

"ကောင်းပြီလေ...ဘာပဲဆိုဆို ငါလည်း အားနေတာပဲမဟုတ်လား..."

"အဲ့တာဆို အတည်ဖြစ်ပြီနော်..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "အရင်ဆုံး ပွဲတက်ဝတ်စုံ သွားကြည့်ကြမယ်..နောက်မှ စူပါးမားကတ်ကို သွားကြတာပေါ့..."

"စူပါမားကတ်မှာ သွားဦးမှာလားဟ..."

"အင်းလေ..နင်က တစ်ယောက်တည်းနေတာဆိုတော့ရေခဲသေတ္တာထဲမှာ ဘာမှမရှိတော့ဘူးမလား...ဝယ်ပြီး ဖြည့်ရမှာပေါ့ဟဲ့..."

"ငါ့ ရေခဲသေတ္တာထဲမှာ အကုန်ရှိပြီးသား...မင်းကိုတောင် ပြန်ပေးလိုက်လို့ရတယ်.."

လင်းရီ ထူးမခြားနားစွာ ပြောလိုက်လေသည်။

"တော်စမ်းပါ....အားလုံး ရှိတာလည်းမဟုတ်ပဲနဲ့..စူပါမာကတ်မှာပဲ သွားကြည့်

ရအောင် ..အဲ့မှာက နင်အသုံးလိုတာတ စ်ခု ခု ရှိရင်လည်း ရှိနိုင်တာပဲလေ...."

"ငါတော့ မင်း အခွင့်ကောင်းယူပြီး ငါ့အိမ်မှာ အလကားလိုက်စားဖို့ ကြံနေတယ်လို့ပဲ မြင်တယ်..."

"ဒါပေါ့..ငါလေးက နေ့လည်စာ မစားရလို့ ဗိုက်တောင်ပြားကပ်နေပြီ..နင် အဲ့ဒီအတွက် တာဝန်မယူပေးသင့်ဘူးလား..."

"လုပ်ပြီ..ပေါက်တတ်ကရတွေ လျှောက်ပြောတော့မယ်....မသိရင် ငါကပဲ ချက်မကျွေးတဲ့ စတိုင်နဲ့...ကိုယ့်ဘာကိုယ် မစားတာကို ငါ့လာ အပြစ်တင်နေတဲ့...ဒုက္ခပဲ..."

"နင်ကမှ ပေါက်တတ်ကရတွေ ပြောနေတာ..."ကျီချင်းရန် သူမအမှားကို ဝန်မခံပဲ လင်းရီကို လက်သည်းဖြင့် ဆိတ်၍ "အဲ့တော့ ဘာဖြစ်လဲ..နောက်ခါ ထပ်ပြောရင် နင့်ကို သေအောင် ကိုက်သ-တ်ပစ်မယ် ဘာမှတ်..

ဟွန့်."

"မင်း ငါချက်ကျွေးတာတွေ စားချင်လား မစားချင်ဘူးလား..."

"စားချင်တယ်လေ..."

"အဲ့တာဆို ငါစတာနဲ့ ပတ်သက်ပြီး ပြဿနာရှိလား..."

"အက်...မရှိဘူး..."

"မင်းရဲ့ ဝိညာဏ်ကို အစားတစ်လုတ်အတွက်နဲ့ ရောင်းချလိုက်တယ်ပေါ့..မရင့်ကျက်လိုက်တာ....."

ကျီချင်းရန်ကတော့ ကလေးလေးကဲ့သို့ အပြစ်ကင်းစင်စွာ ရယ်မောလိုက်ပြီး "နင်ချက်ကျွေးမယ်ဆို ငါက အမြဲတမ်း မရင့်ကျက်သေးတဲ့သူ ဖြစ်နေဦးမှာပဲ.. "

ကျီချင်းရန် မည်မျှ ချစ်ဖို့ကောင်းနေလဲဆိုတာ မြင်တော့ လင်းရီ ငိုရအခက် ရယ်ရအခက် ဖြစ်သွာခဲ့သည်။

"ကောင်းပြီလေ..ငါလည်း နေ့လည်နောက်ပိုင်း အတန်းမရှိဘူးဆိုတော့ မင်းနောက် လိုက်ခဲ့ပေးမယ်..."

"ခစ်ခစ်....ဒီလိုလိမ္မာမှပေါ့..."ကျီချင်းရန်
လင်းရီကို ကြည့်လိုက်ပြီး "အဲ့တာဆို ဒီည
နင့်အိမ်ကို မသွားနဲ့တော့ ..ငါ့အိမ်ပဲ ပြန်ကြ
မယ်...ငါ့အိမ်မှာက အားလုံး အသင့်ရှိပြီး
သားဆိုတော့ ပိုပြီး ချက်ရပြုတ်ရတာ လွယ
တယ်..."

"မကောင်းဘူးထင်တယ်နော်..မင်းအိမ်က
လုံးဝကို အန္တရာယ်ဇုန်ကြီး....ယောက္ခမကြီး
တို့က မြေလှျိုးမိုးပျံပြီး ရောက်လာလား
တောင်မသိတော့ဘူး..လူကို လန့်လန့်သွား
တယ်..."

"သူများ အဖေကို ဘာယောက္ခမကြီးလဲ...ဒီ
ခါတော့ မဖြစ်စေရပါဘူးဟဲ့.."ကျီချင်းရန်
သူမရင်ဘတ်ကို တဘုန်းဘုန်းပုတ်၍

အာမခံလိုက်ပြီး "ငါ့မိဘတွေက အပျော်ခရီး ထွက်နေကြတယ်ဆိုတော့ လေးငါးရက် လောက်တော့ ပြန်လာသေးဦးမှာ မဟုတ်ဘူး..ဒီခါတော့ စိတ်ချလက်ချနဲ့သာ လိုက်ခဲ့ လိုက်တော့..."

"အရင်တစ်ခေါက်တုန်းကလည်း အဲ့တိုင်း ပြောတာပဲ..."

"အာ..."ကျီချင်းရန် အနည်းငယ် မလုံမလဲ ဖြစ်သွားခဲ့ပြီး "အဲ့တာဆိုလည်း နင့်အိမ်ပဲ သွားကြတာပေါ့.."

မွန်းလွဲနောက်ပိုင်းတွင်တော့ ကျီချင်းရန် ရုံးခန်းထဲ၌ အလုပ်များနေလေသည်။

လင်းရီကတော့ ဆိုဖာပေါ်တွင်ထိုင်၍ အခန့်သား ဂိမ်းထိုင်ဆော့နေ၏။

ကျီချင်းရန်၏ ရုံးခန်းထဲ၌ ထိုသို့ ဂိမ်းထိုင်ဆော့ရဲသူမှာ လင်းရီတစ်ယောက်တည်းသာ ရှိပေဦးမည်။

သုံးနာရီ ထိုးသည့် အချိန်တွင်တော့ ကျီချင်းရန် သူမလက်ထဲရှိ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုပြီးသွားပြီး လင်းရီ ကို ကြည့်၍ "ခု ဝတ်စုံ သွားကြည့်ရအောင် လေ..."

မိနစ်နှစ်ဆယ် ကြာပြီးနောက် လင်းရီ၏ ကားမှာ မစ်ဟု ခေါ်သည့် အထည်ဆိုင်ရှေ့၌ ထိုးရပ်သွားသည်။

အပြင်ဘက်မှ ဆိုင်၏ အပြင်ဆင် အနေအထားကို တစ်ချက်ရှုံးကြည့်ပါက အထဲတွင် ရောင်းချသည့် ပစ္စည်းများမှာ သေချာပေါက် ဈေးမနည်းကြောင်း မပြော ဘဲနှင့် သိနိုင်လေသည်။

ထို့ပြင် ကျီချင်းရန်၏ အဝတ်အစားအပေါ် ဇီဇာကြောင်သူပင် ဤဆိုင်ကို ရွေးချယ် ထားသောကြောင့် အရည်သွေးပိုင်းတွင် စိတ်ချရကြောင်း အာမခံနိုင်ပေ၏။

"မစ်ကျီ...ဝတ်စုံကတော့ ချုပ်ပေးပြီးသွားပိ နော်...ကြိုက်မကြိုက် အရင်ဆုံး စမ်းဝတ် ကြည့်လိုက်ပါဦး...အဆင်မပြေတာရှိရင် ပြန် ပြင်ပေးမယ်လေ..."

"ကောင်းပါပြီ..ကျေးဇူးပါနော်..."

ကျီချင်းရန် ဝတ်စုံကို ယူပြီးနောက် လင်းရီကို ကြည့်၍ "ဒီမှာ စောင့်နေနော်..နောက်မှ နင့်အတွက် ဝတ်စုံသပ်သပ် ပြန်ရွေးပေးမယ်..."

ကျီချင်းရန် ဝတ်စုံကို ပွေ့၍ အဝတ်လဲခန်းထဲသို့ ဝင်သွားလိုက်၏။

ပြန်ထွက်လာသည့် အချိန်တွင်တော့ လင်းရီ သူမ၏ အလှအပေါ် မှင်တက်သွားမိလေသည်။

တင်စားရမည်ဆိုပါက သူမ၏ အလှမှာ ကောင်းကင်ဘုံမှ ဆင်းသက်လာသည့် နတ်သမီးတစ်ပါးကဲ့သို့ တင့်တယ်လှပြီး

အပြုံးလေးများမှာလည်း ကဗျာဆန်လွန်းလှ၏။ ဆိုင်ထဲရှိ အခြား ကတ်စတန်မာများပင် သူမထံမှ အကြည့်မလွဲနိုင်ကြတော့ချေ။

"ဘယ်လိုလဲ..လှရဲ့လား..."ကျော်ချင်းရန် မျှော်လင့်ချက် အပြည့်ဖြင့် မေးမြန်းလိုက်၏။

"အရမ်းလှတယ်..."

"ပြီးတာပဲ..နင်သာ မလှဘူးပြောရင် ငိုမိတော့မလို့..."

လင်းရီ သူမ ဝတ်စုံကို နှစ်သက်နေသည်ကို မြင်တော့ ကျော်ချင်းရန်လည်း ပျော်ရွှင်နေမိ၏။

ထိုအချိန်၌ သူမမှာ လင်းရီ၏ အကြိုက်ကို ဆောင်မိနေကြောင်း သူမကိုယ်တိုင်သာ သတိမထားမိလိုက်ချေ။

"ဟဲလို မဒမ်…ကျွန်မ ရှင်နဲ့ ဆွေးနွေးစရာ လေးရှိလို့.."

အမျိုးသမီးတစ်ယောက်မှ ယဥ်ကျေးသည့် လေသံဖြင့် ပြောဆိုလာခဲ့၏။

ကျိချင်းရန်နှင့် လင်းရီတို့မှာ တစ်စုံတစ်ယောက်မှ သူတို့ကို စကားလာ ပြောလိမ့်မည်လို့ မျှော်လင့်မထားခဲ့ချေ။

"ဘာကိစ္စရှိလို့လဲ မသိဘူး…"

"ကျွန်မအထင်တော့ အစ်မရဲ့ ဝတ်စုံလေးက အရမ်းလှတာပဲ..ကျွန်မကို ရောင်းပေးလို့ ရ

လားဟင်..မူရင်းဈေးထက် ၂၀% ပိုပေးပါ့မယ်..."

သူမ ဝတ်စုံကို တောင်းဝယ်ချင်နေမှန်း သိတော့ ကျီချင်းရန် ခေါင်းခါရမ်း၍ ငြင်းဆန်လိုက်ပြီး "စိတ်မရှိပါနဲ့...ဒီဝတ်စုံကို ရောင်းဖို့ ရည်ရွယ်ချက် မရှိလို့ပါ..."

"မစ်..ကျွန်မ ကမ်းလှမ်းတာက မလုံလောက်လို့လား..တောင်းဆိုချင်တာ ရှိရင် လွတ်လွတ်လပ်လပ် ပြောလို့ရတယ်နော်..ကျွန်မ ဒီဝတ်စုံလေးကို အရမ်းလိုချင်နေလို့ပါ.."

"ဘာမှ လာပြောမနေနဲ့..."လင်းရီ ပြောလိုက်ပြီး "နှစ်ပဲခြောက်ပြားလောက် ဈေးတွေ

လာပေးပြီးတော့ သူများဝတ်စုံကို မောင်ပိုင်စီးချင်နေတယ်ပေါ့ ဟုတ်စ..."

"အောင်မာ..နင်ကများ ငါ့ကို အဲ့လို လာပြောရဲတယ်ပေါ့လေ...ငါဘယ်သူလဲဆိုတာ နင်သိလား...,"

"ဘာတွေ လာရောင်းနေတာလဲ လစ်လိုက်တော့..ကျွန်မလည်း ရှင့်ကို မရောင်းနိုင်ဘူးလို့ ပြောထားပြီးပြီပဲ..."

သူမ ဝတ်စုံလေး လာကြည့်သော်လည်း ယခုလို ဘဝင်မြင့် သောက်ကြွားကြီး လုပ်နေသည့်သူနှင့် လာဆုံလိမ့်မည်လို့ ထင်မထားခဲ့ချေ။

ဘာတွေပါလိမ့် ငါကပဲ ဒီမနက် ထွက်မလာခင် ပေဒင် မကြည့်ခဲ့လို့လား…

ဆံပင်အတိုနှင့် အမျိုးသမီးကတော့ လင်းရီနှင့် ကျီချင်းရန်တို့ ထွက်သွားကြသည်ကို အံ့တင်းတင်းကြိတ်၍ ကြည့်နေလေသည်။

ကားထဲတွင်တော့ ဒရိုင်ဘာအပြင် နောက်ထပ် ဆံပင်အရှည်နှင့် အမျိုးသမီး တစ်ယောက် ရှိနေလေ၏။

အကယ်၍ တခြားလူများသာ ရှိပါက သူတို့ သေချာပေါက် ဤအမျိုးသမီးကို မှတ်မိကြပေလိမ့်မည်။ သူမကတော့ လက်ရှိ နာမည်ကြီး ဆယ်လီတစ်ဦးဖြစ်သည့် လျိုဖန်းဖေးပင်။

"ဘာဖြစ်ခဲ့တာလဲ..မျက်နှာလည်း မလှပါလား.."သူမ လက်ထောက်၏ မျက်နှာ မကောင်းသည်ကို မြင်တော့ လျှိုဖန်းဖေး မေးလိုက်လေသည်။

"အစ်မဖေး..ညီမခုလေးတင် ဆိုင်ထဲမှ အမျိုးသမီးတစ်ယောက် အရမ်းလှတဲ့ ပွဲတက်ဝတ်စုံ စမ်းဝတ်ကြည့်နေတာကို မြင်ခဲ့တယ်..အဲ့ဒီဝတ်စုံက အစ်မဖေးနဲ့သာဆို အရမ်းလိုက်မယ်မှန်းသိလို့ ဈေးမြင့်ပေးပြီး ဝယ်တာကို ဟိုက သူတို့အတွက် ဘာက ပိုကောင်းတယ်ဆိုတာ နားမလည်ဘူးလ..ဘယ်လောက်တောင် စိတ်တိုဖို့ ကောင်းလိုက်လဲ..."

"မလိုပါဘူး..ဝတ်စုံက နည်းနည်းလေး ကြည့်ရဆိုးနေရင်တောင်မှ အစ်မရဲ့ အနေအထားနဲ့ဆိုရင် သူ့အလိုလို အရောင်ထွက်နေမှာပဲလေ.. "

"အမှန်ပဲ..အဲ့ကောင်မက ဒီတိုင်း ဘာမဟုတ်တဲ့ အင်တာနက် ဆယ်လီလေးနေမှာ..အစ်မဖေးနဲ့ ယှဉ်လို့တောင် မရဘူး..."

......

"လင်းရီ ဒီဝတ်စုံကတကယ် လှတယ်လို့ ထင်လား...နင်ငါ့ကို ညာနေတာ မဟုတ်ဘူးမလား.."

ကားထဲရောက်သည့် အချိန်တွင်တော့ ကျီချင်းရန် တစ်ဖန် ပြန်မေးလိုက်လေသည်။

"ဘာကိစ္စလိမ်ရမှာ...အဲ့တာက ငါ့ကို အတော်လေး အသည်းယားအောင် လုပ်နေတာ သိလား..လမကုန်ခင်တောင်မှ ဖြေလျော့ချင်လာပြီ..."

"ဖြေလျော့ချင်တယ်.."

ကျီချင်းရန် တခဏမျှ ကြောင်အသွားပြီးတော့မှ "ကောင်စုတ် နင့်ခေါင်းရှိချင်နေသေးရင် ပေါက်တတ်ကရတွေ တွေးမနေပဲ ကားအေးဆေးလေး မောင်းလိုက်....စူပါမားကတ်ကို သွားမယ်..."

ထို့နောက် နှစ်ယောက်သား တိုင်းစကွဲရှိ စူပါမားကတ်သို့ ဦးတည်လိုက်ကြ၏။

လင်းရီ အိမ်သို့ သွားမည်ဆိုသောကြောင့် ကျီချင်းရန် ပစ္စည်းအမြောက်အများ ဝယ်လာခဲ့လေသည်။

အများစုကတော့ နေ့စဥ် အသုံးလိုသည့် ပစ္စည်းများ ဖြစ်ပြီး လင်းရီ အတွက် Face mask အများအပြားကိုပါ ရွေးပေးလိုက်သေး၏။

သူမ ကိုယ်ကို ညွတ်ကိုင်းပြီး ပစ္စည်းများ ရွေးချယ်နေသည့် အချိန်တွင်တော့ လင်

ယောက်ျားအတွက် ပစ္စည်းများ လိုက်ဝယ်ပေးနေသော အိမ်ထောင်ရှင်မ တစ်ဦး၏ အရှိန်အဝါကို အပြည့်အဝ ဖော်ထုတ်နေလေသည်။

အိမ်သို့ ပြန်ရောက်လာပြီးနောက် လင်းရီ မီးဖိုချောင်ထဲသို့ ဝင်သွားခဲ့ပြီး ကျီချင်းရန်ကတော့ အသီးများကို ရေခဲသေတ္တာထဲတွင် ထည့်၍ တစ်ကိုယ်ရေသုံး ပစ္စည်းများကိုတော့ ရေချိုးခန်းထဲ၌ ထည့်ထားပေးလိုက်သည်။

ထိုပြင်တစ်လက်စတည်း ရေချိုးပြီး သူမ၏ ညအိပ်ဝတ်စုံကို လဲလှယ်လိုက်သေး၏။

"ပုံစံက ဒီည မပြန်တော့ဘူး ဆိုတဲ့ သဘော ပေါ့..."

"ဒါပေါ့ဟဲ့.."ကျီချင်းရန် ပြောလိုက်ပြီး "မနက်ကျ ငါ့ကို အလုပ်လိုက်ပို့လို့ ရတယ်လေ..."

ကျီချင်းရန် သူ့အိမ်၌ နေသည်ကတော့ လင်းရှီအတွက် သာမန်ကိစ္စလိုသာ ဖြစ်နေပြီး ဘာမျှ ထွေထူး ခံစားမနေရချေ။

"လင်းရှီ ငါအရင်တစ်ခေါက်တုန်းက နင်လုပ်ပေးတဲ့ ပူတင်း ပြန်လုပ်ပေးလို့ရမလား.."ကျီချင်းရန် မီးဖိုချောင် အပေါက်ဝ၌ ရပ်၍ မေးလိုက်လေသည်။

"ဘယ်နှစ်ခု လိုချက်လဲ..."

"၆ ခုလုပ်ပေး...ဒီည အတွက်က နှစ်ခု...ကျန်တဲ့ေလးခုကိုကျတော့ မနက်ဖြန် အလုပ်ယူသွားမယ်..."

"နောက်နေ့ထိဆို အေးသွားတော့မှာနော်...မနက်ဖြန် မနက်မှပဲ လုပ်ပေးရင်ကော.."

"ရတယ် ရတယ်.."ကြီချင်းရန် ချက်ချင်းငြင်းဆန်လိုက်ပြီး "အလုပ်ရှုပ်တာပေါ့..အထဲမှာ မီးဖိုလည်း ရှိနေတာပဲ မဟုတ်လား..ပြန်နွေးစားလို့ရတယ်..."

"အဲ့တာဆိုလည်း ပြီးရော..."

လင်းရီ ဘာမျှ ပြန်မပြောတော့ပဲ စတင်ချက်ပြုတ်လိုက်၏။

ထုံးစံအတိုင်း ဟင်းလေးမျိုးနှင့် စွပ်ပြုတ် တစ်ခွက်ပင်။ ကျီချင်းရန်လည်း သူ့ကို ဟင်းသီးဟင်းရွက်များ ကူပြီး လှီးဖြတ်ပေး သောကြောင့် ဟင်းချက်ရာတွင် ပိုမိုမြန်ဆန် သွားခဲ့လေသည်။

"နင်လုပ်တဲ့ ပူတင်းက ဘာလို့ အရမ်း အရသာ ရှိနေပါလိမ့်..."

တစ်ခု မြည်းကြည့်ပြီးနောက် ကျီချင်းရန် မျက်နှာထက်တွင် ဖော်မပြနိုင်သော ပျော် ရွှင်မှုများဖြင့် ပြည့်နှက်နေလေသည်။

"မင်းပြောတော့ နှစ်ခုပဲ စားမယ်ဆို..ဒါနဲ့ဆို သုံးခုမြောက်နေပြီ..."

"ငါခုလေး အလုပ်ကို သုံးခုပဲ ယူသွားတော့မယ်လို့ ဆုံးဖြတ်လိုက်တာ..."

ကျီချင်းရန် ပြောလိုက်ပြီး "ငါက မနက်ပိုင်းဆို ဘာမှ သိပ်စားလေ့ မရှိတော့ သုံးခုနဲ့ဆိုရင်ကို ဗိုက်က တင်းနေပြီ..."

စားသောက်ပြီးနောက် ကျီချင်းရန် အလွန်အမင်း စိတ်ကျေနပ် ပျော်ရွှင်နေတော့၏။

ဆိုဖာပေါ်တွင် ထိုင်လိုက်ပြီး ဝမ်းဗိုက်ကို ပုတ်၍ "ဒီလိုသာ ဆက်စားနေရင်တော့ မကြာခင် ပေါင် ၁၀၅တောင် ကျော်သွားတော့မယ်ထင်ပါတယ်လေ..."

"မင်းက ၁၇၅ စင်တီမီတာဆိုတော့ ပေါင်ချိန်၁၀၅ ထက် ပိုမရှိသင့်ဘူးမဟုတ်လား..."လင်းရီ မေးလိုက်ပြီး "ပြီးတော့ မင်းကိုယ်ပေါ်က အသားတွေ အကုန်လုံးကလည်း နေရာမှန်မှန်နဲ့ ရှိနေကြတော့ ဘယ်လောက်ဝလဲတောင် မပြောတတ်တော့ဘူး..."

"ဟီးဟီး..ချီးကျူးတယ်လို့ပဲ မှတ်လိုက်မယ်နော်..."ကျီချင်းရန် တစ်မျိုး ပြောင်းထိုင်လိုက်ပြီး "ချက်ဖ်လင်းက အရသာရှိတာတွေ ချက်ကျွေးထားတယ်ဆိုတော့ ဟော့ဒီကကျွန်မကလည်း ဆုချတဲ့ အနေနဲ့ ရေကူးပြပါမယ်တဲ့ရှင်...လိုက်ကြည့်ချင်လား"

# အခန်း (၂၄၈)

"မင်းဘက်က စိတ်အားထက်သန်စွာနဲ့ ဖိတ်ခေါ်လာပြီဆိုမှတော့ ကိုယ့်ဘက်ကလည်း ငြင်းရင် ဘယ်ကောင်းမှာ..အားနာပါးနာနဲ့ လိုက်ခဲ့ပေးရမှာပေါ့..."

"ကျွတ်...ငါ့ကို အခွင့်ကောင်းယူပြီးတော့များ လူကောင်းလိုလို ဘာလိုလို ဟန်ဆောင်နေသေးတယ်ပေါ့..."

ကျီချင်းရန် မတ်တပ်ရပ်လိုက်ပြီး အပေါ်ထပ်သို့ တက်သွားလိုက်၏။ ပြန်ဆင်းလာခဲ့သည့် အချိန်တွင်တော့ သူမ၏

ရေကူးဝတ်စုံကို ဝတ်ဆင်ထားပြီး ဖြစ်လေသည်။

ကိုယ်ကို တဘက်အရှည်ကို ပတ်ထားသော်လည်း ယင်းက သူမ၏ စွဲမက်ဖွယ်ရာ သွင်ပြင်သဏ္ဍာန်ကို ဖုံးကွယ်ရန် မစွမ်းသာခဲ့။

"ရော့..နင့်အတွက်လည်း ရေကူးဘောင်းဘီ ယူလာခဲ့ပေးတယ်...မြန်မြန်ဝတ်ပြီးထွက်ခဲ့..အပြင်မှာ စောင့်နေမယ်...."

လင်းရီ ရေကူးဘောင်းဘီ ဝတ်ဆင်ပြီးနောက် အပြင်သို့ ထွက်လာခဲ့လိုက်၏။

ထိုအချိန်တွင်တော့ ကျီချင်းရန်မှာ ရေကူးကန်ဘေးတွင်ထိုင်နေပြီး သူမ၏

သွယ်လျသော ခြေတံလေးများကို ရေထဲတွင်နှစ်ကာ ညို့ယူဖမ်းစားနိုင်သည့် ရေသူမလေးတစ်ဦးကဲ့သို့ ရေဆော့ကစားနေလေသည်။

"ဆင်းလာခဲ့လေ..."

လင်းရီ ထွက်လာသည်ကို မြင်တော့ ကျီချင်းရန် လက်ယပ်ခေါ်လိုက်၏။ သို့သော်လည်း သူမ၏ အကြည့်များက လင်းရီ၏ ခန္ဓာကိုယ်ပေါ်သို့ စက္ကန့်အနည်းငယ်ခန့်လောက် ကျရောက်သွားခဲ့သည်။

သူ့ ဝမ်းဗိုက်ကြွက်သား ကြီးတွေက လှလိုက်တာနော်...

ဘယ်လိုများ လေ့ကျင့်ထားပါလိမ့်...

သူ့ဘော်ဒီက ငါ့ထက်တောင် ကိတ်နေသလားလို့...

"မပူနဲ့..မင်းမခေါ်လည်း ငါက လာမှာပဲ..."

ပြောပြီးနောက် လင်းရီ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းချသွားပြီး ကျီချင်းရန်ပေါ်သို့ ရေများစင်ပြီး စိုရွှဲသွားစေသည်။

ရေများ စင်လာသည်ကို မြင်လိုက်သော်လည်း ကျီချင်းရန် ရှောင်ရန်မမှီသောကြောင့် သူမ တစ်ကိုယ်လုံး ရေများ စိုရွှဲသွားတော့၏။

"လင်းရီ..နင် ဒါ တမင်သပ်သပ် လုပ်တာမဟုတ်လား..."

"မင်းမစောင့်နိုင်မှာဆိုးလို့ အမြန်ခုန်ဆင်းခဲ့တာလေကွာ..ဘာလို့ တမင်သပ်သပ် လုပ်တယ်လို့ လာပြောတာလဲဟ..."

"ဟုတ်တယ်...နင် ရည်ရွယ်ချင်ရှိရှိ လုပ်တာ...ကြည့်...နင်လုပ်လို့ ငါ့တစ်ကိုယ်လုံး ရေတွေ ရွှဲကုန်ပြီ.."

"ရေကန်ထဲ ရောက်မှတော့ ရေစိုတာ ဘာဆန်းလို့လဲဟ..."

"နင်ကတော့လေ...တော်ပြီ..မပြောတော့ဘူး..နင်နဲ့ ပြိုင်ပြောလည်း လေကုန်တာပဲ ရှိမယ်...နင့်မျက်နှာက တံတိုင်းထက်တောင် ထူနေသေးတယ်..."

နှစ်ယောက်သား အေးချမ်းသော လရောင်အောက်တွင် ရေခဏလောက် ကစားပြီးနောက် အပေါ်သို့ ပြန်တက်လာခဲ့ကြ၏။

"တဘက် ပတ်ထားဦး..အအေးမမိစေနဲ့..."

လင်းရှီ ပြောလိုက်၏။

ကျီချင်းရန် ခံစားသွားရပြီး လင်းရှီကို အပြုံးလေးဖြင့် ကြည့်ကာ "ငါသာ ဝတ်လိုက်ရင် နင်က ဘယ်နေရာတွေ သွားကြည့်တော့မှာ..."

"ငါမြင်သင့်တာတွေ မြင်ဖူးသွားပြီလေ..မင်းဘာမှ မဝတ်ထားတဲ့အချိန်ကျမှပဲ ပြန်ကြည့်တော့မယ်.."

"ဟမ့်...နင်မြင်ရမယ် ထင်မနေနဲ့..."

နှစ်ယောက်သား ပက်လက်ကုလားထိုင်ပေါ်တွင် လဲလျောင်းနေကြရင်း ကျီချင်းရန်မျက်နှာက်ထက်ရှိ မတင်းတိမ်သေးသောအမူအရာကိုမြင်တော့ လင်းရီ ပြုံးလိုက်ပြီး "ကြည့်ရတာတော့ ငါ့ဆီမှာ ရေကူးချင်လို့ ဒီလိုတွေ စီစဉ်ထားတာမလား..."

"ဘယ်တတ်နိုင်မှာ.."ကျီချင်းရန် ကူကယ်ရာမဲ့နေသည့် လေသံဖြင့် "အိမ်မှာက ရေကူးကန်လည်း မရှိဘူးလေ...ပြီးတော့ အပြင်ထွက်ကူးရမှာလည်း ရှက်စရာကြီး...ပြီးတော့ နင်ကလည်း ငါ့ကို လာလည်ဖို့ မဖိတ်ခေါ်မှတော့ ဒီလိုလုပ်ရုံပဲ ရှိတော့တာပေါ့..."

"ရေကူးချင်တယ်ဆိုလည်း ပြောလေ...သော့ တစ်စုံ အပိုပေးထားမယ်...မင်း စိတ်ပါတဲ့ အချိန် မရွေး လာကူးလှည့်..."

"တော်ပါပြီ..."ကျီချင်းရန် ပြောလိုက်ပြီး "နင် ခေါ်မှပဲ လာမှာ...နင်မခေါ်ရင် မလာဘူး..."

ကျီချင်းရန် မျက်နှာထက်ရှိ ဝင့်ဝါသော အမူအရာကိုမြင်တော့ လင်းရီ ပြော လိုက်၏။

"အဲ့တာဆို မင်းကို ရေကူးကန်ပါတဲ့ အိမ် တစ်လုံး လက်ဆောင်ပေးမယ်လေ...မင်း အိမ်ဖြစ်သွားပြီဆိုရင် ကိုယ့်စိတ်ကြိုက် ကူး လို့ရပြီမဟုတ်လား..."

"အဲ့လိုမျိုးလည်း မလိုချင်ဘူး..."ကျီချင်းရန် ခေါင်းခါရမ်းလိုက်ပြီး "နင်ခေါ်မှပဲ လာမှာ ...အဲ့လိုဆို ငါလည်း ကြည့်ကောင်းတယ် လေ..."

"သဘော...အဲ့လို ဇီဖာကြောင်လို့လည်း ခုထိ အပျိုကြီး ဖြစ်နေတာ..."

နှစ်ယောက်သား တစ်ခဏမျှ အနားယူပြီး နောက် ကျီချင်းရန် လင်းရီကို ရေကန်ထဲသို့ ဆွဲချသွားပြီး လေးငါးပတ်ခန့် ရေကူးလိုက် ကြ၏။ ထို့နောက် ကျေနပ်အားရနေသော အမူအရာဖြင့် အိမ်ထဲသို့ ဝင်လာခဲ့ကြလေ သည်။

နောက်တစ်နေ့ နံနက်တွင်တော့ ကျီချင်းရန် အိပ်ရာမှ ရီဝေစွာဖြင့် နိုးထလာခဲ့၏။ အောက်ထပ်မှ သင်းကြိုင်သည့် စားကောင်းသောက်ဖွယ်ရနံ့များကို ရှူရှိုက်မိသောအခါ ဖိုတီဖပ်သီဖြင့် အောက်ထပ်သို့ အပြေးကလေး ဆင်းလာခဲ့လေသည်။

အောက်ထပ်တွင်တော့ လင်းရီမှ ပူတင်းလေးခုကို လုပ်ထားပေးပြီး စားပွဲပေါ်တွင် ချထားပေး၏။

"အိပ်ပုတ်လေးပဲ..ခုမှ အိပ်ရာ ထလာတယ် ဆိုတော့..မင်းအတွက် မနက်စာ စားဖို့ လုပ်ထားပေးတယ်..မနေ့ညက ကျန်တဲ့ဟာတွေက ပြန်နွှေးစားရင် ကောင်းမှာ မဟုတ်ဘူး..."

"နင်ငါ့ကို အသစ်လေးခုတောင် လုပ်ထား ပေးတယ်ပေါ့..."

"အေးလေ..မဟုတ်လို့လား..."

ကျီချင်းရန် သူမ လက်နှစ်ချောင်းကို နှုတ်ခမ်းပေါ်သို့ တင်လိုက်ပြီးနောက် လက်ကို ဆန့်တန်း၍ လင်းရိ နှုတ်ခမ်းနှင့် ထိ တွေ့လိုက်သည်။

"သွားမတိုက်ရသေးလို့ နင့်ကို ဖလိုင်းကစ်ပဲ ပေးလိုက်တော့မယ်နော်...ဟီးဟီး.."

ကျီချင်းရန်၏ ပြုံးပျော်ရွှင်ပြီး ချစ်စဖွယ် မျက်နှာလေးကို မြင်တော့ လင်းရိ သူမ၏အပြုံးမှာ ဆောင်းနံနက်ခင်း၌ ဖြာကျ သော အသူရာနေမင်းကြီး၏ အလင်းရောင်

ထက်တောင် တောက်ပနေသည်ဟု ခံစားမိ၏။

"မျက်နှာ အရင်သွားသစ်လိုက်..ပြီးမှ လာစားလည်း နောက်မကျသေးဘူး.."

"ဟင့်အင်း..အရင်စားချင်တယ်...နောက်မှ မျက်နှာသွားသစ်လို့ မရဘူးလား..."

"ဘာလို့..."

"ပြန်ရောက်လာတဲ့ အချိန်ကျရင် ပူတင်းတွေ အေးကုန်မှာ ဆိုးလို့လေ..နာက ပူပူနွေးနွေးလေး စားချင်တာ..."

"သဘော...ဆရာမကြီး သဘော.."

"ခစ်ခစ်...ငါက ဆရာမကြီးပဲလေ...."

ထို့နောက် ကြီချင်းရန် ပူတင်း တစ်တုံးကို ယူ၍ ပါးစပ်ထဲသို့ ထည့်လိုက်၏။

"နင်လည်း စားကြည့်ပါလား..အရမ်း အရသာရှိတယ်နော်...."

"တော်ပြီ..ငါက အချိုတွေ သိပ်မကြိုက် တော့ စားလေ့စားထ မရှိဘူး..မင်းသာ ဝအောင်စား."

"အဲ့တာဆို အားမနာတော့ဘူးနော်..."

သူမ နံ့နက်စာ သိပ်မစားပါဘူးလို့ ပြောနေ သော်လည်း ပူတင်းလေးခုလုံးမှာ ကြီချင်း ရန် လက်ချက်ဖြင့် တခဏအတွင်း အကုန် ပြောင်သွားတော့၏။

"တော်ပြီ…နောက်လအထိ နင်ချက်ကျွေးတာတွေ မစားဘူးလို့ ဆုံးဖြတ်လိုက်ပြီ…"

ကျီချင်းရန် စားလို့သောက်လို့ ပြီးမှ နောင်တရနေသည့်အမူအရာဖြင့် ပြောလိုက်လေသည်။

"ဘာလို့လဲ…မင်း အရမ်းကြိုက်တယ်မဟုတ်လား…"

"ကြိုက်တာတော့ ကြိုက်တယ်လေ..ဒါပေမယ့် စားချင်တဲ့ အချိန်တိုင်း နင့်ကို အနိုင်ကျင့်နေလို့မှ မရတာ…"ကျီချင်းရန် ပြောလိုက်ပြီး "ပုံမှန်ဆို မိန်းကလေးက ချက်ပြုတ်ပေးရမှာ..ခုတော့ နင်က မိဖို

ချောင် ဝင်နေရတယ်ဆိုတော့ မကောင်းဘူး လေဟာ..."

"မင်းပြောသလောက်ကြီးလည်း မဟုတ်ပါဘူးဟ..အဲ့တာတွေက ရှေးရိုးဆွဲတဲ့ လူတွေပြောနေကျ လက်သုံးစကားကြီးပါကွာ..ခုခေတ်မှာ ယောကျ်ားလေး စားဖိုမှူးတွေဖြင့်ဒုနဲ့ဒေး ရှိနေတာကိုပဲ..."

"အဲ့တာတော့ အဲ့တာပေါ့...ဒါပေမယ့် ငါ့စိတ်ထဲ နေရခက်နေလို့လေ..."ကျီချင်းရန် ပြောလိုက်ပြီး "ခု ဆုံးဖြတ်လိုက်ပြီ ..နင်က ငါ့ကိုကြိုးစားပမ်းစားနဲ့ အရသာရှိတာတွေ ချက်ကျွေးထားတာဆိုတော့ ငါ့ဘက်ကလည်းနင့်ကို ပြန်ချက်ကျွေးမယ်..အဲ့တာမှ တရားမျှတမှာပေါ့..ဟုတ်တယ်မလား..ဒါပေမယ့်

ကြိုပြောထားမယ်နော်...ငါချက်ကျွေးတဲ့ ဟင်းတွေက အရသာမရှိလို့ ဆိုပြီး မကြိုက်ဘူး ငြင်းလို့မရဘူး....."

"ဒါပေါ့...ချင်းရန်က ကြိုးစားပေးမယ်ဆိုတော့ ကိုယ်ကလည်း မျက်နှာသာပေးရမှာပေါ့..."

"ဟင်းဟင်း ဒီလို လိမ္မာမှပေါ့.."

မနက်စာ သုံးဆောင်ပြီးနောက် လင်းရီ ကျီချင်းရန်ကို ချောင်ရန် အုပ်စုသို့ လိုက်ပို့လိုက်၏။

သူမ ကားထဲမှ မထွက်ခွာမီ "ပရဟိတ ညစာစားပွဲက ညနေလေးနာရီမှာနော်..လာကြိုဖို့လည်း မမေ့မနေနဲ့ဦး..."

"မပူနဲ့ ..မမေ့စေရဘူး..."

"အွန်း..အဲ့တာဆို သွားတော့မယ်..ဂရုလည်း စိုက်ဦးနော်..ဘတ်စကက်ဘော ဆော့ရင်း ထိခိုက်မိနေဦးမယ်..."

ကျီချင်းရန် ချစ်စဖွယ် ပြောဆိုလိုက်၏။

"ပြီးတော့ ငါနင့်ကို ဝယ်ထားပေးတဲ့ sneaker တွေလည်း စီးဖို့ မေ့မနေနဲ့ဦး..နင် အမြင့်ကြီးခုန်ပြီး သွင်းလို့ရအောင် စေတနာနဲ့ ဝယ်ထားပေးတာ..."

"ဟုတ်ပါပြီ ဆရာမကြီးရေ..မှာနေတာတွေက ဘယ်တော့ပြီးမှာလည်း ...ငါ ဒီနေ့ အလုပ်ကော သွားရဦးမှာလား..."

"နင်နော်..ဒီက စိတ်ပူလို့ သတိပေးနေတာကို နားမထောင်ချင်လည်း သဘောပဲလေ..."

ကျီချင်းရန် စိတ်ကောက်သွားဟန်ဖြင့် တစ်ဖက်သို့ လှည့်လိုက်၏။

"ဟားဟား..ဟုတ်ပါပြီ ..ဒီကလည်း အလကားစနေတာပါဟ..."

ထို့နောက် လင်းရီ သူ့အိတ်ကပ်ထဲမှ သော့ အပိုတစ်စုံကို ထုတ်၍ "ဒီမှာ ငါ့အိမ်သော့တွေ..မင်းမယူထားချင်တာ သေချာပြီလား..."

"အွန်း..သေချာတယ်..နင်သာ ငါ့ကို မကြာမကြာ လိုက်လည်ဖို့ ခေါ်လိုက်..."

"အိုကေပါ..."

"အဲ့တာဆို သွားတော့မယ်..လေးနာရီမှ ပြန်တွေ့ကြတာပေါ့.."

"အင်း..."

ကျီချင်းရန်ကို နှုတ်ဆက်ပြီးနောက် လင်းရီကျောင်းသို့ ဦးတည်လာခဲ့လိုက်၏။

"ဟယ်လို တီချယ်လင်း..."

လင်းရီ ကားထဲမှ ထွက်ချင်ထွက်ချင်စမိန်းကလေးတစ်ယောက်မှ နှုတ်ဆက်လာခဲ့၏။

"တီချယ် အရင်တုန်းက ပြိုင်ကားကြီးမောင်းလာသေးတယ်မဟုတ်လား..ခု ဘာဖြစ်လို့ ရှာရီကြီး မောင်းနေတာလဲဟင်..."

"ကားက သူငယ်ချင်းတစ်ယောက်ဟာလေ..ရှာရိကမှာ ငါ့ကိုယ်ပိုင်..."

လင်းရီ ကျောင်းကဲ့သို့သော နေရာမျိုးတွင် သူ၏ ကြွယ်ဝမှုကို မကြွားဝါချင်ပေ။ ထို့ကြောင့် တစ်ချို့အရာများကို ပေးမသိသည်က အကောင်းဆုံးဖြစ်၏။

"အိုး...အဲ့လိုကိုး.."ဆံပင်အရှည်နှင့် မိန်းကလေးမှ ပြောလိုက်သည်။

"ဒါပေမယ့် မပူနဲ့နော်..တီချယ် ဆိုင်ကယ်စုတ်ကြီး မောင်းပြီး ကျောင်းလာခဲ့ရင်တောင်မှ သမီးတို့က ဆရာ့ကို နှစ်သက်နေဦးမှာ..."

"မဆိုးဘူး..မဆိုးဘူး..ပိုက်ဆံက အရေးကြီးတယ်ဆိုပေမယ့် ငွေတစ်ခုတည်းကိုပဲ ရှေ့တန်းတင်လို့တော့ မရဘူး....အရာရာတိုင်းကို အမှန်အတိုင်း မြင်နိုင်ဖို့က အရေးကြီးတယ်....."

"ဟုတ်ကဲ့ တီချယ်လင်း ဆုံးမတာကို လိုက်နာပါ့မယ်ရှင့်..."

ထို့နောက် လင်းရီ ရုံးခန်းသို့ မိန်းကလေးလေးငါးဆယ်ယောက်ခန့်ဝိုင်းရံပြီး ရုံးခန်းသို့ ရောက်ရှိလာခဲ့၏။ ရုံးခန်းထဲတွင်တော့ သူမှလွဲ၍ တခြားဆရာများအားလုံးမှာ ရောက်နှင့်နေပြီး ဖြစ်လေသည်။

"သပပဲ...ဘာလို့ ဒီရဲ့ ထောက်ပံ့သူက အဲ့လောက် ပိန်းနေရတာလဲကွာ..သွေးဘယ်လို ပြန်ဖြည့်ပေးရမလဲဆိုတာတောင်မှ မသိဘူးတဲ့....အဲ့တာဆိုလည်း သပ မို့ ထောက်ပံ့သူကို ရွေးကိုင်တာလားဟ..."

လင်းရီ တံခါးဖွင့်ပြီး ရုံးခန်းထဲသို့ ဝင်ကာရှိသေး ရှောင်င ်ထျန် အော်ဟစ်ဆဲဆိုနေပြီး သူမဖုန်းကို ဆိုဖာပေါ်သို့ ကောက်ပစ်နေသည်ကို မြင်လိုက်ရသည်။

"ဘာတွေ အဲ့လောက်ဒေါသထွက်နေတာတုန်းဟ.."

"ဘာရှိရမှာ..ဂိမ်းထဲက သောက်နုပေါ့..ထောက်ပံ့သူကိုင်ပြီးတော့ သွေးကျ

ဘယ်လိုဖြည့်ရမလဲ မသိဘူးတဲ့..သူသာ သွေးဖြည့်ပေးရင် ငါလည်း ေ-သမှာ မဟုတ်ဘူး..အဲ့လိုသာဆို နိုင်နိုင်ခြေရှိ တယ်..ခုတော့ ရှုံးပြီလေ..."

လင်းရီကတော့ ငိုရအခက် ရယ်ရအခက် ဖြစ်နေပြီး "ကိုယ့်ဘာကိုယ် အိမ်ပြန်ပြီး သွေးဖြည့်လို့ ရတယ်မဟုတ် လား...ထောက်ပံ့သူက သွေးဖြည့်ပေးမှရယ် လို့မှ မဟုတ်တာ...."

# အခန်း (၂၄၉)

"အာ....အဲ့လိုလုပ်လည်း ရတာပဲနော..."

ရှောင်ထျန် ဖုန်းကို ပြန်ကောက်ယူလိုက်ပြီး လင်းရီကို မျက်လုံးရွဲကြီးများဖြင့် ကြည့်၍ "တစ်ပွဲ နှစ်ပွဲလောက် အတူဆော့ရအောင်လေ..."

"အချိန်မရှိသေးဘူး..ခနနေဆို ဘတ်စကက်ဘော အတန်း သင်ရတော့မှာ..တစ်ပွဲတောင် ပြီးအောင် ဆော့ဖို့ အချိန်က မကျန်တော့ဘူး..."

"အိုး..ဘတ်စကက်ဘောလို့ ပြောမှ ငါလည်း ခုမှ သတိရတယ်..."ရှောင်ထျန်ပြောလိုက်ပြီး "အားကစားဌာနက ဒါရိုက်တာဝမ်က ငါ့ကို ဆက်သွယ်လာတယ်...ဒီနေ့ အေရိုးဗစ် သင်တဲ့ ဆရာမကျန်းက ဖျားပြီး မလာနိုင်

တော့လို့..အဲ့တာ နင်သူ့အစား အတန်းဝင် ပေးပါဦးတဲ့..."

"ဟမ်..."လင်းရီ ရပ်တန့်လိုက်ပြီး "အေရိုးဗ စ်ဆရာမက ဖျားပြီးတော့ ငါ့ကို သူမ ကိုယ်စား အတန်းဝင်စေချင်နေ တယ်...သေချာလို့လားဟ..."

"ဖုန်းထဲမှာတော့ ဒါရိုက်တာဝမ် အဲ့လိုပြော တာပဲ..ငါလည်း ငြင်းရမှာ အားနာနေတာနဲ့ နင့်ကိုယ်စား သဘောတူပေးလိုက်တယ်..."

"အားကစားဌာနမှာ တခြား ဆရာမတွေ လည်း ရှိသေးတယ်မဟုတ်လား..ဆရာမ ကျန်း နေမကောင်းဖြစ်တယ် ဆိုရင်တောင် မှ သူတို့ကို အစားဝင်ခိုင်းလို့ရတယ်လေ

ကွာ..ငါ့ကို အကူညီတောင်းဖို့ လိုလို့လား ဟ.."

"ပြီးတော့ ငါမနေ့တုန်းက တိုက်ကွမ်ဒို အတန်းပြီးတော့ ဆရာမကျုန်းကို မြင် လိုက်ပါသေးတယ်..တက်ကြွ နေလိုက်တာ များ ဖလန်းဖလန်းထလို့..ဖျားနေတဲ့ ပုံလည်း တစ်စက်မှ မပေါ်ပါဘူးဟ..."

"အဲ့တာတော့ ငါလည်း ဘယ်သိမှာ..ဒါပေ မယ့် နင် အတန်းတော့ သွားပေးရမယ် နော်...သူက နင့်နာမည်တပ်ပြီး အကူညီ တောင်းထားတော့ မသွားပေးရင် ဘယ် ကောင်းမှာ... "

"ကောင်းပြီလေ..အဲ့တာဆို အေရိုးဗစ် အတန်းက ဘယ်အချိန်လဲတဲ့..."

လင်းရီအတွက်ကတော့ ဘာအတန်းဝင်ရလဲဆိုတာ အရေးမကြီးချေ။ အရေးကြီးဆုံးကတော့ အတန်းချိန်ဖို့ကသာ အရေးကြီးဆုံးဖြစ်၏။

အေရိုးဗစ်အတန်းအပြင် ဘတ်စကက်ဘော အတန်းလည်း ရှိသေး၏။ ထို့ကြောင့် ထိုနှစ်တန်းကို သင်ပြီးပါက သူ၏ မစ်ရှင်ပြီးမြောက်နှုန်းမှာ (၅/၂၀)ဖြစ်လာပြီး အန္တိမမစ်ရှင်အတွက်လည်း ခြေတစ်လှမ်း နီးကပ်လာမည်ဖြစ်သည်။

"အေရိုးဗစ်အတန်းက နေ့လည်ခင်း ပထမ အချိန်မှာပဲ...ပြီးတော့ အားကစားရုံထဲမှာပဲရှိတာ..နင်အဲ့ကို သွားရင် တွေ့ပါလိမ့်မယ်..."

"အိုကေ..."

လင်းရီ ပြင်ဆင်စရာရှိသည်များကို အနည်းငယ် ပြင်ဆင်ပြီးနောက် အားကစားရုံသို့ သွားလိုက်လေသည်။

ယနေ့အတန်းကတော့ မနေ့ကနှင့် မတူညီစွာ တမူထူးခြားနေလေသည်။ နောက်ထပ် ကျောင်းသား အသစ်များလည်း ရောက်ရှိနေကြ၏။

ထိုကျောင်းသားများမှာ ကျောင်းအသင်း၏ အသင်းသားများ မဟုတ်ပဲ သာမန်

ကျောင်းသားများသာဖြစ်ပြီး လင်းရီ ဖူးချင်းရှန်းတို့ကို အံ့ဖွယ်ဆန်ဆန် အနိုင်ယူလိုက်သည့် သတင်းကို ကြားမိသောကြောင့် အထူးအဆန်းဖြစ်၍ လာကြည့်ကြခြင်း ဖြစ်လေသည်။

လင်းရီကတော့ ထိုသူများနှင့် ပတ်သက်၍ စိတ်ထဲ ထားမနေခဲ့။

ကြည့်ချင်တာမလား..အေးဆေးကြည့်ကြပေါ့...

သို့သော်လည်း ဘတ်စကက်ေဘာ ထရိန်နင်ပြီးနောက် ထိုသူတို့ မျှော်လင့်ချက်များ ရိုက်ချိုးခံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။

အတန်းအချိန်၏ သုံးပုံတစ်ပုံမှာ ကိုယ်ကာယ လေ့ကျင့်ခန်းများနှင့် ပြီးဆုံးသွားပြီး ကျန်သည့် အချိန်များမှာလည်း ဘက်စကက်ဘော ပစ်သွင်းခြင်း လေ့ကျင့်ခန်းများနှင့်သာ အဆုံးသတ်သွားခဲ့၏။ ယင်းက သူတို့ စိတ်ကူးယဉ်ထားသည်နှင့် တော်တော်လေး ကွာခြားနေလေသည်။

ဒီလိုမျိုးမှန်း သိရင် လာမကြည့်ပါဘူးကွာ...ငါထင်တာ သူတို့တွေ နှစ်သင်းခွဲပြီး အကွက်ဆန်းကြီးတွေနဲ့ ယှဉ်ပြိုင်ကြတော့မှာလားပေါ့...ဖက်ခ်

အတန်းပြီးနောက် ရှောင်ထျန်မှ လင်းရီကို နေ့လည်စာ ဝယ်ကျွေး၏။

တစ်ခုယူလျှင် တစ်ခုပြန်ပေးရသည်ဟု ဆိုသကဲ့သို့ စားသောက်ပြီးနောက် လင်းရီလည်း သူမနှင့် အတူ

ဂိမ်းနှစ်ပွဲ ဆော့ပေးလိုက်ရ၏။ ထို့နောက် ပစ္စည်းများကို သိမ်းဆည်း၍ အတန်းအတွက် ပြင်ဆင်နေလိုက်သည်။

လင်းရီ ထွက်လာသည့် အချိန်တွင်တော့ မိန်းကလေးအများအပြား ရုံးခန်းအပေါက်ဝ၌ သူ့အား စောင့်ကြိုနေကြသည်ကို တွေ့လိုက်ရ၏။

"ဘာလာလုပ်ကြတာ.."

"တီချယ့်ကို အေရိုးဗစ် အတန်းစီ ခေါ်သွားဖို့ စောင့်နေကြတာလေ..."

"အဲ့တာဆိုလည်း အားကစားရုံမှာ စောင့်နေလိုက်လေ..ဘာလို့ ဒီမှာ လာရပ်စောင့်နေတာလည်းဟ..."

"ကျွန်မတို့ အခွင့်ရေးကို တန်ဖိုးထားရမယ်လေ..တီချယ်ကျန်း တစ်ခေါက်တစ်ခေါက်ဖျားဖို့ဆိုတာက တကယ်လွယ်တာ မဟုတ်ဘူး...နောက် ဘယ်ချိန်မှ ပြန်ဖျားမလဲဆိုတာ သမီးတို့မှ မသိတာ..."

"ကြည့်ရတာမင်းတို့က ဆရာမကျန်းကို တစ်သက်လုံး ဖျားစေချင်နေကြတယ်ပေါ့..."

"အဲ့လောက် ကြီးတော့ မဟုတ်ပါဘူး..အချိန်တစ်ခုလောက်ထိဆိုရင်ကို သမီးတို့က ကျေနပ်နေပါပြီ..."

လင်းရီ ပြောစရာစကား ကင်းမဲ့နေတော့၏။

သည်ကျောင်းသူများကတော့ တကယ့်ကို မနိုင်စိန်လေးများပင်။

ရုတ်တရက်ဆိုသလို နောက်လာမည့် အရေးဗစ် အတန်းမှာ လင်းရီအတွက် ကြီးမားသော စိန်ခေါ်မှုကြီးတစ်ရပ်ကို ဖြတ်သန်းရတော့မည့် ခံစားချက်ကို ရရှိလိုက်လေသည်။

အကြောင်းပြချင်ကတော့ ရိုးရှင်း၏။ လင်းရှိမှာ ငယ်ရွယ်လွန်းပြီး သူ၏ တပည့်မလေးများနှင့် အသက်မတိမ်းမယိမ်းလောက်ပင်။

ဆရာဟူသော အဆင့်အတန်းကြောင့်သာ သမီး သမီးတပ်၍ ခေါ်ဆိုနေကြသော်လည်း သူ့ထက် အသက်ကြီးသော ကျောင်းသူများပင် ရှိလျှင် ရှိနိုင်သေး၏။

မကြာမီ လင်းရှိ ကျောင်းသူလေးများ ဝန်းရံ၍ အေရိုးဗစ် ကလပ်သို့ ရောက်ရှိလာခဲ့သည်။

တံခါးဖွင့်ဖွင့်ခြင်း၌ပင် အခန်းထဲရှိ လေထုမှာ ရေမွှေးနံ့များ ၊ လိုးရှင်းနံ့များနှင့် ငယ်ရွယ်သော ကျောင်းသူလေးများ၏

လတ်ဆတ်သော ကိုယ်သင်းရနံ့လေးများမှာ သူ၏ နှာသီးဝသို့ ထိုးဖောက်ဝင်ရောက်လာခဲ့၏။

တစ်ရှိုက်လောက် ဝဝ ရှူသွင်းလိုက်သည်နှင့် ရင်ထဲတွင် တလှပ်လှပ် ခံစားလိုက်ရသည်။

အေရိုးဗစ် ကလပ်ထဲတွင်တော့ ကျောင်းသူသီးသန့်အယောက် ၆၀ ရှိ၏။

အများစုကတော့ ကွာတား ဘောင်းဘီလေးများ ဝတ်ဆင်ထားကြပြီး ကျန်သူများကတော့ ဘောင်းဘီအကြပ်များကို ဝတ်ဆင်ထားကြသည်။ Douyin ပေါ်ရှိ သူတို့၏ လှပသော ကိုယ်လုံးကိုယ်ပေါက်များကို

လှစ်ဟပြထားသည့် ကောင်မလေးများနှင့် ဆင်တူနေလေသည်။

အပေါ် ပိုင်းနှင့် စပ်လျဉ်း၍ကတော့ အားလုံးမှာ သူမတို့၏ ရင်ညွန့်ရိုးကို ဖော်ပြသည့် အဝတ်များ ဝတ်ဆင်ထားကြ၏။

ငယ်ရွယ်ပြီး လှသွေးကြွယ်နေကြသော ထိုတက္ကသိုလ်ကျောင်းသူလေးများကို ကြည့်ရင်း လင်းရီ ဝံပုလွေမများ ကြီးဆိုးရာ လှိုဏ်ဂူတွင်းသို့ သက်ဆင်းရတော့မည့် ခံစားချက်များ ဖြစ်ပေါ်နေလေသည်။

မတော်လို့ ငါ့ဆွဲ-စားကြရင် ဘယ်လိုလုပ်ရပါ့...

တစ်ခါတစ်ရံ ခန့်ညား ချောမောသည့်မှာ လည်း ကောင်းသည့် အချက်တော့ မဟုတ်ချေ။

"တီချယ်လင်း..မင်္ဂလာပါရှင့် ..."

အယောက် ၆၀ကျော်သော ကျောင်းသူလေးများ လင်းရီထံ လျှောက်လာပြီး အသံစာစာလေးများဖြင့် နှုတ်ခွန်းဆက်လိုက်ကြ၏။

သူမတို့မျက်နှာထက်ရှိ ပျော်ရွှင်နေမှုများကတော့ စကားလုံးများဖြင့် ဖော်ပြ၍ မရနိုင်အောင်ပင်။

ထိုစဉ် တစ်စုံတစ်ဦးမှ

"အိုကေ...အတန်းစတော့မယ်ဆိုတော့ သေချာရပ်ကြမယ်..."

လင်းရီ အသံကြား၍ တံခါးပေါက်သို့ ကြည့်လိုက်သောအခါ အေရိုးဗစ်ဆရာမကျန်း ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

ဆရာမကျန်း၏ နာမည် အပြည့်အစုံကတော့ ကျန်းရှယ်ဖြစ်ပြီး အရပ်အမောင်းကတော့ မနိမ့်မမြင့် အနေတော်လေးပင်။ နတ်သမီးတမျှ လှပသည်ဟု မဆိုသာသော်လည်း ကြည့်ပျော်ရှုပျော်တော့ ရှိ၏။

"အာ...ဆရာမကျန်း...ပြောတော့ ဖျားနေတယ်ဆို..."

လင်းရီ ဇဝေဇဝါဖြစ်စွာ မေးလိုက်သည်။

"ငါတို့ ကာယဆရာတွေက သူတို့ခွင့်ပြုတဲ့ အချိန်မှပဲ ဖျားလို့ရတာလေ..."ကျန်းရှယ် ခါး

သီးစွာ ပြုံးလိုက်ပြီး "သူတို့ ဖျားဆို ငါလည်း ဖျားရတာပါပဲ..."

"တကယ်ကြီးလား...အဲ့တာနဲ့ပဲ ဆရာမကျန်း ကလည်း လက်ခံလိုက်တယ်ပေါ့..."လင်းရီ ကြောင်အနေလေ၏။

ဘာတုန်းဟ..သူများက သူ့ကို အတင်းဖျား ခိုင်းနေပြီး နားခိုင်းနေတာတောင်မှ သူက မ ကျေမနပ်လေးတောင် မဖြစ်မိဘူးတဲ့လား...

"ဘယ်တတ်နိုင်မှာ..ကျွန်မလည်း ဆရာလင်း နဲ့ ဆုံချင်တယ်လေ..အဲ့တာကြောင့် သူတို့နဲ့ ပူးပေါင်းပေးလိုက်တာ..."ကျန်းရှယ် ပြော လိုက်သည်။

စိတ်ထဲတွင်တော့

'သွားပြီ...ငါတော့ အဆုံးသတ်ပြီ.....အားတဲ့ဘုရား လာကယ်ပါလို့ အကူအညီတောင်းရတော့မယ်...'

"ဆရာမကျန်း..ဒီလိုလုပ်ပါလား..ကျုပ်ဒီနေ့အတန်းမှာ ခင်မျှားနဲ့အတူ ရှိနေမယ်ဗျာ..ဒါပေမယ့် ခင်မျှားကတော့ အဓိက နည်းပြလုပ်ပေးပေါ့....ကျုပ်က အေရိုးဗစ်အကြောင်း သိပ်မသိတော့ သူတို့ကိုဘယ်လိုသင်ပေးရမလဲဆိုတာ ဘာမှနားမလည်ဘူး..."

ပညာရှိ ဉာဏ်ပညာ၏ အကူအညီဖြင့် လင်းရီ အေရိုးဗစ်အကြောင်း အနည်းအကျဉ်းမျှတော့ နားလည်ထားသည်။ အနည်းဆုံး

တော့ သူ၏ သိနားလည်မှုများမှာ ကျန်းရှယ် အောက်တော့ လုံးဝ မလျော့ပေ။

သို့သော်လည်း သူ၏ အမြင်တွင်တော့ ယောက်ျားလေးများ အေရိုးဗစ် သင်ခြင်းမှာ အရမ်းမိန်းမဆန်သည်ဟု ခံစားနေရ၏။ ထို့ကြောင့် လင်းရှီ အေရိုးဗစ် သင်မည့် အကြံကို လက်ရှောင်ထားလိုက်သည်။

"ရတယ်လေ..ဘာပဲဆိုဆို ဘယ်သူပဲသင်သင် အရေးမကြီးပါဘူး"

"ဟုတ်တယ် ဟုတ်တယ် ..သမီးတို့ ခုန်တာကို ဆရာလင်းသာ ထိုင်ကြည့်နေမယ်ဆိုရင် တစ်နေကုန် တစ်နေကမ်း ခုန်နေရတောင် မောပမ်းမှာ မဟုတ်ဘူး.."

"တီချယ်လင်း..စမီးတို့ ခုန်တာ ကြည့်ပြီး တော့ ဘယ်သူခုန်တာ ပိုလှလဲ ဆိုတာ အကဲဖြတ်ပေးရမယ်နော်..."

"ဆရာလင်း..ကျွန်မတို့နဲ့ သိပ်အဝေးကြီးမှာ မနေနဲ့လေ...လာ...ဒီဘက်နည်းနည်းလောက် တိုးခဲ့..."

'ဘယ်လိုငရဲလဲဟ..ငါက ယောကျ်ားလေး လေကွာ....မိန်းကလေးနဲ့ ယောကျ်ားလေး ကြားမှာ အကွာဝေးတစ်ခုလောက်တော့ ခြားထားသင့်တာပေါ့...'

လင်းရီလည်း ဘာမျှ လုပ်စရာ မရှိသည်နှင့် မနီးမဝေးတစ်နေရာရှိ ထိုင်ခုံပေါ်တွင် ခြေ တင်ချိတ်၍ ထိုင်နေလိုက်၏။

မကြာမီ အေရိုးဗစ် အတန်းမှာ တရားဝင် စတင်လာပြီး သီချင်းသံမှာ ပျံ့လွင့်လာခဲ့လေသည်။ သီချင်းစတင်သည်နှင့် ကျန်းရှယ်မှ ကောင်မလေး အယောက်၆၀ ကျော်ကို ဦးဆောင်ကာ ယမန်နေ့မှ သင်ထားသော လှုပ်ရှားမှုများကို ပြန်လည် လေ့ကျင့်ကြတော့၏။

သူ့ရှေ့ရှိ ဤငယ်ရွယ်နုပျိုသော ကောင်မလေးများအေရိုးဗစ် လုပ်နေသည်ကို မြင်တော့ လင်းရီ မနေနိုင်ပဲ သက်ပြင်းချမိသည်။

သူမ တို့ တစ်ချက်ခုန်တိုင်း သူ့ရင်ထဲ၌ လှိုင်းတစ်လုံး လှိမ့်တက်လာသလို ခံစားရ၏။

တစ်လှိုင်းပြီး တစ်လှိုင်းနှင့် သူ၏ ရင်ပင် တလှပ်လှပ် ဖြစ်နေလေသည်။

တခဏမျှ ကြည့်ရှုပြီးနောက် လင်းရီ စတင် မောပမ်းလာသလို ခံစားလာခဲ့ရ၏။

ယခု ငယ်ရွယ်သည့် ကျောင်းသူလေးများကို လှိုင်းအသေးစားလေးများဟု သတ်မှတ်၍ရ၏။ အကယ်၍ ကျီချင်းရန်နှင့် ရှောင်ထျန်တို့ဖြစ်မည်ဆိုပါက မြင်ကွင်းမှာ ဆူနာမီ လှိုင်းလုံးကြီးများ ဖြစ်ပေလိမ့်မည်။

ဘုန်း..

လင်းရီ ကျီချင်းရန်ကို နောက်တစ်ကြိမ် ရေကူးရန် ဖိတ်ခေါ်ဖို့ စဉ်းစားနေစဉ်

ကောင်မလေးတစ်ဦး ရုတ်ချည်း မူးလဲသွား သည်ကို မြင်လိုက်ရသည်။

ယင်းဖြစ်ရပ်က ကျန်းရွှယ်နှင့် ကျန်သည့် ကျောင်းသူများကို ရပ်တန့်သွားစေပြီး ထို မိန်းကလေးထံ အပြေးလေး လာခဲ့ကြ၏။

"ထျန်းရှင်း...သမီးဘာဖြစ်တာ လဲ..ထလေ..ဆရာမကို မခြောက်နဲ့နော်..."

မူးမေ့နေသည့် ကောင်မလေးကို မြင်တော့ ကျန်းရွှယ် စိုးထိတ်သွားပြီး မျက်နှာ ဖြူ လျော်သွား၏။

လင်းရှီ ဝိုင်းအုံနေသည့် လူအုပ်ကြီးထဲသို့ တိုးဝင်လာပြီး သူ၏ လက်ချောင်းများနှင့် မူး မေ့နေသည့် မိန်းကလေးကို နှိပ်နယ်

ပေးလိုက်သည်။ မကြာမီ ကောင်မလေးမှာ သတိပြန်လည်လာပြီး အားနည်းနေသည့် လေသံဖြင့် "တီ..တီချယ်...သမီး ဘာဖြစ်တာလဲတဲ့...."

"ဘာမှ ထွေထူးတော့ မဟုတ်ပါဘူး...ပြန်ပြီးတော့ တစ်ခုခုကောင်းတာလေးစားလိုက်ရင် အဆင်ပြေသွားမှာပါ.."

"တစ်ခုခုကောင်းတာလေး စားပေးရမယ်..."

နဂိုက ဖြူလျော်နေသော မိန်းကလေး၏ မျက်နှာမှာ ပို၍ ပင် ဖြူလျော်လာခဲ့ပြီး "ဆရာလင်း သမီးကို မခြောက်နဲ့နော်...သမီးမှာ ရောဂါနောက်ဆုံးအဆင့် ရှိနေတာလား..."

"ဘာနောက်ဆုံးအဆင့်တွေ ပြောနေတာ...ငါက မင်းကို တစ်ခုခုကောင်းတာလေး စားစေချင်ရုံလေးပဲလေ..."

"တီချယ်လင်း..သမီးကို မညာနဲ့နော်..ပြောစရာရှိတာ ပေါ်တင်ပြောလိုက်...ပုံမှန်ဆို ဒီလိုစကားမျိုးက ရောဂါနောက်ဆုံးအဆင့်ရောက်နေတဲ့ လူတွေကိုပဲ ပြောတာလေ...."

လင်းရီ ဆွံ့အသွား၏။

ဒီလို IQ မျိုးနဲ့ ဘယ်လိုလုပ် တက္ကသိုလ်ရောက်လာခဲ့တာလဲကွ...

"မင်းက အာဟာရချို့တဲ့နေတာ..အဲ့တာကြောင့် သွေးတွင်း သကြားဓာတ်လျော့နည်းပြီး မူးလဲသွားခဲ့တာ..ငါကမင်းကို

တစ်ခုခုကောင်းတာလေးတွေ မစားခိုင်းတော့ ချေးစားခိုင်းရမှာလားဟ...."

## အခန်း (၂၅၀)

"အိုး..အဲ့လိုလား..."

ထျန်းရှင်းဟု ခေါ်သည့် မိန်းကလေးမှာ စိတ်အေးသွားပြီး ယခုလေးတင် ငရဲတံခါးဝမှ ပြန်လှည့်လာရသကဲ့သို့ ခံစားလိုက်ရသည်။

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် မတ်တပ်ရပ်လိုက်ပြီး "ချီချဉ်ပါတဲ့သူရှိရင် သူ့ကို ကျွေးလိုက်ကြဦး..ပြီးရင် ကျောင်းဆောင်ခန်းကို လိုက်ပို့လိုက်ကြ"

"ဟုတ်ကဲ့ပါရှင့်."

ထျန်းရှင်းကြောင့် ရပ်တန့်လိုက်ရသော အဲရိုးဗစ် လှုပ်ရှားမှုမှာ မကြာမီ ပြန်လည် စတင်တော့၏။

လင်းရီ ဘေးခုံတွင် ထိုင်နေရင်း ရှေးတုန်းက အင်ပါယာများမှာ အဘယ်ကြောင့် မိန်းမလှလေးများ ကခုန်ဖျော်ဖြေသည်ကို နှစ်သက်ကြလဲဆိုတာ နားလည်သွားတော့၏။

ယင်းသို့ ရှုစားရခြင်းမှာ အမှန်ပင် နှစ်လိုဖွယ်ကောင်းလှပေသည်။

အတန်းပြီးနောက် လင်းရီ အချိန်မှာ သုံးနာရီ ထိုးခါနီး ဖြစ်ကြောင်း သတိထားမိသွား၏။ ထို့ကြောင့် ရုံးခန်းသို့ ပြန်သွားမနေတော့ပဲ

ကျီချင်းရန်ဆီသို့သာ မောင်းနှင်သွားလိုက်လေသည်။

"အယ် လင်းရီ ..အစောကြီးပါလား..ခုမှ သုံးနာရီ ကျော်ကျော်လေးပဲ ရှိသေးတာကို"

ကျီချင်းရန် ပြောလိုက်သည်။

"နေ့လည်ခင်း အတန်းက တစ်ချိန်ပဲ ရှိတာလေ..အတန်းပြီးတော့ ဘာမှလုပ်စရာ မရှိတာနဲ့ပဲ မင်းဆီ လာခဲ့လိုက်တာ..."

"အွန်း...တကယ်လို့ နင့်မှာ ဘာမှ လုပ်စရာ မရှိဘူးဆိုရင် ငါ့ဆီလာခဲ့နော်..ငါလည်း အဖော်ရတာပေါ့..ဟီးဟီး..."

ကျီချင်းရန် ပြောလိုက်ပြီး "နင်ပျင်းနေရင်လည်း ဆိုဖာပေါ်မှာ ထိုင်ပြီး ခဏလောက် ဂိ

မ်းဆော့နေလိုက်လေ..ငါ မိတ်ကပ်ပြင်လိုက်ဦးမယ်..ခုကနေစပြီး တော့ပြင်ဆင်ထားမှ..မဟုတ်ရင် နောက်ကျသွားတော့မှာ..နောက်ပြီး အဝတ်စားလဲဖို့လည်း ကျန်နေသေးတုန်းပဲ..."

"အိုကေလေ..မင်းလုပ်စရာရှိသာတာလုပ်..."

ကျီချင်းရန် မိတ်ကပ်ကို အလျင်အမြန်လိမ်းခြယ်လိုက်ပြီး နာရီဝက်ကြာပြီးနောက်ပွဲတက်ဝတ်စုံကိုပါ ဝတ်ဆင်ပြီးသွားလေပြီ။

ကျီချင်းရန် သူ့ထံသို့ လျှောက်လာသည့်အချိန်တွင်တော့ လင်းရီ ကမ္ဘာလောကကြီးတစ်ခုလုံး ခေတ္တမျှ ရပ်တန့်သွားသကဲ့သို့ခံစားလိုက်ရ၏။

လင်းရီ ရင်သပ်ရှုမောဖြစ်သွားပြီး သူ့ရှေ့ရှိ မိန်းမလှလေးကို ဂရုတစိုက် အကဲခတ်လိုက်သည်။

ရှည်လျားသော ပွဲတက်ဝတ်စုံမှာ ကြမ်းပြင်နှင့် ထိစပ်နေပြီး သူမ၏ ရင်ဘက်ကို ဖုံးအုပ်ထားပေး၏။ အလှနတ်သမီးတို့၏ ညှပ်ရိုးမှာလည်း အထင်းသားပေါ်လွင်နေပြီး ဖြူဖွေးနုဖက်သော လက်မောင်းများမှ သွေးကြော စိမ်းစိမ်းလေးများကိုပင် မြင်နေရလေသည်။

သာမန်အဝတ်စားများ ဝတ်ဆင်သည့်အချိန်တွင် သူမ၏ လှပသော ပုံရိပ်ကို ထင်ရှားပေါ်လွင်ါစေသော်လည်း ယခုလို ပွဲတက်ဝတ်စုံနဲ့ နှိုင်းယှဉ်မည်ဆိုပ့က မတူညီ

သည့် အလှတရားတို့မှာ ကောင်းကင်နှင့် မြေပြင်အလား ခြားနားလှပေသည်။

ကိုယ်တိုင်းချုပ်ထားသော ဂါဝန်မှာ သူမနှင့် ကျက်သရေရှိစွာ လိုက်ဖက်နေပြီး ဝတ်စုံနှင့် ကာရံညီစွာ အနက်ရောင် ဒေါက်မြင့်ဖိနပ် တစ်ရံကိုလည်း ဝတ်ဆင်ထား၏။ ထို့ပြင် လှပတင့်တယ်သည့် ကျောက်မျက်ရတနာ များကိုလည်း ဆင်ယင်ထားသေးလေသည်။

လည်ဆွဲ၊ နားကပ်နှင့် လက်ကောက်၊ အထူးသဖြင့်တော့ သူမဆွဲကြိုးနှင့် တွဲဖက် ဝတ်ဆင်ထားသည့် နီလာတုံးကြီးမှာ နက်ရှိုင်းသည့် သမုဒ္ဒရာကဲ့သို့ ပြာလဲ့နေလေ သည်။

ယင်းလက်ဝတ်တန်ဆာများမှာ ကြီချင်းရန် ကို ပို၍ ကျက်သရေရှိကာ တော်ဝင်ဆန် သွားစေပြီး မလှုပ်ပဲ ရပ်နေပါက လက်ရာ မြောက်သည့် ကျောက်စိမ်းပန်းပုရုပ် ကလေးအလား ထင်မှတ်လို့ မှားလောက် စရာပင်။

"လင်းရီ..ဘယ်လိုလဲ..ငါကြည့်လို့ လှရဲ့လား ဟင်..."

ကြီချင်းရန် သူမ၏ ဂါဝန်အနားသားလေး များကို ဆွဲတင်လိုက်ပြီး မဝံ့မရဲလေး မေးမြန်းလိုက်၏။

"လှရက်လွန်းလို့ ကြည့်မိတဲ့ ကိုယ်တောင် အပြစ်ရှိသလို ခံစားနေရတယ်..."

"ခစ်ခစ်..နင်က စကား ဘယ်လိုပြောရမလဲဆိုတာတော့ သိသားပဲ..."

လင်းရီ သူမကို စူးစိုက်ကြည့်နေသည်ကိုမြင်တော့ အနည်းငယ် မျက်နှာပူလာခဲ့သော်လည်း စိတ်ထဲတွင်တော့ အတော်လေး ပီတိဖြစ်နေခဲ့၏။

"နင့်ဝတ်စုံကလည်း အထဲမှာပဲ...သွားလဲလိုက်လေ..."

"အိုကေ..."

လင်းရီ ဝတ်စုံလဲပြီးသည့် အချိန်တွင်တော့ ညနေ လေးနာရီ ထိုးပြီးဖြစ်သည်။ ထို့ကြောင့် နှစ်ယောက်သား အတူ

မြေအောက် ကားပါကင်သို့ ထွက်လာခဲ့လိုက်၏။

"ဒီနေ့ မင်းရဲ့ကားကို ယူမယ်..."ခါတ်လေ့ကားထဲမှ ထွက်လာပြီးနောက် လင်းရီပြောလိုက်၏။

"ငါ့ကားကို ယူမယ်.."

"အင်း...ကျောင်းလာတယ်ဆိုတော့ ငါရှာရီပဲစီးခဲ့တာလေ..မင်းက ပရဟိတ ညစာစားပွဲကို ရှာရီကြီးစီးပြီး သွားချင်လို့လား..."

"ဘာဖြစ်လို့လဲ..စီးလို့ရရင် ပြီးရောပဲမလား.."ကျီချင်းရန် ပြောလိုက်ပြီး "ပြီးတော့နင့်ရဲ့ ရှာရီကလည်း မဆိုးပါဘူး..ထိုင်ရတာသက်တောင့်သက်သာ တောင်ဖြစ်သေး..."

"မျက်နှာပျက်မှာ မကြောက်ဘူးလား..."

"တကယ်လို့ မျက်နှာရဖို့ ကားကောင်းတစ်စီးလိုမယ်ဆိုရင်တော့ ကားမရှိသေးတဲ့ ငါ့အတိတ်နေ့ရက်တွေမှာဆို ဘယ်လိုလုပ်မှာ..."

"ပြောတာကောင်းတယ်.."လင်းရီ ရယ်မောလိုက်ပြီး ရှာရီထဲသို့ ဝင်ကာ ကျီချင်းရန်ကို ပရဟိတ ညစာစားပွဲသို့ ခေါ်လာခဲ့လိုက်၏။

......

ယွင်လန်ဟိုတယ်မှာ ပန်နီဆူလာ ဟိုတယ်ကြီးနှင့် ပခုံးချင်းယှဉ်နိုင်သည့် အဆင့်မြင့်ကြယ်ငါးပွင့် ဟိုတယ်ကြီး တစ်လုံးဖြစ်၏။

မနှစ်တုန်းကမှ ဆောက်လုပ်ပြီးစီးခဲ့ပြီး ဗိသုကာလက်ရာများနှင့် အလှဆင်ထားသည့် ဒီဇိုင်းတို့မှာ ပန်နီဆူလာဟိုတယ်ထက် ပိုပြီး ခေတ်ဆန်လေသည်။

ထိုအချိန်တွင်တော့ မီတာ ဒါဇင်အနည်းငယ်ခန့် ရှည်စော ကော်ဇော အနီရောင်ကြီးမှာ ယွင်လန်ဟိုတယ် တံခါးဝမှနေ၍ အပေါက်ဝထိ ခင်းကျင်းထား၏။

အနီရောင် ကော်ဇော၏ အခြားတစ်ဖက်တွင်တော့ အတားအဆီးများ ကာရံထားပြီး သတင်းထောက်များနှင့် ဂျာနယ်လစ်များက ယနေ့ည တက်ရောက်မည့် ဧည့်သည်တော်များ၏ ကျော်ကြားမှုကြောင့် သတင်းရယူရန် အသင့် စောင့်ဆိုင်းနေကြ၏။

ယနေ့ည ပရဟိတ ညစာစားပွဲ၏ ဧည့်သည်များ စာရင်းတွင် ကျိုးဟိုင်၏ ထိပ်စီးစီးပွားရေး လုပ်ငန်းရှင်များနှင့် ကျော်ကြားသည့် အနုပညာရှင်များ တက်ရောက်လိမ့်မည်ဟု သတင်းရထား၏။

အကယ်၍ ယခု ဂျာနယ်လစ်များသာ သတင်းတစ်ခုခု ရယူနိုင်ပါက နောက်တစ်နေ့တွင် ယင်းက သူမတို့ သတင်းစာတိုက်၏ ခေါင်းကြီးပိုင်း သတင်းတစ်ပုဒ်ဖြစ်သွားလိမ့်မည် မဟုတ်ပါလော။

"ဝိုး...ကြည့်လိုက်ကြဦး..အဲ့တာ ခုတလောနာမည်ကြီးနေတဲ့ လျိုဖန်းဖေး မဟုတ်လား...သူက အပြင်မှာ ပိုပြီး လှနေသေးတယ်ကော..."

"ဟုတ်ပါ့..ငါကြားတာတော့ သူ နောက်ထပ် နန်းတော်

ဒရာမာမှာ နေရာတစ်နေရာ ထပ်ရထား တယ်ဆိုပဲ..ထွက်တာနဲ့ လူတိုင်းကို ခဏ လောက်တော့ စိတ်ကျေနပ်အောင် လုပ်ပေး နိုင်ကောင်းပါရဲ့.."

"အင်း...သူမက တကယ်ပဲ ကျော်ကြားမှု တွေနဲ့ ထိုက်တန်တယ်...လှ့ရုံတင် မကသေး ဘူးနော်..ပီယာနို ၊ တယော အကုန်အစုံကို တီးတတ်တာ..လုံး၀ စွယ်စုံရ အနုပညာရှင် တစ်ယောက်ပဲ.."

"ငါ့အထင်တော့ ဒီကနေ့ ညစာစားပွဲမှာ အလှဆုံး အမျိုးသမီး ဧည့်သည်တော်ကတော့ လီျဖန်းဖေးပဲ ဖြစ်ရမယ်...."

မရေမတွက်နိုင်သည့် ကင်မရာ မီးအလင်းရောင်များနှင့် သူမနားရှိ တွေးနွေးသံများကို ကြားတော့ လီျဖန်းဖေး အားရကျေနပ်မှု အပြည့်ဖြင့် ပြုံးလိုက်သည်။

"ဟမ့်..ဘယ်လိုတောင် တောသားငနိုတစ်သိုက်လဲ...ချိုင်းနားတစ်ပြည်လုံးမှာ ငါ့ထက်လှတဲ့ အမျိုးသမီး ရှိနိုင်ပါ့မလား ဟဲ့..ရယ်စရာကောင်းလိုက်တာ.."

"အစ်မဖေး ..အရင်ဝင်သွားကြရအောင်လေ.."

လျှိုဖန်းဖေး၏ လက်ထောက်မှ တီးတိုးလေသံဖြင့် "ညီမ ကြားတာတော့ ဒီကနေ့ ညစာစားပွဲကို သခင်လေးချင်းလည်း ရောက်နေတယ်တဲ့နော်..ဒီမှာ အကြာကြီး ဆက်နေဖို့ မလိုတော့ဘူး..."

"သခင်လေးချင်းက အစောကြီး ရောက်နှင့်နေတယ်ပေါ့..."

လျှိုဖန်းဖေး စိတ်လှုပ်ရှားသွားခဲ့၏။ သူမ၏ လာရင်း ရည်ရွယ်ချက်မှာလည်း ချင်းဟန်နှင့် ပတ်သက်မှုကောင်းတစ်ခု တည်ဆောက်ရန်သာဖြစ်သည်။

အနုပညာနယ်ပယ်တွင်တော့ ငွေရှင် ကြေးရှင်တို့နှင့် ပိုက်ဆံ ရှိသူများကသာ ရှင်ဘုရင်များ ဖြစ်ကြ၏။

ချင်းမိသားစုမှာလည်း လတ်တလော အနုပညာနယ်ပယ်ထဲ ဝင်ရောက်မည့် ခြေလှမ်းများကို အစဖော်ထားလေသည်။ အကယ်၍ သူမသာ ချင်းဟာန်နှင့် ကြိုတင်ချိတ်ဆက်နိုင်မည် ဆိုပါက နောင်ငါးနှစ်အတွင်း အေအဆင့် မင်းသမီးများစာရင်း၏ ပလ္လင်ပေါ်တွင် မြဲမြဲစွာ ထိုင်နေရန်မှာ လုံးဝ စိုးရိမ်စရာ မဟုတ်တော့ချေ။

"အွန်း သခင်လေးချင်းက စောရောက်နေနှင့်ပြီးသား..ဒါပေမယ့် ဘယ်မှာရှိလဲဆိုတာတော့ ညီမလည်း မသိဘူး..အထဲရောက်

သွားတဲ့ အချိန်ကျရင်တော့ သေချာလေး ရှာကြည့်ရမယ်..."

"နင် သခင်လေးချင်းနဲ့ အဆက်အသွယ်ရအောင် လုပ်ရမယ်နော်...အမှားတစ်ခုမှ လုပ်မိသွားလို့ မဖြစ်ဘူး.."လို့ဖြန်းဖေး သတိပေးလိုက်သည်။

"ဟူး..နှမြောစရာပဲ..ဒီလိုမှန်းသိရင် မနေ့တုန်းက ပွဲတက်ဝတ်စုံကို ရအောင် ယူခဲ့ပါတယ်..အဲ့လိုသာဆို အစ်မဖေးက ပိုပြီးတောင် ထင်ရှားနေတော့မှာ...အဲ့ခါကျ သခင်လေးချင်း မြင်သွားရင် သေချာပေါက် အစ်မဖေးရဲ့ အလှတရားတွေအောက်မှာ နစ်မြောသွားတော့မှာပဲ...."

"အဆင်ပြေပါတယ်..."လို့ဖြန်းဖေး

ကင်မရာရှေ့တွင် သူမ ပိုက်ဆံအိတ်ကို ကိုင်၍ နှံ့တံ့တံ့ လုပ်ပြလိုက်ပြီး "ဒီတိုင်း အဝတ်စားလေးပဲ မဟုတ်လား..လှလား မလှလားဆိုတာက အဲ့ဝတ်စုံကို ဝတ်ဆင်ထားတဲ့ သူ့အပေါ်လည်း မူတည်နေသေးတယ်လေ...အင်တာနက် ဆယ်လီနဲ့ တကယ့် ဆယ်လီတွေကြား ကွာခြားချက်ကိုတော့ လူတိုင်း ရှင်းရှင်းလင်းလင်း မြင်နိုင်တာပဲ မဟုတ်လား...သူတို့က ခုမှ ရေပန်းစားလာတဲ့ သောက်ပိန်း အုပ်စုလေးကိုများ..ထည့်တွက်နေစရာတောင် မလိုဘူး..."

"အမှန်ပဲ..ဘာမဟုတ်တဲ့ အင်တာနက် ဆယ်လီလေးက အစ်မဖေးနဲ့ ယှဉ်နိုင်မှာတဲ့လား..."

ထိုအချိန်တွင်ပဲ သူမတို့ သတင်းကြေညာသူများနှင့် ဂျာနယ်လစ်များအားလုံး သံပြိုင်အံ့အားသင့်စွာ ရေရွတ်သံများကို ကြားလိုက်ရသည်။

"ဘာတွေ ဖြစ်နေတာလဲဟ..ရှာရီကတောင် ဒီထဲ ဝင်လာလို့ ရတာလား..."

"ဟျောင့်ရေ..ဒီကားက ရိုးရိုးရှာရီတောင် မဟုတ်ဘူး..စုတ်ပြတ်သပ်နေတဲ့ ရှာရီကြီးဟ..ဘာလို့ ဒီရောက်နေတာလဲတဲ့..တစ်ခုခု များ မှားနေလို့လား..."

သတင်းကြေညာသူများနှင့် ကြည့်ရှုသူ ညှော် ပရိတ်သတ် အပေါင်းတို့မှာလည်း ဇဝေဇဝါ ဖြစ်နေကြလေသည်။

ဒီနေ့ ပွဲလာတက်တဲ့ လူတိုင်းစီးတဲ့ကားက အနည်းဆုံး တစ်မီလီယမ်လောက်တော့ တန်ကြေးရှိတယ်လေ..ဘယ်သူကများ ရှာရီကြီး စီးလာခဲ့ပါလိမ့်...

ကားထဲတွင်တော့ လင်းရီ အဝင်ဝရှိ အနီရောင်ကော်ဇောကိုကြည့်ရင်း မျက်မှောင်ကြုတ်မိသွားသည်။

"ပရဟိတ ညစာစားပွဲမဟုတ်လား..ဘာလို့ ကော်ဇောအနီရောင်ကြီးက ရှိနေတာလဲ..ဖက်ရှင်ရှိုးပွဲ ကျနေတာပဲ..."

လင်းရီမှာ သိုသိုသိပ်သိပ်သာ နေလေ့ရှိပြီး ယခုလို အပြင်အဆင်များကို နှစ်သက်သူ မဟုတ်မှန်း သိသောကြောင့် ကျီချင်းရန် ပြုံးလိုက်ပြီး "ခု ခေတ် ပရဟိတ ညစာစားပွဲတွေက ပြောင်းကုန်ပြီလေ..ပုံစံက အနှစ်သာရ ထက်ပိုပြီး အရေးကြီးသွားပြီ...ပရဟိတကို ပရဟိတနဲ့တူအောင် လုပ်တဲ့သူဆိုတာကလည်း မရှိသလောက်ပဲ..အားလုံးက နာမည်ကောင်းလိုချင်လို့..ပုံရိပ်ကောင်း ရချက်လို့ ဆိုပြီး လုပ်နေကြတဲ့သူတွေက ခပ်များများရယ်...."

လင်းရီ ထောက်ခံသည့်အနေဖြင့် ခေါင်းညိမ့်ပြလိုက်ပြီး"အမှန်ပဲ..."

"သွားစို့လေ..ရှင်က ကျွန်မနဲ့အတူ အနီရောင်ကော်ဇောပေါ်မှာ လမ်းအတူ မလျှောက်ချင်ဘူးလား..."

ကျီချင်းရန် အပြုံးလေးဖြင့် မေးလိုက်သည်။

"တော်ပြီ..အဲ့လိုလုပ်တာက ငါနဲ့ ကီးမကိုက်ဘူး..သူတို့ငါ့ကို တဖျပ်ဖျပ် ဓာတ်ပုံတွေရိုက်နေကြမှာကိုလည်း သဘောမကျဘူး..."

"နင် မလိုက်ဘူးဆိုတာ သိသားပဲ..."ကျီချင်းရန် ရှေ့ရှိ ဘေးတံခါးကို ညွှန်ပြလိုက်ပြီး "ကော်ဇောပေါ်က လျှောက် မသွားချင်ဘူးဆိုရင်လည်း ဘေးမှာ တံခါးပေါက် သပ်သပ်တစ်ခု ရှိသေးတယ်...အဲ့တာဆို ခန်းမထဲရောက်မှပဲ ပြန်တွေ့ကြမယ်နော်..."

"အိုကေလေ..."

တိုင်ပင်ပြီးနောက် ကျီချင်းရန် ကားတံခါး ဖွင့်၍ အပြင်သို့ ထွက်လိုက်လေသည်။

သူမ၏ သွယ်လျသော ခြေတံတစ်စုံနှင့် အနက်ရောင် ပွဲတက်ဝတ်စုံတို့မှာ လူတိုင်း ရှေ့တွင် ပေါ်ထွက်လာပြီး အားလုံး၏ အမြင် အာရုံကို ဖမ်းစားသွားတော့၏။

ကျီချင်းရန် ကားထဲမှ ထွက်လာသည့် အချိန် တွင်တော့ ကောင်းကင်မှာ မှောင်ရီပျိုးလာ ပြီး လူတိုင်း အသက်ရှူမှားသွားကြ တော့၏။

"ဒီ.....ဒီအမျိုးသမီးက လှရက်နိုင်လွန်းတယ် ကွာ...."

# အခန်း (၂၅၁)

ကျီချင်းရန် ကားထဲမှ သူမ၏ ဂါဝန်စလေးများကို မ၍ ထွက်လာခဲ့၏။

ပုရိသ ယောက်ျားတို့၏ အကြည့်များမှာ ကျီချင်းရန်ဆီ၌သာ ဆွဲထင်နေကြပြီး တစ်ကမ္ဘာလုံးတွင် သူမတစ်ဦးတည်းကိုသာ မျက်စိထဲ၌ ရှိကြတော့၏။

အမျိုးသမီးများပင်လျှင် ကျီချင်းရန်၏ တုနှိုင်းမမှီ အလှတရားကြောင့် ဆွဲငင်ခြင်း ခံလိုက်ရသည်။

"သူ...သူမက ဘယ်သူလဲဟ...တက်သစ်စ ကြယ်ပွင့် အနုပညာရှင်များလား..ဘာလို့ အရင်တုန်းက တစ်ခါမှ မမြင်ဖူးပါလိမ့်..."

"အနုပညာ နယ်ပယ်ကတော့ မဟုတ် လောက်ဘူး ထင်တယ်နော..မဟုတ်ရင် သူ့ရဲ့ အောင်ဂျင်စီက ကားလေးတစ်စီးလောက် တော့ စီစဉ်ပေးမှာပါ..ရှာရီကြီးနဲ့တော့ မလာ ခိုင်းလောက်ပါဘူးဟ..."

"အဟုတ်ပဲ...ဒီလောက် လှနိုင်လွန်းတဲ့သူက အနုပညာနယ်ပယ်ထဲမှာဆိုရင် နောင်ကျ သေချာပေါက် ထိပ်တန်းကြယ်ပွင့် အနုပညာရှင် တစ်ဦး ဖြစ်လာမှာပဲ လေ....အမှန်ဆို ဖူးဖူးတောင် မှတ်ထားဦး

မှာ..ဒီလို စုတ်တီးစုတ်ပြတ် ရှာရီကြီးနဲ့တော့ မလာခိုင်းလောက်ဘူး..."

"ဟော့ကောင်တွေ ဘာရပ်လုပ်နေကြတာ တုန်းဟ..ဓာတ်ပုံတွေ ရိုက်ကြလေကွာ..."

သတင်းကြေညာသူတစ်ယောက်မှာ သူ့ကင်မရာမန်းထံမှ ကင်မရာကို လုယူပြီး ကျီချင်းရန်ကို ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်လိုက်တော့၏။

"ငါက ခုလေးတင် လျိုဖန်းဖေးက ပရဟိတ ညစာစားပွဲမှာ အလှဆုံး အမျိုးသမီး ညွှန့်သည်တော်လို့ ပြောနေတာ.....သူထက်သာတဲ့ အလှပိုင်ရှင်က ဒီလိုမျိုးကြီး ရောက်ချလာလိမ့်မယ်လို့တောင် ထင်မထားဘူး..."

ကင်မရာမန်းအားလုံးက ကျီချင်းရန်ထံ အာရုံရောက်နေကြသည်ကို မြင်တော့ လျိုဖန်းဖေး ဒေါသထွက်စွာဖြင့် အံကြိတ်မိလိုက်သည်။

"ငါက လူတိုင်း မျှော်ကြည့်ရတဲ့ ကြယ်ပွင့် အနုပညာရှင်လေ..အဲ့ကောင်မက ငါနဲ့ ယှဉ်ပြိုင်ဖို့ တန်လို့လား... "

"တကယ်ကြီး သူပဲ..."

လျိုဖန်းဖေး ဒေါသ ငယ်ထိပ်သို့ ရောက်နေစဉ် သူမလက်ထောက်၏ အံ့အားတကြီး ရေရွတ်သံကို ကြားလိုက်သည်။

"နင်တို့ အချင်းချင်း သိကြတာလား.."

"အစ်မဖေး ..ညမ ပြောတဲ့ အင်တာနက် ဆယ်လီဆိုတာ သူလေ..မနေ့တုန်းက ညီမ မြင်ခဲ့တဲ့ ပွဲတက် ဝတ်စုံကလည်း ခု သူဝတ်ထားတဲ့ ဝတ်စုံပဲလေ..."

"ငါက ဘာလို့များ ရှာရိကြီး စီးပြီးတော့ ရောက်လာလဲဆိုပြီး ထူးဆန်းနေတာ ..လက်စသတ်တော့ တောသူမလေးက ကော်ဇောအနီရောင်ပေါ်မှာ အခွင့်ရေးလာယူတာကိုး..ဟမ့်.."

လျှိုဖန်းဖေး အထင်သေးမှု အပြည့်ဖြင့် ပြောလိုက်ပြီး ခေါင်းမော့ ရင်ကော့လိုက်၏။

ကျီချင်းရန် သတင်းထောက်များနှင့် ကင်မရာမန်းများမှ သူမကို ဓာတ်ပုံတ

ဖျပ်ဖျပ် ရိုက်နေသည့် မြင်ကွင်းကို နေသား မကျသေးချေ။ ထို့ကြောင့် သူမ၏ ဂါဝန် အနားသားလေးများကို မ၍ လမ်းကျဉ်း လေးမှတစ်ဆင့် ဘေးတံခါးဝသို့ သွားရန် ဟန်ပြင်လိုက်သည်။

"ထင်ထားတဲ့အတိုင်းပဲ..အင်တာနက်ဆယ် လီက အင်တာနက် ဆယ်လီပါပဲ...အစ်မဖေး ရဲ့ ရှေ့မှာဆို ဘာအရှိန်အဝါမှတောင် မ ထုတ်လွှတ်ရဲ တော့ဘူး..."

လက်ထောက်မှ ပြောလိုက်ပြီး "အစ်မကို လည်း မြင်ရော တန်းပြီး တခြားလမ်းက သွားဖို့ ပြင်တော့တာပဲ.."

"အဲ့တာ ကိုယ့်အဆင့်ကို သိတယ်လို့ခေါ်တယ်...ငါ့ကို မယှဉ်နိုင်မှန်းသိတော့ ဘေးရှောင်လိုက်တာပေါ့....သူ့ကိုယ်သူ အရှက် မကွဲချင်တာလည်း ပါမှာပါ..."

"ဒါပေမယ့် ညီမတော့ ခုထိ မကျေနပ်နိုင်သေးဘူး..တကယ်လို့ ညီမသာ ခုသူဝတ်ထားတဲ့ ဝတ်စုံကို ရအောင် ယူနိုင်လို့ကတော့ အစ်မဖေး ဒီညမှာ ပိုပြီးတောင်တောက်ပနေဦးမှာ..."

"မပူနဲ့..အစ်မမင်းအစား လက်စားချေပေးမယ်..."လို့ဖြန်းဖေး မျက်လုံးများကျဉ်းမြောင်း၍ ပြောလိုက်၏။

"အစ်မဖေး ဒီမှာက လူတွေအများကြီး နော်..ပြီးတော့ သတင်းထောက်တွေလည်း ကိုနေတာ..စိတ်လိုက်မာန်ပါတွေ မလုပ်ပါနဲ့ အစ်မရယ်..."

"အေးဆေးပါ..ငါလုပ်နေတာ ငါသိပါတယ်..."လို့ဖန်းဖေး ပြောလိုက်ပြီး "ခနနေ သူဒီရောက်လာတဲ့အချိန်ကျရင် ငါနဲ့ ဓာတ်ပုံ အတူ ရိုက်ပေးဖို့ တောင်းဆိုလိမ့်မယ်..အဲ့ခါကျမှ ငါသူ့ကို ဘယ်လို အနိုင်ကျင့်ပြမလဲ ဆိုတာ ကြည့်ကြည့်လိုက်..."

"အွန်း..အကြံကောင်းပဲ..."သူမ၏ လက်ထောက်မှ လက်မထောင်ပြလိုက်ပြီး "အဲ့လိုသာဆို မနေ့က အပြုအမူအတွက် အဲ့

ကောင်မ နှောင်တအကြီးကြီး ရနေလောက်ပြီ..."

နှစ်ယောက်သား တတွတ်တွတ် ပြောနေကြတုန်း ကျီချင်းရန် ဟိုတယ် တံခါးဝသို့ ရောက်လာခဲ့ပြီး လူနှစ်ယောက်က သူမ လမ်းတွင် ပိတ်ရပ်ထားသည်ကို မြင်လိုက်ရ၏။

တစ်ဦးကိုတော့ သူမ အရမ်းရင်းနှီးနေပြီ ယခင်နေ့က အထည်ဆိုင်၌ သူမနား ဝတ်စုံအတင်းတောင်းဝယ်ချင်နေသည့် သူပင်။

"ဘာလဲ ငါနဲ့ ခုတ်ပုံ အတူရိုက်ချင်နေတာလား...စိတ်မရှိပါနဲ့..နင်က ငါနဲ့ အတူတွဲရိုက်ဖို့ အဆင့်မမှီဘူး..."

လှိုဖန်းဖေး မောက်မာဝင့်ကြွားစွာ ပြောလိုက်သည်။

လှို့ဖန်းဖေး၏ အေးစက်သည့် အမူအရာကို မြင်တော့ သတင်းထောက်များအားလုံး ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ရင်း ခေါင်းခါရမ်းမိလိုက်ကြသည်။

"ထင်ထားတဲ့ အတိုင်း..အနုပညာနယ်ပယ်မှာ ကြည့်ကောင်းတဲ့သူတွေက တကယ့်ရန်သူတွေပဲ..ခုမှ စတွေ့ခါ ရှိသေး....အချင်းချင်း ခနဲ့နေကြပြီ..."

"ဒါပေမယ့် လှို့ဖန်းဖေးရဲ့ အဆင့်အတန်းနဲ့ဆိုရင်တော့ သူမှာ အဲ့လို ပြောပိုင်ခွင့် ရှိတယ်မဟုတ်လား..."

"အမှန်ပဲ..လူတိုင်း သူမနဲ့ အတူ ဓာတ်ပုံတွဲရိုက်ခွင့် မရှိဘူးလေ...."

"စိတ်မကောင်းစရာပဲ..ဟို တက်သစ်စ ကြယ်ပွင့်လေးကတော့ ပွဲမှာ အရှက်ကွဲရတော့မယ်..."

ကျီချင်းရန် ခေါင်းကိုမော့လိုက်ပြီး သူမ၏ အနူအရာက အနည်းငယ် အေးစက်နေလေသည်။

"နင်နဲ့ ဓာတ်ပုံရိုက်ချင်နေတာ မဟုတ်ဘူး..နင်တို့နှစ်ယောက်က ငါ့လမ်းကို လာပိတ်နေတာ..."

အာ....

ကိုးရို့ကားယား လေထုက ထိုနေရာ တစ်ဝိုက်သို့ ပျံ့နှံ့သွားပြီး ထိုအခါမှ လျိုဖြန်း တို့ သူမတို့နှစ်ဦး အမှန်တကယ် လမ်းပိတ် ရပ်ထားကြောင်း သတိပြုမိသွားသည်။

"ဟားဟား...."

"ဒီရဲ့ လျိုဖြန်းဖေးက ဘယ်ကတည်းကနေ ချေမိုးချင်နေမှန်း မသိဘူး..သူထင်နေ တာ..နာမည်လေး ရှိတာနဲ့ပဲ လူတိုင်းက သူနဲ့ ခတ်ပုံရိုက်ဖို့ လာတောင်းဆိုကြမယ်လို့ ထင်နေတာများလား မသိဘူး..."

"ယုံကြည်မှုပဲ လွန်ကဲလွန်းနေတာလား..ဒါမှ မဟုတ် မျက်နှာကပဲ အရေထူတာလား တော့ မသိပါဘူး..ငါသာဆိုလို့ကတော့ ကျွ

င်းတစ်ကျွင်းတူးပြီး ဝင်ပုန်းနေလိုက်တော့မှာ..."

နှစ်ယောက်သား ဘေးသို့ ကပ်ရပ်၍ လမ်းဖယ်ပေးလိုက်ကြပြီး ကျီချင်းရန်မှ သူတို့အား ဖြတ်လျှောက်သွားလေသည်။ လျိုဖန်းဖေး၏ မျက်နှာမှာ သေမတတ် ဖြူလျော်နေပြီး ရင်ဘက်မှာလည်း နိမ့်ချည်မြင့်ချည်ဖြင့် သူမ၏ ဒေါသကို ဖြေမဆည်နိုင်ဖြစ်နေ၏။

"မိန်းကလေး...နင်တကယ်ပဲ ငါဘယ်သူလဲဆိုတာ မသိဘူးလား..."

ကျီချင်းရန် နောက်သို့ ပြန်လှည့်လိုက်ပြီး "ငါ့ကို ပြောနေတာလား..."

"ဟုတ်တယ်..."

"စိတ်မရှိပါနဲ့နော်..ရှင်တို့ နှစ်ယောက်က ဘယ်သူလဲဆိုတာ တကယ် မသိလို့ပါ..ကျွန်မတို့ အရင်တုန်းက တွေ့ဖူးကြလို့များလား..."

လျိုဖန်းဖေး ဒေါသထောင်းကနဲ ထွက်သွားသော်လည်း အချိန်မှီ စိတ်ကို ထိန်းချုပ်၍ "ငါက တလောတုန်းကမှ ရွှေကြက်ဖဆုကို ရထားတဲ့ အကောင်းဆုံး ကြယ်ပွင့်အနုပညာရှင် လျိုဖန်းဖေးလေ..ခု သိလောက်ရောပေါ့..."

(TL-ရွှေကြက်ဖဆုက တရုတ်ရုပ်ရှင်အကယ်ဒမီဆုပါ)

"အော်..ဟုတ်လား....ကျွန်မက TV လည်း မကြည့်ဘူး..ဆယ်လီတွေရဲ့ ပရိသတ်လည်း မဟုတ်ဘူး..ဒီတော့ မသိတာကို စိတ်မရှိပါနဲ့နော်...."

ထိုသို့ ပြောပြီးနောက် ကျီချင်းရန် ဟိုတယ်ထဲသို့ ယုံကြည်ချက် အပြည့်ဖြင့် ဝင်ရောက်သွားလေသည်။

လီျူဖန်းဖေး ကတော့ နောက်တွင် ဆွံ့အကျန်နေခဲ့၏။

"ဟားဟား...ဒီလီျူဖန်းဖေးက ဘာဖြစ်နေတာလဲဟ..ကိုယ့်ကိုယ်ကို ဟုတ်လှပြီများအောက်မေ့နေလည်းမသိဘူး..."

"သူများ ရှေ့မှာ ဟန်ကြီးပန်ကြီးနဲ့ လုပ်ပြချင်နေတာ...သနားစရာပဲ ဟိုက သူ့ကို သိတောင် မသိရှာဘူး.."

"ဒါကြီးက မျက်နှာဖြတ်ရိုက်ခံလိုက်ရတာပဲ ကွ..ဟားဟား သတင်းတစ်ပုဒ်တော့ရပြီ..."

ယခင်က ဒေါသထွက်နေသော လျှိုဖန်ဖေး မှာ ယခု လူသ-တ်ချက်လောက်တဲ့ထိ ဒေါသထွက်နေတော့၏။

နာမည်အဆင့်အတန်းမှ ဘာမှမရှိတဲ့ အင်တာနက် ဆယ်လီ တစ်ယောက်ဆီကနေ အကြောခံလိုက်ရတယ်တဲ့လား...

ဒါမျိုးတော့ လုံးဝ လက်သင့်မခံနိုင်ဘူး..

"လုံခြုံရေးတွေ..နင်တို့ ဘာလုပ်နေကြတာလဲ...ဒီနေ့ ညစာစားပွဲမှာ စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ ကျိုးဟိုင်က ထိပ်သီးပိုင်းတွေပဲ တက်ရောက်ကြတာ မဟုတ်လား...သူ့လို အင်တယနက် ဆယ်လီတစ်ယောက်က အနီရောင်ကော်ဇောပေါ်မှာ ဖြတ်လျှောက်ခွင့် ရှိတယ်တဲ့လား...နင်တို့ ဘာတွေ စဉ်းစားနေကြတာလဲ..."

လျိုဖန်းဖေး အောပြောလိုက်၏။

"အင်တာနက် ဆယ်လီ...?"

လျိုဖန်းဖေး၏ စကားလုံးများကို ကြားတော့မှ သတင်းထောက်များလည်း ကျီချင်း

ရန် ဘယ်သူလဲဆိုတာ သိသွားကြတော့သည်။

သူတို့အားလုံးက အောင်ဂျင်စီတစ်ခုမှ တက်သစ်စ အနုပညာရှင်တစ်ဦး ဖြစ်လိမ့်မည်ဟု ထင်ထားကြသော်လည်း အင်တာနက် ဆယ်လီတစ်ဦး ဖြစ်နေလိမ့်မည်လို့တော့ ထင်မထားချေ။

သို့တိုင်အောင် ထိုအင်တာနက် ဆယ်လီမှာ လွန်စွာ ဆွဲဆောင်မှု ရှိလှ၏။

သို့သော်လည်း ယခုလို ခမ်းနားလှသည့် ညစာစားပွဲတွင်တော့ အင်တာနက် ဆယ်လီတစ်ဦးမှာ ပွဲတက်ရောက်ဖို့ အမှန်ပင် အဆင့်မမှီချေ။

'ဒီဟိုတယ်ရဲ့ လုံခြုံရေးတွေက ဘာလုပ်နေကြပါလိမ့်..ဒီလို အင်တာနက်ဆယ်လီကို တောင် ဝင်ခွင့်ပေးလိုက်တယ်ဆိုတော့....'

တစ်ချိန်တည်းတွင် လုံခြုံရေး ဝန်ထမ်းတစ်ချို့ ကမန်းကတမ်း ရောက်ရှိလာပြီး "မဒမ်..ခုနက ဘာပြောလိုက်တာလဲဗျ..."

"နင်တို့ ကန်းနေကြတာလား...စောနတုန်းက အနက်ရောင် ပွဲတက်ဝတ်စုံနဲ့ အင်တာနက်ဆယ်လီက ဟိတ်ဟန်တစ်ခွဲသားနဲ့ အထဲဝင်သွားတယ်လေ....."လျှိုဖေး လက်ချာရိုက်လိုက်ပြီး "နင်တို့ အလုပ်ကို ဘယ်လိုတွေ လုပ်နေကြတာ...အဲ့ကောင်မကို အမြန် ဆွဲခေါ်ထုတ်သွားစမ်း..သူ့လိုလူမျိုး ပွဲလာတက်တာက လေထုကို ညစ်ညမ်းစေတယ်..."

"ဟုတ်တယ်..အမြန် မောင်းထုတ်ပစ်လိုက်..မဟုတ်ရင် ငါတို့ မဝင်ဘူး..."လျိုဖန်းဖေး၏ လက်ထောက်မှ ပြောလိုက်ပြီး "အဲ့ကောင်မနဲ့ အစ်မဖေး နှစ်ယောက်ထဲက တစ်ယောက်ပဲ ပွဲတက်နိုင်မယ်..."

လုံခြုံရေး ဝန်ထမ်းနဗစ်ယောက်မှာ အကြည့်ချင်း ဖလှယ်လိုက်ပြီး အခက်တွေ့နေဟန်ဖြင့် "မစ်လျို..ဒီလိုလုပ်မှပဲ ဖြစ်မှာလား..ကျွန်တော်တို့ ဒီကိစ္စကို ကောင်းကောင်းကြီး ဆွေးနွေးလို့ရပါသေးတယ်..."

"ဘာမှ ဆွေးနွေးနေစရာမလိုဘူး..ငါ့ထက် အဆင့်နိမ့်တဲ့ အင်တာနက် ဆယ်လီတစ်ဦးနဲ့ အတူ ပွဲ မတက်နိုင်ဘူး.."

"အဲ့တာဆိုလည်း ကောင်းပြီလေ..မစ်လျို ကျေးဇူးပြုပြီး ဒီဘက်ကြွပေးပါ..."

လုံခြုံရေးအစောင့်မှ ထွက်ပေါက်သို့ ညွှန်ပြလိုက်၏။

"ဟမ်..နင်တို့က ဒါဘာသဘောလဲ..."

လုံခြုံရေးဝန်ထမ်းများမှ သူမတို့ကို ထွက်သွားခိုင်းနေသည်ကို မြင်တော့ လျိုဖန်းဖေးနှင့် သူမလက်ထောက်တို့မှာ ကြက်သေသေသွားကြ၏။

"ဘာသဘောလဲ ဟုတ်လား..."

"ခင်များတို့ပဲ စောနက အမျိုးသမီးနဲ့ ပွဲတစ်ခုတည်းအတူမတက်ချင်ဘူးဆို...အဲ့လိုဆိုမှတော့ ထွက်သွားလိုက်ပေါ့..."

လျှိုဖန်းဖေး ဒေါသထွက်လွန်းရဲ့ မျက်နှာနီရဲဘာပြီး "နင် ဒါဘာအချိုးချိုးတာလဲ..ငါဘယ်သူလဲဆိုတာ မသိတာလား...ငါ့ကိုတောင် မောင်းထုတ်ရဲတယ်ပေါ့လေ...ငါ၊ လျှိုဖန်းဖေးက အင်တာနက် ဆယ်လီ လောက်တောင် အဆင့်မရှိတော့ဘူးတဲ့လား...."

"မစ်လျှို..ခင်များ အထင်လွဲနေပြီ..ခုလေးတင် ဝင်သွားတဲ့ အမျိုးသမီးက အင်တာနက် ဆယ်လီမဟုတ်ဘူး...သူက ဒီနေ့ရဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်တစ်ဦးဖြစ်တဲ့ ချောင်ရန်အုပ်စုရဲ့ ဥက္ကဌ...ကျွန်တော်တို့လည်း အခြေနေအရပ်ရပ်ကို ထည့်သွင်းသုံးသပ်ပြီးမှ ရွေးချယ်စရာမရှိပဲ မစ်လျှိုကို ထွက်သွားဖို့ တောင်းဆိုရတာပါ..."

# အခန်း (၂၅)

"ဘာ...ဘာပြောလိုက်တယ်...အဲ့ကောင်မက ချောင်ရန် အုပ်စုရဲ့ဥက္ကဌ..."

လျိုဖန်းဖေးနှင့် ဘက်ထောက်တို့ နှစ်ဦးစလုံး ကြက်သေသေသွားကြသည်။

ကျီချင်းရန်တွင် ထိုကဲ့သို့ မြင့်မားသည့် အဆင့်အတန်း ရှိနေလိမ့်မည်လို့ ထင်မထားချေ။

"ဟုတ်တယ်..ချောင်ရန် အုပ်စုရဲ့ ဈေးကွက်တန်ဖိုးက အခုဆို ၃ ဘီလီယမ်တောင် ရောက်နေပြီ..မစ်လျို လည်းကြားဖူးမှာပါ..."

လျှိုဖန်းဖေး ချောင်ရန် အုပ်စုဟူသော နာမည်ကို မကြားဖူးသော်လည်း ၃ ဘီလီယမ်ဟူသော ကိန်းဂဏန်းက သူမကို ခေါင်းနပန်း ကြီးသွားစေ၏။

အဲ့လို လူမျိုးတွေက သူ အပြစ်လုပ်မိလို့ ရတဲ့သူတွေ မဟုတ်ဘူးလေ...

"ဟားဟား...."

လှောင်ရယ်သံများ တစ်ဖန် ဆူညံလာပြီး အနီးဝန်းကျင်ရှိ သတင်းထောက်များနှင့် ပွဲကြည့်ပရိတ်သတ်တို့မှာ ရယ်ရလွန်း၍ မျက်ရည်ပင် ထွက်ကျလုနီးနီး ဖြစ်နေကြ၏။

"လိုဖြန်းဖေးက ကိုယ့်ကိုယ်ကို သောက်ရမ်း အကြီးကြီးတွေ ထင်နေတာပဲကွ..."

"ဟိုကဖြင့် ၃ဘီလီယမ်တန်ကြေးရှိတဲ့ ကုမ္ပဏီကို ပိုင်ဆိုင်ထားတာနော်..အဲ့တာကို တောင်မှ သူက အင်တာနက် ဆယ်လီဆိုပြီး လုပ်နေလိုက်သေးတယ်...ဘယ်လို အင်တာနက် ဆယ်လီမျိုးက ဒီလောက် ကျက်သရေ ရှိတဲ့ အရှိန်အဝါကို ပိုင်ဆိုင်မှာလဲတဲ့...ဒီ လောက်လေးတောင် စဉ်းစားတဲ့ ဦးနှောက်မ ရှိဘူးလားဟ..အဲ့တာကြောင့်လည်း အနုပညာ နယ်ပယ်ကဟာတွေ ပိုက်ဆံရှိတဲ့ သူ ဖိနပ်လိုက်လျက်နေတာ မဆန်းတော့ပါ ဘူး..ဦးနှောက်မှ မရှိတာကိုးကွ .."

"မြန်မြန်ထွက်သွားလိုက်တော့...ထွက်ရမယ့် အပေါက်ကိုလည်း ပြပြီးသားပဲ..ဒီမှာပဲ ရပ်မနေနဲ့.."

လှိုဖြန်းဖေး အလွန်အမင်းအရှက်ရနေပြီး ကျွင်းတစ်ကျွင်းတူး၍ ပုန်းအောင်းချင်နေတော့၏။

ယခုတစ်ကြိမ်တော့ လူအများ ရှေ့၌ မျက်နှာဖြတ်ရိုက်ခံလိုက်ရခြင်းပင်။

"ဖေး...အစ်မဖေး ...ခု ညီမတို့ ဘယ်လိုလုပ်ကြမလဲဟင်...ထွက်သွားရမှာလား မထွက်သွားရဘူးလာ..."သူမ၏ လက်ထောက်မှ ကိုးရို့ကားယား ဖြစ်စွာဖြင့် မေးမြန်းလိုက်၏။

"ဘာဆိုင်လို့ ထွက်သွားရမှာ..ငါက ဒီလာတာ သခင် လေးချင်းနဲ့ တွေ့ဖို့ပဲလေ.."လို့ဖြန်းဖေး ပြောလိုက်ပြီး "စီးအီးအိုရန်နားမရမက တောင်းပန်းပြီးတော့မှ ဒီအခွင့်အရေးကို ရလာတာ ..ဒီလောက် လွယ်လွယ်နဲ့ လက်လျှော့စရာ အကြောင်းမရှိဘူး..."

သို့နှင့် နှစ်ယောက်သား လူတိုင်း၏ စောင့်ကြည့်နေသော အကြည့်များအောက်တွင် ခေါင်းငိုက်စိုက်ချ၍ ပွဲခန်းမထဲသို့ ဝင်သွားကြလေသည်။

အကျိုးအမြတ်နှင့် နှိုင်းယှဉ်လျှင်တော့ မျက်နှာ ပျက်ရသည်မှာ ဘာမျှ အရေးမပါချေ။

တစ်ချိန်တည်းတွင် လင်းရီလည်း လမ်းဘေး၌ ကားထိုးရပ်လိုက်၏။

ကားရပ်ပြီးခါရှိသေး ချင်းဟန်မှ ဖုန်းခေါ်လာသည်။

"လင်းကြီး မင်း ယွင်လန်ဟိုတယ်မှာလား..."

"အေး မင်းဘယ်လိုသိတာ..."

"မင်းရဲ့ ရှာရီကို မြင်လိုက်လို့လေကွာ.."ချင်းဟန် ပြောလိုက်ပြီး "ငါခု တံခါးပေါက် C မှာ ..အဲ့မှာစောင့်နေတယ်..ရောက်ရင် လာခဲ့ဦးဟာ..."

ချင်းဟန် ဤနေရာ၌ ရောက်ရှိနေခြင်းကို လင်းရီ လုံးဝ မအံ့ဩသွားပေ။ ကျိချင်းရန်ကဲ့သို့ ဂုဏ်ဒြပ်ရှိသူပင် ယခုလိုနေရာသို့

ဖိတ်ကြားခြင်း ခံရမှတော့ ကျိုးဟိုင်တွင် အသိုင်းအဝိုင်းကြီးသည့် ချင်းဟန်ဆိုလျှင်တော့ ပြောနေစရာတောင် မလိုပေ။

လင်းရှီ ကားထဲမှ ထွက်လာခဲ့ပြီး ချင်းဟန်နှင့် တွေ့ရန် တွခါးပေါက် C သို့ ထွက်လာခဲ့၏။

ထိုနေရာသို့ရောက်သောအခါ ချင်းဟန်မှာ ဝိုင်တစ်ခွက်ကို ညာလက်မှ ကိုင်ထားပြီး အနက်ရောင် အနောက်တိုင်းဝတ်စုံဖြင့် သူ့ကို လက်ရမ်းပြနေသည်ကို မြင်လိုက်ရ၏။

"ဟားဟား..လင်းကြီး မင်းက ဝတ်စုံပြည့် ဝတ်လိုက်တော့မှပဲ ပိုပြီး စားဘဲကြီးရုပ်ပေါက်လာသလိုပဲ.."

"ငိုးမ လစ်စမ်း...ငါက လူရိုးသားလေးကွ... "

"ဘယ်လို လူရိုးသားက သပေါင်ကျန့်ကို နေ့တိုင်း သွားလို့လဲ...ငိငိ ငါမသိဘူး မှတ်မနေနဲ့"

"မင်းလည်း တူတူပဲ လေ....ငါ့ကို တလောတုန်းက ဟွားချင်းရေကန်မှာ အင်ပါယာနေရာ ဘွတ်ကင်လုပ်ထားဖို့ မင်းပဲပြောတာမဟုတ်လား..."

"ဟုတ်တယ် ..ငါက လူရိုးသားဆိုတော့ ငါလုပ်တာ ငါဝန်ခံတယ်...."

"ငိုး...စီးပွားရေးသမားလို့ကို မပြောရဘူး.."

"အိုကေ တော်ပြီ မပြောတော့ဘူးကွာ..."ချင်းဟန် ပြောလိုက်ပြီး "မင်းမှာ

ကားကောင်းတွေ ဒီလောက် ပေါသောခေတ်ကြီးထဲမှာတောင်မှ ဘာလို့ ရှာရိုကြီး မောင်းလာတာတုန်းဟ..ဒီမှာ အလန်းလေးတွေက အများကြီးနော်ဟျောင့် ..မင်းရဲ့ ရှာရိုနဲ့ဆို ဘယ်စော်လေးမှ လိုက်ချင်မှာ မဟုတ်ဘူး.."

"ဆောတီးပဲ ငါ့ကောင် ...ခု ငါရောက်နေတဲ့ လယ်ဗယ်က စော်ကြည်ဖို့ ကားအကောင်းစားကြီးတွေ ထုတ်ပြနေရတဲ့ အဆင့် မဟုတ်တော့ဘူး"

"ချီး...ကိုယ့်ငါးချဉ်ကို ချဉ်နေလိုက်..."ချင်းဟန် လင်းရီကို ပခုံးဖက်လိုက်ပြီး "ငါ သတိထားမိပါတယ်ကွ..မင်း စော်လေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲပြနေပြီဆို

ကတည်းက စားဘဲကြီးဆိုတာ သိပြီးသား...
"

"ဘာတွေ လာယောင်နေတာ..အိပ်နေရင်း စကားပြောနေတာလား.."လင်းရီ မေး လိုက်၏။

"ငိုးပဲ..ဒီနားမှာ ငါတို့ နှစ်ယောက်ပဲ ရှိတာ လေကွာ..အဲ့တာကို ဘာတွေ ဘာပြီး လူကြီးလူကောင်းစတိုင် လာဖမ်းပြနေ တာ.."ချင်းဟန် ပြောလိုက်၏။

"မင်းမှတ်မိသေးလား..တလောတုန်းက မင်း ရဲ့ မမအရွယ် သူငယ်ချင်းတစ်ယောက် ဟို..BMW မောင်းတဲ့ တဏှာရူးဆီက ခြိမ်းခြောက်ငွေညစ်ခံရတဲ့ ကိစ္စလေကွာ... "

"အေ...မှတ်မိတယ်..ဘာလဲဖြစ်လို့..."

"အဲ့တာနဲ့ ငါလဲ တစ်မျိုးပြောင်းပြီး မမ အရွယ် ကောင်မလေးတွေကို အာရုံခံကြည့် တာ အားပါးပါး..ကမ္ဘာအသစ် ပွင့်သွားသလို ပဲကွာ....အပြုအစုက ရှယ်ကောင်းတာ ဟျောင့်ရေ..."ချင်းဟန် သက်ပြင်းချလိုက် ပြီး

"ငါ သူ့တင်ပါးကို တစ်ချက်လောက်ပဲ ပုတ် ရသေးတယ်..ဘယ်လို အနေအထား ပေးရမ လဲဆိုတာ ချက်ချင်းနားလည်နေ ပြီ...တကယ်လို့ မိန်းကလေး ငယ်ငယ်လေး တွေသာ ဆိုလို့ကတော့ ငါဘာလို့ ရိုက်လဲဆို ပြီး မေးနေတော့မှာ..မင်း က ဘယ်လို ပျော်

အောင် နေရမလဲဆိုတာ တကယ်သိတာပဲ ကွ..."

"ဟူး...နှမြောစရာပဲကွာ....မင်းနဲ့စောတွေ့ပြီး ဒီလို နည်းလမ်းကို ကြိုသိလိုက်ရမှာ..ခုတော့ ချီးပဲ..ငါအချိန်တွေ အများကြီး ဖြုန်းတီးခဲ့သလိုတောင် ခံစားနေရတယ်..."

"ဒါကြောင့်လည်း မင်းက ငါ့ထက် စော်လိုက်တဲ့ နေရာမှာ ပရိုကျနေတာကိုး..."ချင်းဟန် တစ်ချက် ပြုံးလိုက်ပြ "ဒါနဲ့ ငါ့ခန်းထဲမှာ စကီလေးတစ်ယောက်ရှိတယ်..အကောင်းစားကြီးတော့ မဟုတ်ပေမယ့် အရည်အချင်းကတော့ သိပ်မဆိုးဘူး..မင်းလိုချင်လား..လိုချင်ရင် ပေးမယ်လေ.."

"စိတ်မဝင်စားဘူးဟျောင့်..မင်းဘာမင်းပဲ သိမ်းထားလိုက်..."

"ဟန် ဆောင်မနေနဲ့ဟျောင့်..မင်းက စား ဘဲကြီးဆိုတာ လူတိုင်း နီးပါးသိတယ်...ဂျက် ကတ်လေး ဝတ်လိုက်ရုံနဲ့ သူတော်ကောင်း ကြီး ဖြစ်သွားမှာ မဟုတ်ဘူး...."

"တော်စမ်းပါကွာ.."လင်းရီ သူ၏ နက်ခ်တိုင် ကို တစ်ချပ်ပြန်တင်းလိုက်ပြီး "အရင်သွား နှင့်ပြီ..မင်းဘာမင်း ဒီမှာ စော်တွေ လိုက်ငမ်း နေလိုက်တော့..."

"အိုကေ...ညကျရင် မပြန်သေးနဲ့ဦးဟျော င့်..မင်းနဲ့ တစ်ခွက် တစ်ဖလားလောက် ချ ချင်သေးတယ်..."

"စိတ်မဝင်စားသေးဘူး..."

"သပေါင်ကျွန်းကို သွားလည်မယ်ဆိုရင်ကော..."

"အင်း..ဒါကတော့ စဉ်းစားစရာပဲ...."လင်းရီပြောလိုက်ပြီး "ငါအားတဲ့ချိန်မှ အင်ပါယာနေရာ ရအောင်လုပ်ထားလိုက်မယ်ကွာ..."

"အိုကေ.."

ချင်းဟန် သူ့ကို ကူညီပေးခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပေ။ ထို့ကြောင့် မန်ဘာကတ်လေး တစ်ခုအတွက်နှင့်တော့ တွယ်ကပ်မနေသင့်ချေ။

ထို့ကြောင့် ကျေးဇူးပြန်ဆပ်သည့် အနေဖြင့် ကူညီပေးရန် ဆုံးဖြတ်လိုက်၏။

"မစ္စတာလင်း.."

လင်းရီ ချင်းဟန်နားမှ ထွက်လာရုံရှိသေး တစ်ယောက်ယောက် လှမ်းခေါ်သံကို ကြားမိလိုက်သည်။

လှည့်ကြည့်လိုက်သည့် အချိန်တွင်တော့ ရန်ရှေဖြစ်နေကြောင်း အံ့အားသင့်စွာ မြင်တွေ့လိုက်ရ၏။

သူက ကျိုးဟိုင် ဒရာမာ အကယ်ဒမီက ပရော်ဖက်ဆာ မဟုတ်ဘူးလား...ဒီမှာ ရှိနေရမယ့် လူမျိုး မဟုတ်ဘူးလေကွာ...

ရန်ရှေ၏ ပွဲတက်ဝတ်စုံမှာလည်း သိမ်မွေ့ပြီး အထက်တန်းဆန်၏။ အနက်ရောင်ဒေါက်မြင့်ဖိနပ်နှင့် အတူ အရောင်ဖျော့ဖျော့

ဘရာမဲ့ အဝတ်ကို ဝတ်ဆင်ထား၏။ တွဲစပ်ထားသည့် အရောင်ကာလာတို့မှာ သူမနှင့်ပန်းသင့်လှပြီး တမူထားခြားသော အလှတရားကို ခံစားသက်ဝင်စေသည်။

"ဒီမှာ လာဆုံတယ်ဆိုတော့ ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"အံ့သြသွားလား..."

"အင်း..နည်းနည်းပေါ့..."လင်းရီ အပြုံးလေးဖြင့် ပြန်ပြောလိုက်သည်။

"ဘာလို့ ဒီရောက်နေလဲဆိုတာ သိချင်နေတယ်မလား..ဒရာမာ အကယ်ဒမီက ပရော်ဖက်ဆာအပြင် ငါက တ-ရုတ် အားကစားနဲ့

စာပေယဉ်ကျေးမှု အစည်းအရုံးရဲ့ ဒုဥက္ကဌ လေ..အဲ့တာကြောင့် ဒီကို တက်ရောက်ဖို့ ဖိတ်စာ ရောက်လာတာပေါ့.."

ရန်ရွှေ လင်းရီကို အပေါ်အောက် စုန်ချည် ဆန်ချည် ကြည့်ရှုလိုက်ပြီး "ဒါပေမယ့် မစ္စတာလင်းက ဒီလိုကြီး ဝတ်ထားပြီးတော့ အီရန်လာပြေးတာလား...."

"အာ....."

လင်းရီ ကိုးရိုးကားယား ဖြစ်သွားပြီး "သူငယ်ချင်းတစ်ယောက်နဲ့ ဒီလိုက်လာတာ ပါ.."

"ဟုတ်ပါပြီ..မစ္စတာလင်းက မပြောချင်ဘူး ဆိုမှတော့ မမေးတော့ပါဘူး.."ရန်ရွှေ

ဒုတိယထပ်ကို ညွှန်ပြလိုက်ပြီး "ငါ့ယောကျ်ားကလည်း ဒီမှာ ရှိနေတယ်ဆိုတော့ ဆက်မပြောတော့ဘူးနော် တစ်ခုခုလိုရင် ဒုတိယထပ်မှာ ရှိတယ်..လှမ်းသာ ခေါ်လိုက်...သွားနှင့်တော့မယ်..."

"အိုကေ...."

လင်းရီ ရန်ရွှေ ဒုတိယထပ်သို့ တက်သွားသည်ကို တခဏမျှ စောင့်ကြည့်ပြီးနောက် ကျီချင်းရန်နှင့် တွေ့ရန် ထွက်လာခဲ့၏။

သို့သော်လည်း သူတို့နှင့် မနီးမဝေးရှိ ချင်းဟန်မှာ လင်းရီနှင့် ရန်ရွှေတို့ကြားရှိ စကားဝိုင်းကို ကြားသွားပြီး စိတ်ထဲတွင်တော့ တိတ်တဆိတ် ကျိန်ဆဲနေလေသည်။

တစ်ချိန်တည်းတွင် သူ့ဘေးမှ ရန်ရှေ ဖြတ်သွားသည်ကို မြင်လိုက်ရသည်။

အင်း အသက်က မဆိုသလောက်လေး ကြီးတယ်ဆိုပေမယ့် အတော်လေးတော့ ဆွဲဆောင်မှု ရှိနေတုန်းပဲ

ရန်ရှေမှာ အသက်အနည်းငယ် ကြီးပြီဖြစ်သော်လည်း သူမ၏ ခန္ဓာကိုယ်ကို ကောင်းစွာ ထိန်းသိမ်းထားသည်။ တင်နေရာတင်၊ ရင်နေရာရင်နှင့့် အချိုးအစား မှာ မော်ဒယ်ပင် ရှုံးရလောက်ချေသည်။

ငိုးပဲ..ဒီကောင်ကတော့ လုပ်လိုက်ရင် အဆန်းကြီးတွေ

အားကစားနဲ့ စာပေအစည်းအရုံး ဒုဥက္ကဌနဲ့ ဘယ်လိုများ ဂျိတ်ချိတ်မိသွားလည်း မသိဘူး...အားတဲ့ချိန် ဒီကောင့်နား နည်းနည်းပါးပါး နည်းနာဦးမှပါ..

ပရဟိတ ညစာစားပွဲ ကျင်းပသည့်နေရာမှာ လင်းရီ ထင်ထားသည်ထက် အများကြီး ပိုကြီးနေပြီး တက်ရောက်လာသူ ဧည့်ပရိတ်သတ်များမှာလည်း မရေမတွက်နိုင်အောင်ပင်။ လင်းရီ အချိန်အတော်ကြာသည်အထိ ကျီချင်းရန်ကို ရှာနေသော်လည်း ရှာမတွေ့နိုင် ဖြစ်နေ၏။

ဒူ ဒူ ဒူ

လင်းရီ ဖုန်းသံ မြည်လာခဲ့သည်။ ကျီချင်းရန် ဝီချက်မှ တစ်ဆင့် စာတို့ပို့လာခဲ့ခြင်းပင်။

ကျီချင်းရန် : ငါခု သူငယ်ချင်းတစ်ချို့နဲ့ ဆုံလို့ ဒုတိယထပ်မှာ စကားပြောနေကြတာ...နောက်မှ နင့်ကို လာရှာမယ်နော်...ဒီမှာ အလှလေးတွေက အများကြီးဆိုတော့ သူတို့နဲ့ ခဏလောက် စကားပြောဖို့ နင့်ကို အခွင့်အရေးပေးလိုက်မယ်..

လင်းရီ အသာပြုံး၍ သူ့ဖုန်းကို အိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။

ချင်းရန်ကတော့ တဖြည်းဖြည်း ဆိုးပြီးရင်းဆိုးလာပုံပင်။

ကျီချင်းရန် မရှိမှတော့ လင်းရီလည်း လျှောက်ပတ်ကြည့်မနေတော့ပဲ ထောင့်တစ်နေရာ၌ ဖင်ချထိုင်ကာ အစာအိမ်အရင်ဖြည့်ရန် စီစဉ်လိုက်သည်။

လူအုပ်ကြီး၏ အလယ်တွင်တော့ ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေးအချို့မှာ လှိုဖြန်းဖေးနား ဝိုင်းအုံနေကြပြီး ဖွန်ကြောင်နေကြ၏။

"မစ်လှို ကျုပ် မစ်လှိုရဲ့ အရင် ဒရာမာအပိုင်းကို ကြည့်ပြီး သွားပြီ...မစ်လှိုရဲ့ သရုပ်ဆောင်တဲ့ စကေးတွေက လုံးဝင် လက်ဖျားခါလောက်တယ်...နောက်နှစ်လောက်ဆို ပြည်တွင်း ရုပ်ရှင်က မစ်လှိုရဲ့ အပိုင်တောင် ဖြစ်လာတော့မယ်.."

"သခင်လေးကျိုးက ကြင်နာလွန်းနေပါပြီ..ကျွန်မက ဒီတိုင်း တက်သစ်စလေးပါ...စီနီယာကြီး တွေနဲ့တော့ မယှဉ်နိုင်သေးပါဘူး."

သခင်လေးကျိုး ဆိုသူကတော့ ကျိုးဇီဟောက်ဟု အမည်တွင်ပြီး ကျိုးဟိုင်ကျောက်စိမ်းလုပ်ငန်း၏ အထွေထွေမန်နေဂျာတစ်ဦးဖြစ်သည်။ သူ၏ ဖခင်ကတော့ ယင်း လုပ်ငန်းစုကြီး ဥက္ကဋ္ဌကြီးပင်။

လိုဖြန်းဖေးလည်း ကျိုးဇီဟောက်၏ အအခြေနေကို အကြမ်းဖျင်း နားလည်ထား၏။ ယင်းလုပ်ငန်းစု၏ အသားတင် ပိုင်ဆိုင်မှုမှာ ၁ ဘီလီယမ် ရှိသော်လည်း ကျိုးဟိုင်ကဲ့သို့

မြို့ပြီးပြကြီးတွင်တော့ ယင်းပမာဏက များသည်ဟု မဆိုသာချေ။

ထို့ပြင် သခင်လေးကျိုးလက်အောက်ရှိ ထိန်းချုပ်နိုင်သည့် ပမာဏက အတော်လေးကို အကန့်အသတ်နှင့်ဖြစ်၏။ ထို့ကြောင့် သူမကို ပိုမိုမြင့်မားသည့် နေရာတစ်ခုသို့ ပို့ဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားပေသည်။

ချင်းဟန်မှလွဲ၍ မည်သူကမျှ သူမ၏ ပစ်မှတ်ဖြစ်ရန် မထိုက်တန်ချေ။

"ဘာလို့ ဒရိုင်ဘာက ဒီရောက်နေတာလဲ တဲ့..."လျိုဖန်းဖေး၏ လက်ထောက်မှ မေး လိုက်သည်။

"ဘယ်သူ..."

လက်ထောက်မှာ ထောင့်တစ်နေရာ၌ ထိုင်နေသည့် လင်းရီကို လက်ညိုးညွှန်ပြလိုက်ပြီး "သူလေ..မနေ့က ညီမကို အထည်ဆိုင်မှာ အော်လွှတ်လိုက်တဲ့သူပေါ့..."

"ဒီတော့ သူက ဒရိုင်ဘာပေါ့..."

လင်းရီကို မြင်တော့ သူမချက်ချင်း ကျီချင်းရန် မျက်နှာကို သတိရသွား၏။

ဒင်းသာ မဟုတ်ပါက သူမ ယနေ့ပွဲတွင် အရှက်ကွဲရလိမ့်မည် မဟုတ်ချေ။

"ငါတစ်ချက် သွားကြည့်ကြည့်လိုက်ဦးမယ်..."သူမ ပြောပြီးနောက် လက်ထဲတွင်

ဝိုင်နီတစ်ခွက်ကိုင်၍ လင်းရီ ထံ လျှောက်လာခဲ့သည်။

ငါသူမကို အနိုင်မယူနိုင်ပေမယ့် နင့်ကိုတော့ မောင်းထုတ်လို့ ရပါသေးတယ်...

## အခန်း (၂၅၃)

လျှိုဖန်းဖေး သူမလက်ထဲတွင် ဝိုင်နီတစ်ခွက်ကိုင်၍ လင်းရီထံ ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။

သူမ၏ လက်ထောက်၊ ကျိုးဇီဟောက်နှင့် ကျန်သူများလည်း ပွဲကြီးပွဲကောင်း ကြည့်ရန် နောက်မှ လိုက်လာခဲ့ကြသည်။

တစ်စုံတစ်ယောက် သူ့နား ကပ်လာသည်ကို မသိစိတ်က ခံစားမိတော့ လင်းရီ ခေါင်းမော့ ကြည့်လိုက်သည်။ ရောက်လာသူ အုပ်စုထဲမှ တစ်ဦးကိုတော့ လင်းရီ ရင်းနှီးနေလေသည်။ ထိုသူမှာ မနေ့တုန်းက ကျီချင်းရန်၏ ပွဲတက်ဝတ်စုံကို အတင်းတောင်းဝယ်ချင်နေသည့် သိပ်ကျပ်မပြည့်နေသည့် အမျိုးသမီးတစ်ဦးပင်။

သူမဘေးနား ရပ်နေသူကတော့ သူမ၏ ကြိုးထိန်း ဖြစ်လောက်၏။

လင်းရီ နှင့် တစ်မီတာလောက် အကွာခန့် ရောက်သောအခါ လျှိုဖန်းဖေး ရည်ရွယ်ချက်ရှိရှိ ခလုတ်တိုက်

ဟန်ဆောင်၍ ဝိုင်နီများကို လင်းရီပေါ်သို့ လောင်းချလိုက်သည်။

"အမယ်လေးတော့်...."

ပါးနပ်သောလင်းရီမှာ သူ့ကိုယ်ကို ဘေးသို့ တိမ်းစောင်းလိုက်ပြီး ဝိုင်နီများကို လှပစွာ ရှောင်တိမ်းလိုက်၏။

လိျူဖန်းဖေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ သည်။

သူမ၏ အစီအစဉ်မှာ လင်းရီ ကိုယ်ပေါ်သို့ ဝိုင်နီများ လောင်းချပြီး သူ့ထံသို့ ကိုယ်ကို ပစ်လဲရန်ပင်။ ထို့နောက် လင်းရီကို တဏှာရူး၊ ကိုယ်ထိလက်ရောက် စော်ကား

ရန် ကြံစည်သူဟု စွပ်စွဲရန် ကြံစည်ထားသည်။

သို့သော်လည်း ထိုအကောင်မှာ အင်မတန်စကေးရှိစွာဖြင့် ရှောင်တိမ်းသွားလိမ့်မည်လို့တော့ ထင်မထားချေ။

အား....

လှိုဖန်းဖေး ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီးနာကျင်စွာ အော်ဟစ်လိုက်သည်။ ယခုသူမ၏ အခြေနေမှာ အလွန်အမင်း သနားစဖွယ် အခြေနေ ဖြစ်နေလေသည်။

သူမ နာကျင်စွာ အော်ညဉ်းသံမှာ အနီးဝန်းကျင်ရှိ ညော့်သည်တော်များကို ဆွဲ

ဆောင်သွားပြီး လူတိုင်း လင်းရှိကို ကြည့်လိုက်ကြ၏။

သို့သော်လည်း ဆယ်လီ အသေးမွှားလေးမှ လဲကျနေသည်ကို မြင်တော့ အထူးအဆန်း လုပ်မနေကြတော့ပဲ လူတိုင်း ကိုယ့်ကိစ္စကို ပြန်လည် အာရုံစိုက်လိုက်ကြသည်။

ကျိုးဟိုင်တွင် ဆယ်လီများမှာ မြစ်ကို ကူးတို့လုပ်ပေးသည့် သမ္ဗန်လှေများကဲ့သို့ ပေါများလှသည်။ သူမလို အသေးမွှား ဆယ်လီလေးတစ်ဦးအပေါ်၌ အာရုံထားရန်မှာ သူတို့၏ အချိန်ကို ဖြုန်းတီးရန်ကျလွန်းလှ၏။

မည်သို့ပင်ဆိုစေ ယခု ပွဲတက်လာသူ ညှေ့ပရိသတ်အားလုံးမှာ ငွေရှင် ကြေးရှင်

များနှင့် ဥစ္စာကြွယ်ဝသူများ ဖြစ်သည်။ အမျိုးသမီး ဆယ်လီများမှာတော့ သူတို့ မျက်လုံးထဲတွင် ဆော့ကစားလို့ရသည့် သက်ရှိ ကစားစရာ အရုပ်ကလေး တစ်ခုထက် မပိုချေ။

"မစ်လျို...ဘာဖြစ်သွားသေးလဲ.."

လျိုဖန်းဖေး လဲကျသွားသည်ကိုမြင်တော့ ကျိုးဇီဟောက် အမြန်ပြေးလာပြီး သူမကို မထူလိုက်သည်။ ထို့နောက် လင်းရီကို လက်ညိုးငေါက်ငေါက်ထိုး၍ "မင်းက ဘာကောင်လဲကွ..မစ်လျို မင်းအပေါ် လဲကျတော့မှာကို တောင်မှ မင်းက မကူညီချင်ဘူးပေါ့..."

"ကူညီရမယ်...သူနဲ့ငါနဲ့ ဘာဆိုင်လို့လဲ..."

"နင် ပေါက်တတ်ကရတွေ လျှောက်ပြောနေတာ..နင်ပဲ ငါ့ကို ဒီလိုလဲကျအောင် ခြေထိုးခံလိုက်တာ မဟုတ်လား...အဲ့တာတောင်မှ နင်နဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောထွက်သေးတယ်ပေါ့..."လို့ဖြန်းဖေး မိန်းမမာယာတို့ဖြင့် သူမဘက်မှ နစ်နာသူဟန် ဆောင်လိုက်လေသည်။

"မိန်းကလေး မင်း စကားကို ပြီးစလွယ်မပြောနဲ့ ...စွပ်စွဲချင်တယ်ဆိုရင်လည်း ပိုကောင်းတဲ့ အကြောင်းပြချက် လေးရှာလိုက်ဦး..."လင်းရီ ပြောလိုက်ပြီး "တကယ်လို့ မင်းခြေထောက် ပျော့နေတယ်

ဆိုရင်လည်း မနေ့ညက မင်းကို အသေကျုံး သွားတဲ့ ကောင်ကို လိုက်ရှာလေ..ဘာဆိုင် လို့ ငါ့လာအပြစ်ဖို့နေတာ...အဲ့လိုမျိုး ပါးစပ် ကပြောချင်တိုင်း ပြောလို့ရတယ် ထင်နေ တာလား..."

"နင်...."

လျိုဖန်းဖေး ဒေါသထွက်လွန်း၍ ရင်ထဲတွင် ပြောချင်သည့်စကား ထောင်ပေါင်းများစွာ ရှိနေပြီး တစ်ခွန်းမှ ပြောမထွက် ဖြစ်နေလေ သည်။ သူမ လင်းရှီကို ထိုမျှ ရိုင်းရိုင်းစိုင်း စိုင်း ပြောဝံ့လိမ့်မည်ဟု ထင်မထားခဲ့ချေ။

"သောက်ကလေး..မင်းစကားကို ကြည့်ပြော တာကောင်းမယ်..."ကျိုးဇီဟောက်

သူတော်ကောင်းကြီး ဝင်လုပ်လိုက်ပြီး "ခုမင်းရှေ့မှာ ရပ်နေတဲ့သူက မစ်လျိုဖန်းဖေးကွ...စကားကို ဆင်ဆင်ခြင်ခြင်ပြော...."

"မစ်....? ဘယ်ကလပ်ကလဲ...ငါအားတဲ့ချိန်သူ့ကို သွားအားပေးလိုက်ဦးမယ်...."

"ဟားဟား....."

လင်းရီ အနီးဝန်းကျင်ရှိ လူများအားလုံး ပွဲကျသွားတော့၏။

ထိုသူမှာ အတော်လေး စိတ်ဝင်စားဖို့ကောင်းသည့်လူပင်။

ယခုလို အခြေနေမျိုး၌ပင် ပေါက်တတ်ကရပြောထွက်သေး၏။

ကျိုးဇီဟောက်မျက်လုံးကျဉ်းမြောင်းသွားပြီး မာထန်သည့် လေသံဖြင့် "ငါမင်းကို ခုချက်ချင်း မစ်လျိုကို တောင်းပန်ဖို့ အမိန့်ပေးတယ်...မဟုတ်ရင် မင်း စားမကုန်တာတွေ အိမ်ပြန်ယူသွားရမယ်..."

[(吃不了兜着走)စကားပုံ - အကျိုးဆက်ကို တာဝန်ယူရမယ်လို့ပြောတာပါ]

"ဘာကြီးလဲ..မင်းက ခန်းမ မန်နေဂျာလား...စားမကုန်ရင် ပါဆယ်ထုပ်သွားရမယ်ဆိုတော့...."

"မင်း..."

ကျိုးဇီဟောက် မျင်လုံးများ ပြူးကျယ်လာသည်အထိ ဒေါသထွက်နေပြီး "ငါမင်းကို

ပြောလိုက်မယ်...ငါက ကျိုးဟိုင် ကျောက်စိမ်းလုပ်ငန်းရဲ့ အထွေထွေ မန်နေဂျာ ၊ ပြီးတော့ ဥက္ကဌ ကျိုးယွမ်ခန်း ဆိုတာလည်း ငါ့အဖေပဲ...ငါ့အဖေရဲ့ အဆင် အသွယ်တွေနဲ့ ဆိုရင် ကျိုးဟိုင်မှာ မင်းကို သတ်လို့ရတာထက်တောင် လုံ လောက်နေ သေးတယ်..."

"အဲ့တာဆိုလည်း မင်းအဖေကို အမြန်ခေါ် လိုက်လေကွာ..သူငါ့ကို ဘယ်လိုသတ်မ လဲဆိုတာ ကြည့်ကြည့်ရအောင်..."

အနီးတစ်ဝိုက်ရှိ လူများမှာ သူတို့ရှေ့ရှိ စကားစစ်ထိုးပွဲကို စိတ်ဝင်တစားဖြင့် ကြည့်ရှုနေကြ၏။

ကျိုးမိသားစု၏ ကျောက်စိမ်းလုပ်ငန်းမှာ ကျိုးဟိုင်တွင် ဂုဏ်သတင်း အတော်အသင့်ရှိပြီး ဈေးကွက် တန်ဖိုးမှာ ယွမ်တစ်ဘီလီယမ် ကျော်ပေသည်။

ထို့ပြင် ပိုပြီးစိတ်ဝင်စားဖို့ကောင်းသည်ကတော့ ငြင်းခုန်နေသည့် တစ်ဖက်လူမှာ ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေးဖြစ်ဟန်မတူပေ။သခင်လေးကျိုး၏ ဒေါသကို သူမည်သို့ ရင်ဆိုင် ဖြေရှင်းသွားမလိုဆိုတာကို အားလုံးက မျှော်တလင့်လင့် နှင့်စောင့်စားကြည့်ရှုနေကြ၏။

ကျိုးဇီဟောက် ဖုန်းထုတ်လိုက်ပြီး နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။

သို့သော်လည်း ကြိမ်ဖန်များစွာ ခေါ်ဆိုပြီးသည့်တိုင်အောင် တစ်ဖက်မှ ဖုန်းမဖြေချေ။

ကျိုးဟိုင်ထောင် ဇောချွေးများပြန်လာသည်။ သူ့အဖေက ဘာလို့ ဒီလို အရေးကြီးတဲ့ အချိန်မျိုးကျမှ ဖုန်းမကိုင်ရတာလဲဟ...

"သခင်လေးကျိုး...ဖုန်းမဝင်လည်း ထားလိုက်လေ..ဘာမှ ကိစ္စကြီးလည်း မဟုတ်ပါဘူး.."

လျိုဖန်းဖေး စိတ်ကိုဆွပေးသည့် ဟန်ဖြင့်ပြောလိုက်သည်။

လျိုဖန်းဖေး ယခုလိုဂိမ်းမျိုး ဆော့ကစားရာတွင် လွန်စွာ ကျွမ်းကျင်သည်။ သူမဘက်

မှ ရရန်ခက်ခဲသည့် ကတ်ကို အသုံးပြု ထား၏။

သူမ၏ အတွေးများကတော့ ရိုးရှင်းပေသည်။ သူမချင်းဟာန်နှင့် အဆက်အသွယ် မရသေးသော်လည်း သူမနား ဖွန်လာကြောင်သည့်သူများကို အသုံးချ၍ လင်းရီကို ဒုက္ခပေးရန်ဖြစ်သည်။

"ကျုပ်ဘယ်လိုလုပ် လွယ်လွယ်နဲ့ လက်လျှော့ပေးလိုက်ရမှာလဲ..ဒီကနေ့ မစ်လျိုအတွက် စိတ်ကျေနပ်အောင် ကျုပ် လုပ်ပေးမယ်..."

လျိုဖန်းဖေး၏ စကားလုံးများမှာ အလုပ်ဖြစ်သွားဟန်ပင်။ ကျိုးဇီဟောက်

လက်မလျှော့ရုံတင်သာမက ပို၍ပင် မခံချင်စိတ်ဖြင့် ဒေါသထွက်လာတော့၏။

"ကျုပ်အဖေက အလုပ်များနေတယ် ထင် တယ်..ဒီတော့ အမေ့ကို ဖုန်းဆက်ပြီး လူ တစ်ချို့လွှတ်ပေးဖို့ ဖုန်းဆက်လိုက်မယ်..."

ထိုသို့ ပြောပြီးနောက် ကျိုးဟိုင်ထောင် သူ့ အမေ၏ ဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်သည်။ သို့သော်လည်း ယခင်နည်းတူ ဖုန်းဖြေဆို ခြင်း အလျင်းမရှိ။

"လမ်းဖယ်ကြစမ်း..."

အခြေနေမှာ တဖြည်းဖြည်း ကိုးရို့ကားယား ဖြစ်လာချိန်တွင် လူတိုင်း အသံတစ်သံကို ကြားလိုက်ရပြီး လှည့်ကြည့်လိုက်

သောအခါ လျှောက်လာသည့်လူမှာတော့ ကျော်ကြားသည့် သခင်လေး ချင်းဟန် ဖြစ်ကြောင်း မြင်လိုက်ရသည်။

လူတိုင်း အနည်းငယ် အံ့အားသင့်သွားခဲ့ကြ သည်။ ရှန်ဟိုင်း၏ အင်ပါယာ ချင်းဟန်မှာ ပုံမှန်ဆိုလျှင် မြင်ရခဲ၏။

ပရဟိတ ညစာစားပွဲမှာ တရားဝင် မစတင် သေးသောကြောင့် ကျော်ကြားသည့် ပုဂ္ဂိုလ် အများစုမှာ ဒုတိယထပ်၌ အချင်းချင်း စကားဝိုင်းဖွဲ့ ပြောဆို ဆွေးနွေးနေကြသည်။

သို့သော်လည်း သခင်လေးချင်း အောက် ထပ်သို့ ဆင်းလာပုံ ထောက်လျှင်တော့ အရေးကြီးကိစ္စတစ်ခုခု ရှိနေပုံပင်။

ချင်းဟန် အေးစက်သည့် မျက်နှာထားဖြင့် လင်းရီ ထံသို့ လျှောက်လာခဲ့သည်။

သူယခုလေးတင် စကေးရှိသည့် အမျိုးသမီး တစ်ဦးနှင့် ချစ်ပွဲ နွှဲပြီး၍ အကြောလျှော့မိုခါ ရှိသေး သူ၏ လက်အောက်ငယ်သားတစ်ဦး မှ လင်းရီကို တစ်ယောက်ယောက်မှ စော်ကားရန် ကြိုးပမ်းနေသည်ဟု သတင်းပို့ လာသံကို ကြားလိုက်ရ၏။

ထောင်းကနဲ ဒေါသထွက်သွားသော ချင်း ဟန်မှာ ဘောင်းဘီ ကမန်းကတမ်းဝတ်၍ အပြင်သို့ ထွက်လာခဲ့ရလေသည်။

ချင်းဟန် ရောက်လာသည်ကို မြင်တော့ လျို ဖန်းဖေး၏ မျက်နှာ ဝင်စလက်သွားခဲ့သည်။

သူ ယနေ့ ဤနေရာသို့ လာရင်း ရည်ရွယ်ချက်မှာ ချင်းဟာန်နှင့် ဆုံဖို့ရာဖြစ်ပြီး မတွေ့လိုက်ရမှာကိုတောင်မှ စိုးရိမ်နေခဲ့သေး၏။ သို့သော်လည်း ယခုလို ကိုယ်တိုင်ကိုယ်ကျ ရောက်လာလိမ့်မည်လို့တော့ ထင်မထားခဲ့ချေ။

ဖြစ်နိုင်တာက သူမ အနိုင်ကျင့်ခံနေရတယ်ဆိုတာ သိတော့ အရေးတကြီး ပြေးလာခဲ့တာများလား...

အိုက်စ်...အရမ်းရိုဆန်တာပဲနော်..ဒီကဖြင့် သူနဲ့ စကားတောင် မပြောရသေးတာကို...

"ဟယ်လို သခင်လေးချင်း..."

ချင်းဂန် ရောက်လာသည်ကို မြင်တော့ လျို ဖန်းဖေး ကိုယ်ကို အနည်းငယ် ကိုင်းညွတ်၍ ဦးညွတ်လိုက်ပြီး ချမ်းသာသည့် မိသားစုမှ အမျိုးသမီးငယ်တစ်ဦး၏ အမူအကျင့်ကို ပြလိုက်လေသည်။

လျိုဖန်းဖေးကို မြင်တော့ ချင်းဟန် မျက်လုံးများ မှေးကျဉ်းသွားပြီး သူမ ဘယ်သူလဲဆိုတာကို သူအနည်းငယ် ရင်းနှီးနေသည်။

"မင်းက လျိုဖန်းဖေးမလား..."

"ကျော်ကြားတဲ့ သခင်လေးချင်းက ကျွန်မလို အညတရအနုပညာရှင်လေးကို မှတ်မိနေမယ်လို့ မျှော်လင့်မထားဘူး..တကယ်ကို ဂုဏ်ယူမိပါတယ်.."

မျက်နှာပေါ် ရှိ အမူအရာမှာ တည်ငြိမ်နေသော်လည်း လျိုဖန်းဖေး၏ ရင်ထဲတွင်တော့ လှိုင်းထန်နေလေ၏။

သူမနှင့် တရင်းတနှီးရှိသည့် လူများထံမှ ပြောသံကြားသည်တော့ သခင်လေးချင်းမှာ အမျိုးသမီး ဆယ်လီများနှင့် ပတ်သက်၍ ဇီဇာကြောင်သည်ဟု အနည်းငယ် ကြားဖူးနား၀ ရှိထားသည်။

ထို့ပြင် သူမမှာလည်း ယခု လောလောလတ်လတ် နာမည်ကြီးနေသည့် မင်းသမီးပေါက်စနလေးပင်။ သူမသာ ကောင်းမွန်စွာ ပြုမူနေသမျှတော့ သခင်လေးချင်း၏ စိတ်ထဲတွင် သူမ၏ ပုံရိပ်ကောင်းများက စွဲကျန်ရစ်ကောင်းလှ၏။

ယခု သူမတွင် ချင်းမိသားစုသို့ ဝင်ရောက်ရန် အခွင့်အရေးက ရောက်ရှိလို့လာချေပြီ။

လျိုဖန်းဖေး၏ ပုံပန်း သဏ္ဌာန်မှာ အတော်လေးတော့ လှပ၏။ မဟုတ်ပါက အနုပညာနယ်ပယ်တွင် ကိုယ်ပိုင်နာမည်တစ်လုံး တည်ဆောက်နိုင်လိမ့်မည် မဟုတ်ချေ။

အကယ်၍ အတိတ်မှ ချင်းဟန်ဆိုပါက သူမ အပေါ် အနည်းငယ် စိတ်ဝင်စားမိကောင်း စိတ်ဝင်စားမိပေလိမ့်မည်။

သို့သော်လည်း ယခု လင်းရှီ၏ လွှမ်းမိုးမှု အောက်တွင် သူ၏ စိတ်နေသဘောထား များမှာလည်း ပြောင်းလဲလာပြီး သူမကို တစ်ချက်ကြည့်ပြီးနောက် စိတ်မဝင်စား တော့ချေ။

"သခင်လေးချင်း...သခင်လေးလည်း ဒီ ရောက်နေတာလား...."

ကျိုးဇီဟောက် ချင်းဟန်ကို နှုတ်ဆက်လိုက် သည်။ သူတို့နှစ်ဦးလုံးမှာ ချမ်းသာသည့် ဒုတိယမျိုးဆက် ဆက်ခံသူများ ဖြစ်

သောကြောင့် အချင်းချင်း သောက်ဖြစ်စားဖြစ်သည့် အချိန်လေးများတော့ ရှိခဲ့ဖူးသည်။

သို့သော်လည်း ချင်းဟန်နှင့် တူညီသော အဆင့်တစ်ခု၌ ရှိမနေသောကြောင့် သူတို့ အတူသောက်ဖြစ်ခဲ့ကြလျှင်တောင် ချင်းဟန်မှာ နောက်တစ်နေ့ရောက်လျှင် တော့ မေ့သွားစမြဲဖြစ်၏။

"ဘာတွေ ဖြစ်နေတာလဲ.."ချင်းဟန် ရေခဲတမျှ အေးစက်နေသည့် မျက်နှာထားဖြင့် မေးလိုက်သည်။

"သခင်လေးချင်း..ဒါက ဒီလိုပါ..."

ကျိုးဇီဟောက်ပြောလိုက်ပြီး "ဒီကောင်ကိုက မစ်လျိုနဲ့ ရည်ရွယ်ချက်ရှိရှိ စော်ကားနေတာ..ပြီးတော့ မကြားဝံ့ မနာသာတဲ့ စကားတွေကိုလည်း ပြောသေးတယ်..ကျွန်တော်က တောင်းပန်ခိုင်းတော့လည်း လက်မခံပြန်ဘူး..အဲ့တာကြောင့် ကျွန်တော့် အမေကို ဖုန်းဆက်ပြီး သူ့ကို သင်ခန်းစာတစ်ချို့ ပေးရင် ကောင်းမလားလို့ စဉ်းစားနေတာ..."

"မင်းအမေကို ဖုန်းဆက်မယ်..."

ချင်းဟာန်၏ အမူအရာ အနည်းငယ်ပြောင်းလဲသွားပြီး "ဟိုဘက်က ဖုန်းမဖြေဘူးမလား..ဟုတ်တယ်မလား..."

"ဟမ်...သခင်လေးချင်း ဘယ်လိုသိလဲ.."ကျိုးဇီဟောက် အံ့အားသင့်စွာဖြင့် မေးမြန်းလိုက်သည်။

"အဟွတ် အဟွတ် အဟွတ် ...."

ချင်းဟန် အကြိမ်အနည်းငယ်ခန့် ချောင်းဆိုးပြီးနောက် ပေါ့ပါးစွာဖြင့် "ဘာလို့လဲဆိုတော့ မင်းအမေက ငါ့အခန်းထဲမှာလေ...တကယ်လို့ တစ်ခုခု အရေးကြီး ပြောစရာရှိတယ်ဆိုရင် အပေါ်ထပ်က ဥက္ကဌ နားနေခန်းထဲမှာ သွားပြောလိုက်..."

## အခန်း (၂၅၄)

ဖူး....

လင်းရီ မနေနိုင်ပဲ အသံထွက် ရယ်မောမိလိုက်သည်။

ငိုးမ ချင်းဟန် မင်းကတော့ သောက်ရမ်းအံ့ဩဖို့ ကောင်းတဲ့ကောင်ပဲကွ...

ကျန်သူများကတော့ လင်းရီလို အသံထွက်ရယ်ရန် သတ္တိမရှိကြပေ။ သို့သော်လည်း ပြုံးစိစိ ဖြစ်နေကြ၏။

ဒါကြီးက ဂယက်ထသွားစေမယ့် သတင်းပဲကွ....

အကယ်၍ တစ်စုံတစ်ယောက်သာ ကြေညာရန် သတ္တိရှိပါက ဝေ့ပေါ်တွင် ထရန်းအဖြစ်ဆုံး သတင်းတစ်ပုဒ် ဖြစ်သွားပေလိမ့်မည်။

"မင်းအမေက ငါ့အခန်းထဲ ရောက်နေတယ် ဆိုပေမယ့် အထင်မလွဲနဲ့..."ချင်းဟန် ပြော လိုက်ပြီး "မင်းအမေနဲ့ ငါနဲ့က ယွမ်၂၀၀ မီလီ ယမ် တန်ကြေးရှိတဲ့ ပရောဂျက်တစ်ခု အကြောင်း ဆွေးနွေးနေကြတာ ..ပြီးတော့ အဆုံးတောင်သတ်တော့မယ်...ပရောဂျက် သာ ပြီးသွားတာနဲ့ မင်းတို့ ကျိုးမိသားစုရဲ့ စ တော့တွေက သေချာပေါက် မြင့်တက်လာ တော့မှာ..."

"အာ...ဟုတ် ဟုတ် ..."ကျိုးဇီဟောက် ကိုးရိုး ကားယား ဖြစ်သွားခဲ့ပြီး "အဲ့လိုမျိုး စီးပွားရေး ကိစ္စတွေ ဆွေးနွေးနေမှန်းသိရင် ကျွန်တော် မနှောက်ယှက်ပါဘူးဗျာ..."

ကျိုးဇီဟောက် အရှက်ရသလိုခံစားမိပြီး မျက်နှာများ နီရဲနေသည်။

သူ့တွင် လျှိုဖန်းဖေး ကိစ္စ စိတ်ပူရန် အချိန်မရှိတော့ပဲ ယခုနေရာမှ ဖြစ်နိုင်သမျှ မြန်မြန်ထွက်သွားချင်နေ၏။

"နေဦး..."ချင်းဟန်၏ မျက်နှာ တစ်ဖန် အေးစက်သွားပြန်ပြီး "မသွားခင် ဒီကိစ္စကို အရင်ရှင်းသွားဦး.."

"သခင်လေးချင်း..ကျုပ် သခင်လေးချင်းကို အားလုံး ရှင်းပြပြီးသွားပြီလေ..."ကျိုးဇီဟောက် စိတ်ရှုပ်ထွေးနေသည့် အမူအရာဖြင့် ပြောလိုက်သည်။

"မင်းတို့နှစ်ယောက်လည်း ဒီကိစ္စထဲမှာ ပါဝင် နေတယ် မဟုတ်လား... "

"သခင်လေးချင်း..စိတ်လျှော့ပါဦးရှင်..သူက ကျွန်မကို တိတ်တဆိတ် အကောက်ကြံ တယ်ဆိုပေမယ့် ဘာမှမှ မဖြစ်သွားတာကို ပဲ...ဒီလို အသေးမွှားလေးတွေအပေါ် ဒေါသ ထွက်မနေပါနဲ့နော်...အဲ့တာက သခင်လေးရဲ့ ကျန်းမာရေးအတွက် မကောင်းဘူး လေ.."လျိုဖန်းဖေး ညင်သာစွာဖြင့် ပြော လိုက်သည်။

လျိုဖန်းဖေး၏ ညုတုတု အမူအရာကို မြင် တော့ လူတိုင်း လင်းရီကိုယ်စား ချွေးအေး များ စို့သွားကြသည်။

ချင်းဟန်လို သခင်လေးတွေက တကယ့်ကို ထိန်းမနိုင် သိမ်းမရပါလားဟ...

လျိုဖြန်းဖေး၏ အမူအရာမှတစ်ဆင့် မကြာခင် သူမနှင့် ချင်းဟန်တို့ကြားတွင် ဇာတ်လမ်းလေးများ ရှိတော့မည့်ဟန်ပင်။

ယခု လူအများကြီး ရှေ့တွင် သခင်လေးချင်းမှာ သူကစားမည့် အရုပ်လေးအတွက် တစ်ဖက်လူကို အလွယ်တကူ လွှတ်ပေးမည့်ပုံမပေါ်ချေ။

"ဘာတွေ လာပြောနေတာ ..ကျုပ်မပြည့်ဘူးလား.."ချင်းဟန် ခနဲ့လိုက်ပြီး "မင်းကမှ သူ့ကို တမင် အကောက်ကြံနေတာမဟုတ်လား...သူက မင်းကို တိတ်တိတ်လေး

အကောက်ကြံဖို့ဆိုရင် မင်းက တန်လို့လား လို့ အရင်မေးကြည့်လိုက်ဦး.."

လျိုဖြန်းဖေး အေးခဲသွားပြီး သူမ၏ ခေါင်းမှာ ဘာမျှ စဉ်းစား၍ မရနိုင်အောင် တုန်ခါနေတော့၏။

သူမ ချင်းဟန်အကြောင်း ကောင်းစွာ မသိသော်လည်း သူမ၏ ကျော်ကြားမှုနှင့် ရုပ်ရည်ဆိုပါက ယခုကဲ့သို့ အပြောခံရရန် မဖြစ်သင့်ပေ။

ချင်းဟန် လျိုဖြန်းဖေး နှင့် ကျိုးဇီးဟောက်ကို တစ်လှည့်စီ ကြည့်လိုက်ပြီး အေးစက်စွာဖြင့် "မင်းတို့ကို ပြောပြလိုက်မယ်...လင်းရီဆိုတာက ငါ့ရဲ့ ညီကိုကောင်းပဲ..မင်းတို့ နှစ်

ယောက် ဆင်ဆင်ခြင်ခြင်နေတာ ကောင်းမယ်...ငါ့ဒေါသတွေသာ မထိမ်းနိုင်တော့ဘူးဆိုရင် နှစ်ယောက်လုံး ကျိုးဟိုင်မှာ နေစရာမရှိ ဖြစ်သွားမယ်..."

"သိ..သိပါပြီ..."

လျိုဖန်းဖေးနှင့် ကျိုးဇီဟောက်တို့ တုန်လှုပ်ခြောက်ခြားစွာဖြင့် ပြန်ဖြေလိုက်သည်။

"လင်းကြီး လစ်စို့..ငါမင်းကို ဒုတိယထပ်ခေါ်သွားပေးမယ်..ပွဲစမှပဲ အောက်ပြန်ဆင်းလာကြတာပေါ့..."

"ကောင်းပြီလေ...အပေါ်ထပ်မှာကတော့ ပိုပြီး တိတ်ဆိတ်ကောင်းပါရဲ့...."

လူတိုင်း၏ မနာလို အားကျနေသော အကြည့်များအောက်တွင် လင်းရီ ဟိုတယ် ဒုတိယထပ်သို့ ရောက်လာခဲ့၏။

ဒုတိယထပ်တွင်တော့ ဘောဘီလုံမှ အမိုးဖွင့် ပန်းခြံကဲ့သို့ ခမ်းနားသည့် ပန်းခြံတစ်ခု ရှိနေလေသည်။

လင်းရီ ပတ်ဝန်းကျင်ကို ကြိုးကန်းတောင်မှောက် တစ်ချက် ကြည့်လိုက်သောအခါ လူအယောက် သုံးဆယ်ကျော်လောက်သာ ရှိနေပြီး အားလုံးမှာ သုံးယောက်တစ်ဖွဲ့၊ လေးယောက်တစ်ဖွဲ့ အစရှိသဖြင့် စုဝေးနေကြ၏။ ကျိချင်းရန်လည်း ထိုနေရာ၌ သက်လတ်ပိုင်းအရွယ် အမျိုးသမီးနှစ်

ယောက်နှင့်အတူ ရယ်မော ပျော်ရွှင်စွာဖြင့် စကားပြောနေလေသည်။

"ရပြီ..ငါ့မှာလည်း ဘာမှ လုပ်စရာ ရှိတာ မဟုတ်ဘူး..မင်း လုပ်စရာ ရှိတာသာ သွား လုပ်..."

"ငါသွားရင် မင်းပျင်းနေမှာပေါ့...မင်း အတွက် စော်လေး လေးငါးယောက် လောက် ခေါ်ထားပေးရဦးမလား..."ချင်းဟန် ပြောလိုက်သည်။

"မလိုဘူး..မင်းသာ ကျိုးဇီဟောက်ရဲ့ အမေ ဆီ သွားလည်နေလိုက်..."

"ငိုးပဲ..မင်းလည်း အတူတူပဲကို..ဒီအကြောင်း ထပ်မပြောနဲ့တော့.."ချင်းဟန် မတ်တပ်ရပ်

လိုက်ပြီး "မလိုဘူးဆိုမှတော့လည်း ခေါ်ပေး မနေတော့ဘူး..ငါလည်း သွားပြီး ကဲလိုက်ဦး မယ်..တစ်ခုခုလိုရင် ခေါ်သာခေါ်လိုက်သား ရီး..."

"အိုကေ..."

ချင်းဟာန်ထွက်သွားပြီးနောက် လင်းရီ ဒုတိယထပ်ရှိ ကော်ဖီဆိုင်ထဲတွင် ကော်ဖီ တစ်ခွက်မှာ၍ ကျိချင်းရန် အလာကို စောင့် နေလေသည်။

ကြီးမားလှသည့် ကော်ဖီဆိုင်ထဲတွင် တစ်ကိုယ်တည်းထိုင်နေရသည်ကတော့ အထီးကျန်ဆန်ဖို့ ကောင်းလွန်းလှ၏။

"ဥက္ကဌကျီကို ပေးမယ့် လက်ဆောင်က အသင့်ဖြစ်ပြီလား..."

လင်းရီ ကော်ဖီ တစ်ငုံချင်း သောက်နေစဉ် လူငယ်တစ်ယောက်မှာ သူ့နောက်ရှိ နောက်လိုက်လူများနှင့်အတူ မနီးမဝေးမှ လမ်းလျှောက်လာခဲ့သည်။

ပြောလိုက်သည့်သူကတော့ အဖြူရောင် ရှပ်အင်္ကျီ ဝတ်ဆင်ထားသည့် အမျိုးသား တစ်ဦးဖြစ်ပြီး ဆံပင်ကို သေသပ်စွာ ဖြီး တင်၍ လက်ကောက်ဝတ်တွင်လည်း ရွှေရောင် လက်ပတ်နာရီတစ်လုံးကို ဝတ် ဆင်ထားလေသည်။

ထိုအမျိုးသား၏ အမည်မှာ ကျိုးကျိန်းရန် ဖြစ်ပြီး သူ၏ ဖခင် ကျိုးထျန်းဟုန်ကတော့ ထျန်းဟူန် ဖောင်ဒေးရှင်းနှင့် ယခု ပရဟိတ ညစာစားပွဲကြီး၏ တာဝန်ခံတစ်ဦး ဖြစ်သည်။

ကျိုးမိသားစု၏ ပရဟိတညစာစားပွဲမှာ အဘယ်ကြောင့် စီးပွားရေးနယ်ပယ်ရှိ ထိပ်သီးပိုင်းများကို ဆွဲဆောင်နိုင်လဲဆိုတာ ကတော့ ကျိုးမိသားစု၏ အနေအထားမှာ ချင်းမိသားစု၏ အဆင့်အတန်းနှင့် ဘာမျှ သိပ်မကွာခြားသောကြောင့်သာ။

ထိုအကြောင်းပြချက်ကြောင့်ပဲ ထျန်းဟုန် ဖောင်ဒေးရှင်းမှာ ဆယ်နှစ်ကျော်ကာလ အထိ တည်တံ့နေပြီး တဖြည်းဖြည်း

အရှိန်အဝါ ကြီးမားသည်ထက် ကြီးမားလာတော့၏။

"နယ်သာလန်ကနေ ကြိုတင်မှာယူထားတဲ့ နှင်းဆီအပြာ ၉၉ ပွင့်ကို ပြင်ဆင်ပြီးပါပြီ .. အတွင်းရေးမှူး ဝမ်ကလည်း ခု ဓာတ်လှေကားထဲမှာပါ ပြီးတော့ မကြာခင် ဒီရောက်လာတော့မှာပါဗျ..."

[နှင်းဆီ ၉၉ ပွင့်က ထာဝရချစ်မယ်ဆိုတဲ့ သင်္ကေတပါ]

ပြောလိုက်သူကတော့ ကျောက်ကျိန်းရန်၏ ဘက်ထောက် ချီနန်ပင်။

အသေးဖွဲ့ ကိစ္စလေးများကိုတော့ ချီနန်ကပင် တာဝန်ယူ ကိုင်တွယ်ဖြေရှင်းပေးရ၏။

"ကောင်းပြီလေ..အဲ့တာဆိုလည်း ပန်းတွေရောက်တဲ့အချိန်ထိ စောင့်ကြတာပေါ့..ပန်းတွေ ရောက်ပြီဆိုတာနဲ့ ငါပြောထားတဲ့အတိုင်း လုပ်ငန်းစမယ်..."

"ဒါရိုက်တာကျောက်..ကျီချင်းရန်က ပိုးပန်းရခက်လို့ ဆိုပြီး အရမ်း နာမည်ကြီးနေတဲ့သူနော်..တကယ်လို့ သူမက ဒါရိုက်တာကျောက်ကို မျက်နှာသာ မပေးဘူးဆိုရင်ကော..."

"ဒီကမ္ဘာကြီးမှာ မရနိုင်တဲ့ အမျိုးသမီးဆိုတာ မရှိဘူး.....အဲ့လိုမျိုး မရနိုင်ဘူးလို့ လက်သုံးစကား ပြောတဲ့ သူတွေကလည်း အရှုံးသမားတွေပဲ..."ကျောက်ကျိန်းရန် နှာခေါင်းရှုံ့လိုက်ပြီး "ဘာလို့ ပိုးပန်းရ ခက်

နေလဲဆိုတော့ သူမကို ပိုးပန်းတဲ့သူတွေက သူမလိုချင်တဲ့ ချမ်းသာစည်းစိမ်ကို ပံ့ပိုးပေးဖို့ မစွမ်းသာလို့ပဲ...အဲ့လို အရှုံ့သမားတွေရဲ့ လက်သုံးစကားက ငါနဲ့ မဆိုင်ဘူး"

"ဒါရိုက်တာကျောက် ပြောတာမှန်တယ်.."ချီနန် ပြုံးလိုက်ပြီး "ဒါရိုက်တာကျောက်က ကျိုးဟိုင်မှာ အတော်ဆုံးတွေထဲက တစ်ယောက်ပဲလေ..ဒါရိုက်တာနဲ့ ယှဉ်လို့ရတဲ့သူဆိုတာက လက်ငါးချောင်းစာတောင် မပြည့်ဘူး... "

"ဒီလောက်ယုံကြည်ချက်ရှိလို့လဲ ဒီလို ပွဲကြီးမျိုး စီစဉ်လိုက်တာပေါ့ကွ..ဒီနေ့ည ကျီချင်းရန်ကို အမုန်းချွေဖို့ဆိုတာက လုံးဝ ပြဿနာမရှိဘူး... "

လင်းရှိ ကော်ဖီတစ်ငုံသောက်လိုက်ပြီး မနေနိုင်စွာ ပြုံးမိသည်။

ခနနေကြရင် ပွဲကြီးပွဲကောင်းတော့ မြင်ရတော့မှာပဲ...

များမကြာမီ အနက်ရောင် ဝတ်စုံနှင့် အမျိုးသမီးတစ်ဦးမှာ အပြာရောင် နှင်းဆီပန်းစည်းနှင့် စိတ်လက်စွပ်တစ်ကွင်းကို ကျောက်ကျိန်းရန်ထံ ကမ်းပေးလိုက်သည်။

လှပသော နှင်းဆီအပြာများနှင့် စိန်လက်စွပ်ကို ကြည့်ရင်း ကျိုးကျိန်းရန် ယုံကြည်ချက်အပြည့်ဖြင့် ပြုံးလိုက်၏။ ကျီချင်းရန် သူ့အချစ်ကို လက်ခံရန်မှာ လုံးဝ ပြဿနာ မရှိချေ။

အသက်ပြင်းပြင်းရှူပြီးနောက် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သောအခါ မနီးမဝေးရှိ လင်းရီကိုတွေ့သွားသည်။

"သွားပြီး အဲ့ကောင်ကို ရှင်းလိုက်စမ်းကွာ..ဘယ်သူကမှ နှောင့်ယှက်တာကို မလိုချင်ဘူး...ဒါပေမယ့် အကြမ်းနည်းတော့ မသုံးနဲ့....တော်ကြာ ချင်းရန် မြင်သွားရင် ငါက အားနည်းသူကို အနိုင်ကျင့်တယ် ထင်သွားဦးမယ်...ပိုက်ဆံ နည်းနည်းပါးပါးလောက်ပေးပြီး မောင်းထုတ်လိုက်ကွာ..."

"နာလည်ပါပြီ..ခုပဲ လုပ်ဆောင်လိုက်ပါ့မယ်..."

ခေါင်းတစ်ချက်ညိမ့်ပြီးနောက် ချိန် လင်းရီ ထံသို့ လျှောက်လာပြီး ယဉ်ကျေးစွာဖြင့် "မိတ်ဆွေ...ကျုပ်ခင်များနဲ့ တစ်ခုခု ဆွေးနွေး လို့ရမလား..."

"ဘာများလဲ..."

"ကျုပ်တို့ရဲ့ ဒါရိုက်တာကျောက် က ခန နေကျရင် သူ့မိန်းကလေးကို ဒီနေရာမှာ ချစ် ခွင့်ပန်မှာလေ..အဲ့တာကြောင့် ဖြစ်နိုင်ရင် ဒီ နေရာက ဖယ်ပေးလို့ရမလားလို့ပါ..ဒါပေ မယ့် မပူနဲ့..ကျုပ်တို့ လျော်ကြေးငွေ ပေးမှာ ပါ..."

"ပေးမယ်..."လင်းရီ ဖျော့တော့စွာဖြင့် "ဘယ်လောက်ပေးမှာ...""

လင်းရီမှာ ငွေမက်သည့်သူဖြစ်ကြောင်း သိပြီးနောက် ချီနန်မှာ အများကြီး စိတ်သက်သာရာ ရသွားခဲ့ပြီး အိတ်ကပ်ထဲမှ ယွမ်၅၀၀တန်တစ်ရွက် ထုတ်ကာ "လျော်ကြေးအနေနဲ့ပါ...လက်ခံပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်..."

"မင်း ငါ့ကို လာနောက်နေတာလား.."လင်းရီ အမူအရာကင်းမဲ့စွာ ဆိုလိုက်ပြီး "ယွင်လန်ဟိုတယ်မှာ အခန်း ယူနိုင်တဲ့ကောင်က မင်းရဲ့ ယွမ် ၅၀၀ လောက်ကို လိုမယ်လို့များ ထင်နေတာလား...မင်းက သူတောင်းစား စွန့်ကြဲသလို ပေးဖို့ လုပ်နေတာလားကွ..."

ချီနန် လင်းရီကို တစ်ဖန် သေချာ အကဲခတ်လိုက်သည်။

ထိုလူမှာ လုံးဝ သာမန်မဟုတ်ချေ။

သူပြောသလိုပင်။

သာမန်အဆင့်အတန်းနှင့်ဆိုပါက ယွင်လန်ဟိုတယ်၌ နေဖို့ရာ စွမ်းသာလိမ့်မည်မဟုတ်ချေ။

"အာ..စိတ်မရှိပါနဲ့..ကျုပ် နည်းနည်း ရိုင်းပြသလို ဖြစ်သွားတယ်..."

ချီနန် အမူအရာမပျက်ပဲ သူ့အိတ်ကပ်ထဲမှ ငွေအထပ်လိုက် ထုတ်လိုက်သည်။

"ဘယ်လောက်ရှိလဲ မသိပေမယ့် အနည်းဆုံးတော့ ယွမ် ၂,၀၀၀ လောက်တော့ ရှိမှာပါ..ဒီပမာဏက ခင်များကို

ကော်ဖီဆိုင်ထဲကနေ ဆယ်မိနစ်လောက် ထွက်သွားဖို့ရာ လုံလောက်ရောပေါ့..."

"၂,၀၀၀"

လင်းရီ ခေါင်းခါရမ်းလိုက်ပြီး "မင်းတို့ သွားစေချင်ရင် ထွက်သွားပေးလို့ရတယ်..ဒါပေမယ့် ဒီကနေ ထွက်သွားဖို့ ဆိုရင်တော့ ၅၀,၀၀ပေးမှရမယ်...အဲ့လိုသာဆို ဆယ်မိနစ် မဟုတ်ဘူး..ဆယ်ရက်ဆိုလည်း အဆင်ပြေတယ်..."

## အခန်း (၂၅၅)

ချိုနန်မျက်မှောင်ကြုတ်သွားခဲ့သည်။ သူ၏ အမူအရာမှာ မူလက ကဲ့သို့ ခင်မင်ဖွယ် ကောင်းသည့်ပုံစံ ဖြစ်မနေတော့ချေ။

ဒီနေရာကနေ ဆယ်မိနစ်ရှောင်ပေးဖို့ အတွက် ယွမ် ၂,၀၀၀ ပေးတာတောင်မှ များ လှပြီ...အဲ့တာတောင်မှ ယွမ် ၅၀,၀၀၀ ပေးဖို့ တောင်းနေတယ်တဲ့လား...သူ့ကို ဘယ် ကောင်က အဲ့လို ပြောဖို့ သတ္တိတွေ ပေးလိုက်တာလဲကွ....

"ကိုယ့်လူ..အရာရာတိုင်းမှာ သူ့အကန့်သတ် နဲ့သူ ရှိတယ်နော်...ကိုယ့်ကိုယ်ကို နားလည် နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်..."ချိုနန်ပြော လိုက်၏။

"ယွမ် ၅၀,၀၀ က တကယ်တော့ သိပ်မများဘူး..မင်းတို့ကောင်တွေ ပန်းစည်းတွေ စိန်လက်စွပ်တွေ ကိုင်ထားတာကို မြင်ပါတယ်...ကြည့်ရသလောက်တော့ ကောင်မလေးဆီ ချစ်ခွင့်ပန်မလို့မလား...ဒီလောက် ငွေနည်းနည်းလေးတောင် တွန့်တိုနေမှတော့ ဘယ်ကောင်မလေးက လက်ခံချင်မှာ..."

"ဟမ့်..မင်းက အခြေနေကို ဘယ်ဘိုအခွင့်ကောင်းယူရမလဲဆိုတာ ကောင်းကောင်းသိတာပဲ...ကောင်စုတ်လေး ငါမင်းကို ၅၀,၀၀ ပေးလိုက်မယ်..ဒီနေရာကနေ ထွက်သွားလိုက်တော့.."ကျောက်ကျိန်းရန်မှ ရုတ်တရက် ပြောလာခဲ့၏။

"ပြဿနာမရှိဘူး.."လင်းရီ ရယ်မောလိုက်ပြီး "ဘော့စ်က ဉာဏ်ကောင်းတဲ့သူဆိုတာ မပြောလည်း သိတယ်..အဲ့တာကြောင့် ဘောစ့်ဖြစ်နေတာကိုး...."

"မဆိုးဘူး...ငါလည်း မင်းလို ပြောရဲ ဆိုရဲတဲ့ကောင်တွေကို သဘောကျတယ်..."

ကျောက်ကျိန်းရန် ချက်လက်မှတ်စာအုပ်ကို ထုတ်လိုက်ပြီး သုည အတန်းလိုက် ရေးကာ လင်းရီ ထံကမ်းပေးလိုက်၏။

"ဒီလောက်ဆို ကျေနပ်ပြီလား..."

"ဘော့စ်..ခင်များရဲ့ ကြွန်အင် လက္ခဏာက တကယ့်ကို မင်းဖြစ်မယ့် လက္ခာမျိုးပဲဗျ...တောက်ပမယ့် အနာဂတ်ကို မြင်နေရ

တယ်...ပြီးတော့ ဒီနေ့ရဲ့ ဖုန်းရွှေကို တွက်ချက်ကြည့်မယ်ဆိုရင် ဘော့စ်ရဲ့ နဂါး ကံက အမြင့်ဆုံးအချိန်ကို ရောက်နေမှာ...ကောင်မလေးတစ်ယောက်ကို ဝန်ခံတာ လောက်ကတော့ လုံးဝ ပြဿနာ ရှိမှာ မဟုတ်ဘူး.. "

"ဟားဟား...မင်း အမြင်မဆိုးဘူးပဲ ကွ..."ကျောက်ကျိန်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "ပိုက်ဆံ ရပြီးပြီဆိုတော့ နေရာဖယ်ပေးတော့..ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်..."

"အိုကေပါ..ကောင်းပါပြီ..ပိုးပန်းတဲ့ အချိန် အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်..."

လင်းရှိ ချက်လက်မှတ်ကို ယူပြီးနောက် ကောင်းကင်ဥယျာဉ်သို့ ထွက်လာခဲ့လိုက်သည်။

"ရို...ဟိုနားက ဘယ်သူလေးပါလိမ့်..အရမ်းချောတာပဲ..."

ပြောလိုက်သူကတော့ ကျိချင်းရန်နှင့် စကားပြောနေသည့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးပင်။ သူမမှာ အနည်းငယ် ဝဖိုင့်ဖိုင့် ရှိနေပြီး မျက်လုံးထဲတွင်တော့ စွဲလမ်းနှစ်သက်မှုများဖြင့် ပြည့်နှက်နေလေသည်။

"အင်း...မဆိုးပါဘူး..ဝတ်စုံနဲ့ကောင်လေးက အရသာရှိတဲ့ အသားထက်တောင်မှ ပိုပြီး

သားရည်ယိုဖို့ ကောင်းနေသေးတယ်..."အရပ်ရှည်သည့် အမျိုးသမီးနောက်တစ်ဦးမှ ပြောလိုက်သည်။

သူမ သူငယ်ချင်းနှစ်ဦး ပြောသံကြား၍ လှည့်ကြည့်လိုက်သောအခါ သူမတို့ နှစ်ယောက် ပြောနေသူမှာ လင်းရီ ဖြစ်နေကြောင်း အံ့အားသင့်စွာ တွေ့ရှိလိုက်ရ၏။

သူက ဘာလို့ ဒီရောက်နေတာလဲဟ..အောက်မှာ နေရာတာ ပျင်းလို့ အပေါ်တက်လာတာများလား...

အင်း...ငါကလည်း သူ့ကို အကြာကြီး စောင့်ခိုင်းမိထားတာကိုး...

"လင်းရီ ..နင်က ဒီရောက်နေတာကိုး..." ကျီချင်းရန် ပြောလိုက်ပြီး အားတောင့်အားနာဟန်ဖြင့် "တောင်းပန်ပါတယ်နော်..သူငယ်ချင်းတွေနဲ့ မတွေ့တာကြာတော့ နင့်ကို ပစ်ထားမိသလို ဖြစ်သွားတယ်..."

လင်းရီ အပြုံးလေးဖြင့် ရောက်လာပြီး ကျီချင်းရန်၏ ခါးကို ဖက်၍ "ဘာမှ မဖြစ်ပါဘူး..ကိုယ်လည်း မင်းကို တွေ့ချင်လို့ လာခဲ့တာလေ..."

"ရို ရို ...ဒီတော့ အချောလေးက နင့်ကို တွေ့ဖို့ လာခဲ့တာပေါ့..."ဝဖိုင့်ဖိုင့် အမျိုးသမီးမှ ပြောလိုက်သည်။

"သိသားပဲ..ဒီလောက်ခန့်တဲ့ ကောင်လေးက တို့ချင်းရန်နဲ့ပဲ လိုက်ဖက်မှာပေါ့လို့ ဟုတ်တယ်မလား..."

"အို ..အစ်မကျန်းကလည်း ဘာတွေ ပြောမှန်းမသိဘူး..."ကျီချင်းရန် မျက်နှာ ရဲရဲလေး ဖြစ်သွားခဲ့သည်။ယင်းက သူမတို့ စနောက်သောကြောင့်တော့ မဟုတ်ပဲ လင်းရီ၏ လက်က သူမခါးနားသို့ ရောက်နေသောကြောင့်ပင်။

ဒီလောက် လူတွေ အများကြီး ရှိနေတာတောင်မှ ကောင်စုတ်က ငါ့ကို ခါးလာဖက်ရဲတယ်ပေါ့လေ..ဒင်းကတော့ ပိုပိုပြီး အတင့်ရဲနေတော့တာပဲ...

"အေးပါ အေးပါ..နင်တို့ နှစ်ယောက် ဆက်ပြောကြဦး..."အစ်မကျန်းဟုခေါ်သည့် အမျိုးသမီးမှ ပြောလိုက်သည်။

"ညစာစားပွဲက ခနနေဆို စတော့မှာဆိုတော့ ကျွန်မတို့ လည်း အောက်ဆင်းတော့မယ်...နောက်နေ့မှ ဆက်ပြောကြတာပေါ့ နော.."

ကျီချင်းရန် အရှက်သည်းစွာဖြင့် ပြောလိုက်ပြီး "အစ်မကျန်း အစ်မရှောင်...ညီမတို့ အရင် သွားနှင့်ပြီနော်...."

"အေးအေး သွားကြ..."

အစ်မကျန်းဟု ခေါ်သည့် အမျိုးသမီးမှာ လက်ဝှေ့ယမ်းရင်း လင်းရှီနှင့် ကျီချင်းရန်တို့

တစ်ယောက်ကို တစ်ယောက် ခါးဖက်၍ အောက်ဆင်းသွားကြသည်ကို အပြုံးလေးဖြင့် ကြည့်နေလေသည်။

တစ်ချိန်တည်းတွင် ကျောက်ကျိန်းရန်နှင့် ခ္ခီနန်တို့မှာ လင်းရီနှင့် ကျီချင်းရန်တို့ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိ၏။

"ဘာတွေ ဖြစ်နေတာလဲဟ...ဘာလို့ ဟိုကောင်က ကျီချင်းရန်ကို ခါးဖက်ပြီးတော့ အောက်ခေါ်သွားတာလဲတဲ့..."

"ကျ..ကျွန်တော်လည်း ဘယ်သိမှာ..."ခ္ခီနန် စိတ်ရှုပ်ထွေးနေသည့် အမူအရာဖြင့် ပြောလိုက်သည်။

"သောက်ပဲကွာ..ငါတို့တော့ အဲ့ကောင် ကစားတာကို ခံလိုက်ရပြီ..." ကျောက်ကျိန်းရန် ဒေါသမီး လောင်ကျွမ်းနေသည့် လေသံဖြင့် ပြောလိုက်ပြီး "ငါ ဝန်ခံတော့မယ့် အမျိုးသမီးက ချင်းရန်ဆိုဆာ အဲ့ကောင် သေချာပေါက် သိတယ်..ဒါငါတို့ကို သပ်သပ် လှည့်စားသွားတာပဲကွ..."

စောနက အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်ရင်း ကျောက်ကျိန်းရန် သွေးများ ဆူပွက်လာသည်။

ငိုးပဲကွာ..ပိုက်ဆံ ၅၀,၀၀ က ပေးလိုက်ရသေး..

အလှည့်စားက ခံလိုက်ရသေး...

ဖင်နှစ်ခါ ချခံလိုက်ရသလိုပဲ...

"ဒါရိုက်တာကျောက်..ကျွန်တော်တို့ ခု ဘယ်လိုလုပ်ကြမလဲ...သူတို့ကို ဒီတိုင်းပဲ လွှတ်ပေးလိုက်တော့မှာလား..."ချွီနန် မေး လိုက်သည်။

"သူ့ရဲ့ သောက်ကလေးလို နူးညံ့နေတဲ့ သောက်အခွက်ကို ကြည့်စမ်းပါ ကွာ..သေချာပေါက် အပျော်လင်လေးပဲနေ မှာ..."

ကျောက်ကျိန်းရန် ပြောလိုက်ပြီး "ညစာ စားပွဲက ခနနေဆို စတော့မယ်...ငါတို့ လုပ် စရာရှိတာတော့ လုပ်ရမှာပဲ ..နှောင့်နှေးလို့ မ

ရဘူး..ဟိုကောင်ကို တော့ အချိန်တစ်ခုရှာပြီး ပညာပြပေးရမှာပေါ့..."

......

ကောင်းကင်ဥယျာဉ်ထဲမှ ထွက်လာပြီးနောက် လင်းရီ ကျီချင်းရန်နှင့်အတူ အောက်ထပ်သို့ ဆက်းလာခဲ့လေသည်။

"ကိုယ်တော်လင်း..ဒီမှာ ဘယ်သူမှလည်း ရှိမနေတော့ဘူး..ရှင်က ကျွန်မကို တစ်ချိန်လုံး ဖက်ပဲ ဖက်ထားတော့မှာလား...လွှတ်ဖို့ ရည်ရွယ်ချက်လေးများ မရှိတော့ဘူးလား..."

လင်းရီ သူမ ခါးဖက်ထားသည်ကို စိတ်မရှိသော်လည်း အနည်းငယ် ရှက်ရွံ့နေ၏။

"အသံတိုးတိုးပြော...ငါတို့ ဆက်ပြီးတော့ ဟန်ဆောင်နေရဦးမှာ...နောက်ထပ် နည်းနည်းလောက်ပဲ.."

"ဟမ်...ဘာလို့ သရုပ်ဆောင် ရမှာလဲ.."လင်းရီ စူးစမ်းချင်စိတ်အပြည့် ဖြင့် မေး မြန်းလိုက်သည်။

"ငါမင်းကို ကော်ဖီဆိုင်မှာ ထိုင်စောင့်နေတုန်း ကျပ်မပြည့်တဲ့ကောင် တစ်ကောင် ငါ့ဆီရောက်လာတယ်...သူက ကောင်မလေးတစ်ယောက်ကို ပိုးပန်းချင်လို့ဆိုပြီး နေရာဖယ်ပေးတဲ့...အဲ့တာနဲ့ ငါလည်း သူတို့နားယွမ် ၅၀,၀၀ တောင်းပြီးတော့ လစ်ခဲ့လိုက်တယ်.."

ကျီချင်းရန်၏ ညာဏ်ရည်နှင့်ဆိုပါက ပြော ချင်သည့် အကြောင်းအရာကို အလွယ်တကူ ခန့်မှန်း၍ ရပြီးဖြစ်သည်။

"သူ ပိုးပန်းမယ်ဆိုတဲ့ ကောင်မလေးက ငါ လား..."

ကျီချင်းရန် အစမ်းသဘောလေး မေးမြန်း လိုက်သည်။

"ဘယ်သိမှာ ..လက်စွပ်တွေ ပန်းတွေတော့ အသင့်လုပ်ထားတာပဲ...မင်းမြင်ရင် အားကျ နေမှာဆိုးလို့ ဒီခေါ်လာခဲ့တာ..."

လင်းရီ၏ အပြုအမူက ကျီချင်းရန်ကို ငိုရ အခက် ရယ်ရအခက် ဖြစ်သွားစေသည်။

လင်းရီမှ မပြောပြသော်လည်း သူမ၏ ခါး ကို ဖက်ထား၏။ အကယ်၍ ခန့်မှန်းသည် သာ မှန်မည်ဆိုပါက လင်းရီပြောသည့် ကောင်မလေးမှာ သူမပင် ဖြစ်ရပေမည်။

အရေးကြီးဆုံးကတော့ လင်းရီ ထိုကျပ်မ ပြည့်သည့်သူထံမှ ငွေ၅သောင်း ရိုက်စား လုပ်ခဲ့၏။ ယခုလောက်ဆိုလျှင် ထိုသူတော့ ဒေါသထွက်လွန်း၍ မိုးမီးလောင်နေလောက် ချေပြီ။

အောက်ထပ်သို့ ရောက်လာခဲ့သည့် အချိန် တွင်တော့ ကျီချင်းရန်မှ အသံတိုးတိုးလေး ဖြင့် " လင်း..ငါတို့ အောက်လည်း ရောက် နေပြီလေဟာ..ဖက်ထားတာ လွှတ်လို့ ရပြီ မဟုတ်လား..."

"မင်းသာ တခဏလောက် သရုပ်မဆောင်ပဲ နေလိုက်မယ်ဆိုရင် နောက်ဆက်တွဲ အရှုပ်ထုပ်ကြီးကို ရှင်းရတော့မှာနော်..."

"ဟွန့်..နင်ကတော့ လူကို အသားယူဖို့ပဲ စဉ်းစားနေတယ်..."ကျီချင်းရန် လင်းရီကို မျက်စောင်းအသာ ထိုးလိုက်ပြီး "နင်ငါ့ကို အရမ်း ဖက်ချင်နေတယ်ဆိုရင်လည်း နောက်ကျ အခွင့်ရေးပေးမယ်လေ.....ခုတော့ လူတွေ အများကြီး ရှိနေလို့ လွှတ်ပါနော်..."

"မင်းပြောတာနော်...ငါ စာအုပ်ထဲ သေချာ ရေးမှတ်ထားမှာဗျ...."

"နင်ကတော့လေ..ကုမ္ပဏီ အလုပ်တွေဆို အာရုံစိုက်ပြီး လုပ်တာ တစ်ခါမှ မမြင်ဖူး

သေးဘူး..ဒီလို ကိစ္စမျိုးကျတော့ စာနဲ့ပေနဲ့ကို မှတ်ထားဦးမယ်ပေါ့လေ...အရမ်းကို အသားယူချင်နေတယ်ပေါ့..."

"ဘယ်တတ်နိုင်မှာ...လူတိုင်းက မင်းလို အိစက်ညက်ညောတဲ့ ခါးကြည်ကြည်လေးမှ မရှိတာ..."

"ဟုတ်ပါပြီ....ခုတော့ လူတွေ အများကြီး ရှိနေလို့ လွှတ်တော့နော်..."ကျီချင်းရန် ရှက်သွေးဖြန်းလျက် ပြောလိုက်သည်။

လင်းရီလည်း ကျီချင်းရန်မှာ အရေထူသည့်သူဖြစ်ကြောင်း နားလည်ထားသည်။ ထို့ကြောင့် လုံး၀ နားမထောင်ခဲ့။ သို့ဖြင့် နှစ်

ယောက်သား ခါးဖက်လျက် အနေထားဖြင့် ပွဲစတင်မည်ကို စောင့်နေကြတော့သည်။

လက်ကမျဉ်းသည့် လင်းရိမှာတော့ တစ်ခါတစ်ရံ သူမခါးကို ညှစ်လိုက်သေး၏။

မကြာမီ ဒုတိယထပ်မှ အကောင်ကြီးကြီးများ အောက်ထပ်သို့ ဆင်းလာကြပြီး ပွဲမှာလည်း တရားဝင် စတင်ချေတော့သည်။

လူတိုင်း၏ အကြည့်များအောက်တွင် ကျိုးကျိန်းရန် စင်ပေါ်သို့ တက်လာပြီး ဘာမျှ မဖြစ်သည့် အမူအရာဖြင့် မိုက်ခရိုဖုန်းကို ကိုင်လိုက်၏။ ဘာမျှ မဖြစ်ထားသည့် ပုံစံပင်။

"ယနေ့ည ကျွန်တော်တို့ရဲ့ ထျန်းဟုန် ဖောင်ဒေးရှင်းကြီးရဲ့ ညစာစားပွဲကို တက်ရောက်လာကြတဲ့ လူကြီးမင်းများ အားလုံးကို ကြိုဆိုပါတယ်...ကျေးဇူးလည်း တင်ပါတယ်....ခုက စပြီးတော့ ညစာစားပွဲတရားဝင် စတင်ပြီလို့ ကြေညာအပ်ပါတယ်ခင်ဗျား....."

ကျောက်ကျိန်းရန် စကားဆုံးသည်နှင့် ဝေါ့ဇ်အက တီးလုံးသံမှာ ပျံ့လွင့်လာပြီး လူအုပ်ကြီးမှာ ချက်ခြင်း နှစ်ဖက် ကွဲသွား၏။ အလယ်တွင် နေရာအကျယ်ကြီး သာချန်ထားရစ်လေသည်။

လင်းရီကတော့ တောသားမြို့ရောက် သကဲ့သို့ ပတ်ဝန်းကျင်ကို ကြောင်အစွာဖြင့် ကြည့်လိုက်ပြီး

"ဟိုက်..ဘာလဲဟ...ပြောတော့ ညစာစားပွဲ ဆို..ဘာလို့ ကနေကြတာလဲဟ"

"ညစာစားပွဲဆိုတာက ဒီတိုင်း ရိုးသပ်သပ်ပဲ လေ..လုပ်ရိုးလုပ်စဉ်တွေ အရဆိုရင် အရင် ဆုံး အဖွင့်သီချင်း ကမယ်..ပြီးမှ ပရဟိတ လေလံတင်ပွဲလာမှာ..အဲ့ဒီ လေလံက ရတဲ့ ငွေတွေကိုမှ မျှော်လင့်ခြင်း စီမံကိန်းစီ လှူဒါန်းလိုက်မှာလေ....အနှစ်ချုပ်က အဲ့တာ ပဲ..."

"ဒီတိုင်း ပကာသနတွေပေါ့..."

"ငါလည်း စိတ်ရှုပ်ဖို့ ကောင်းတယ်လို့ ထင်တယ်..ဒါပေမယ့် အထက်တန်းစားတွေကျတော့ ကြိုက်ကြတယ်လေ...မဟုတ်ရင် သူတို့ကိုယ်သူတို့ သာမန်လူတွေနဲ့ ခြားနားတယ်ဆိုပြီး ဘယ်လို သတ်မှတ်ရတော့မှာ..."ကျီချင်းရန် ကူကယ်ရာမဲ့စွာဖြင့် ပြောလိုက်သည်။

အမျိုးသားနှင့် အမျိုးသမီး စုံတွဲတို့မှာ ဝေါ့ဇ်တီးလုံး၏ အောက်တွင် စည်းချက်ကျကျ လှုပ်ရှားနေကြသည်။

အချို့ဆိုလျှင် တစ်ခြားသူများ၏ ဇနီးမိန်းမကို ဖက်ထားကြပြီး အချို့ကတော့ တစ်ခြားသူ၏ လင်ယောကျ်ားကို ပွေ့ဖက်ထားလျက်ကနေကြသည်။ တစ်ချို့ဆိုလျှင် သူတို့သမီး

နှင့် သူတို့ ပြန်တွဲကနေကြ၏။ ထိုအထဲတွင်တော့ ရှုံးသွပ်စွာ ကခန်နေသည့် စုံတွဲလင်မယားနှစ်ယောက်ကိုတော့ လင်းရီအတော်လေး အမြင်ကပ်မိပေသည်။

"ဥက္ကဌကြီး..ကျွန်တော့်မှာ ဥက္ကဌကြီးနဲ့ အတူတွဲကဖို့ အခွင့်အရေးရှိမလားခင်ဗျ..."အသက်သုံးဆယ်အရွယ်ရှိသည့် ထိပ်ပြောင် နေသည့် အမျိုးသားတစ်ဦးမှ ပြောလိုက်သည်။

"စိတ်မကောင်းပါဘူး ကိုယ့်လူ..သူ့မှာကဆိုင်သူ ရှိပြီးသား..."လင်းရီ ကျီချင်းရန် ခါးကို ဖက်ရင်း ပြောလိုက်သည်။

လင်းရီ၏ စကားလုံးများက ကျီချင်းရန်၏ ရင်ထဲတွင် ချိုမြိန်မှုများဖြင့် ပြည့်နှက်သွား စေသည်။

သူသာ ဒီ ပျင်းဖို့ကောင်းတဲ့လူတွေကိုသာ ကူငြင်းပေးမယ်ဆိုရင်တော့ အရမ်းကောင်း မှာပဲ...

**စာစဉ် (၁၇)ပြီး၏။**